စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့



# မြန်မာနိုင်ငံတောင်တန်းဒေသ မြေယာလုပ်ကိုင်ခွင့် လုံခြုံစိတ်ချရမှုအခြေအနေ ခြုံငုံသုံးသပ်ခြင်း

ဖေဖော်ဝါရီ ၂၀၁၁

# မာတိကာ


| | | | |
|---|---|---|---|
| | | မာတိကာဇယား | ဂ |
| | | အတိုကောက်အသုံးအနှုန်းနှင့် ဝေါဟာရမှတ်စု | ဂ |
| | | အကျဉ်းချုပ်ကင်ပြလွှာ | င |
| ၁။ | | ကျောထောက်နောက်ခံအကြောင်းအချက် | ၁ |
| | ၁(၁)။ | ရည်ရွယ်ချက်နှင့် နယ်ပယ်အပိုင်းအခြား | ၁ |
| | ၁(၂)။ | မြန်မာ့ကုန်းမြေမြင့်များ | ၂ |
| | ၁(၃)။ | မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် (အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ယူဆချက်များ) | ၃ |
| ၂။ | | ကုန်းမြေမြင့်ဒေသများ၌ မြေယာရရှိမှုကို ထိခိုက်စေမည့်အလားအလာများ | ၇ |
| | ၂(၁)။ | လူဦးရေတိုးပွားလာခြင်း | ၇ |
| | ၂(၂)။ | ရွှေ့ပြောင်းအခြေစိုက်မှုနှင့် လူဦးရေသိပ်သည်းမှု တိုးပွားလာခြင်း | ၇ |
| | ၂(၃)။ | မြေယာပျက်သုန်းခြင်း | ၈ |
| | ၂(၄)။ | မြေယာခွဲစိတ်ခြင်းနှင့် ဦးပိုင်အရွယ်အစား | ၈ |
| | ၂(၅)။ | လယ်ယာလုပ်ငန်းကို စီးပွားရေးဆန်ဆန်လုပ်ကိုင်လာခြင်း | ၉ |
| | ၂(၆)။ | မြေယာမဲ့သူများနှင့် မြေညံ့မြေဖျင်းများ တိုးပွားလာခြင်း | ၉ |
| | ၂(၇)။ | မြေယာနှင့် မြေယာလုပ်ပိုင်ခွင့်ဆုံးရှုံးသွားသော အသေးစားတောင်သူများအပေါ် ရိုက်ခတ်မှု | ၁၀ |
| ၃။ | | ကုန်းမြင့်ဒေသရှိ စိုက်ပျိုးရေးဂေဟစနစ် | ၁၃ |
| | ၃(၁)။ | အလှည့်ကျမြေလုပ်ခြင်း | ၁၃ |
| | ၃(၂)။ | သစ်တောနှင့် အလှည့်ကျမြေလုပ်ခြင်း | ၁၄ |
| | ၃(၃)။ | ဆက်စပ်ပေါင်းစည်းမှုနှင့် တစ်ပိုင်းတစ်စလုပ်ငန်းများ | ၁၅ |
| | ၃(၄)။ | ဖိအားကို ခံစားလာရသောစနစ်များ | ၁၅ |
| ၄။ | | ထုံးတမ်းစဉ်လာစည်းမျဉ်းများ | ၁၇ |
| | ၄(၁)။ | မျိုးကွဲစုံလင်လှသော လူမှုအဆောက်အအုံနှင့် မြေယာလုပ်ကိုင်ပိုင်ဆိုင်မှုစနစ်များ | ၁၇ |
| | ၄(၂)။ | ချင်းပြည်နယ်မှ ရိုးရာစဉ်လာမြေယာလုပ်ပိုင်ခွင့်စည်းမျဉ်းများ | ၁၈ |
| | ၄(၃)။ | ပြဌာန်းဥပဒေသဖွယ် သဘောထားအပ်သည့် ထုံးတမ်းစဉ်လာဥပဒေ | ၁၉ |
| | ၄(၄)။ | စနစ်အပြောင်းအလဲ | ၂၀ |
| | ၄(၅)။ | ထုံးတမ်းစဉ်လာလုပ်ပိုင်ခွင့်စနစ်နှင့် ပြဌာန်းဥပဒေ၏ လုပ်နည်းလုပ်ဟန်များ | ၂၁ |
| ၅။ | | ပြဌာန်းဥပဒေများ၊ မြေယာနှင့် သစ်တောဥပဒေအကျဉ်းချုပ် | ၂၅ |
| | ၅(၁)။ | ဗြိတိသျှကိုလိုနီခေတ် တစ်ဆင့်ခံအုပ်ချုပ်ရေးနှင့် မြေယာအမျိုးအစားခွဲခြားမှု | ၂၅ |
| | ၅(၂)။ | လွတ်လပ်ရေးခေတ် နိုင်ငံပိုင်မြေယာပြုလုပ်ခြင်း | ၂၆ |
| | ၅(၃)။ | ဆိုရှယ်လစ်ခေတ်၊ ပုဂ္ဂလိကတစ်ဦးချဉ်းသုံးစွဲခွင့်နှင့် ဒွန်တွဲနေသော နိုင်ငံပိုင်လုပ်ငန်း | ၂၇ |
| | ၅(၄)။ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ဈေးကွက်စီးပွားရေးကာလ | ၂၈ |
| | ၅(၅)။ | ပြဌာန်းဥပဒေများအား အနှစ်ချုပ်စီစစ်သုံးသပ်ခြင်း | ၃၀ |
| ၆။ | | အသေးစားတောင်သူများ၏ မြေယာလုပ်ပိုင်ခွင့်နှင့် ဝေါလစီညွှန်ကြားချက်များ | ၃၃ |
| | ၆(၁)။ | ဈေးကွက်စီးပွားရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း | ၃၃ |
| | ၆(၂)။ | ရွှေ့ပြောင်းတောင်ယာစနစ်အပေါ် ထားရှိသော သဘောထားများ | ၃၅ |
| | ၆(၃)။ | မြေအသုံးချရေးစီမံကိန်းနှင့် မြေအမျိုးအစားခွဲခြားခြင်း | ၃၉ |

| | | | |
|---|---|---|---|
| ၇။ | | မြေယာလုပ်ကိုင်ခွင့်လုံခြုံစိတ်ချရေးအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် | ၄၃ |
| | ၇(၁)၊ | စိုက်ပျိုးမြေမှတ်ပုံတင်ခြင်း | ၄၃ |
| | ၇(၂)၊ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများတည်ထောင်ခြင်း | ၄၅ |
| | ၇(၃)၊ | စိန်ခေါ်မှုများ | ၄၇ |
| ၈။ | | တောင်ပေါ်ဒေသလုပ်ကိုင်ခွင့် ခိုင်မာမှုအတွက် မူဘောင်တစ်ခု | ၄၉ |
| ၉။ | | နိဂုံး | ၅၃ |
| | ၉(၁)၊ | အသေးစားတောင်သူနှင့် မြေယာလုပ်ကိုင်ပိုင်ဆိုင်မှု | ၅၃ |
| | ၉(၂)၊ | မြေယာလုပ်ကိုင်ခွင့်လုပ်ငန်းစဉ် | ၅၃ |
| | ၉(၃)၊ | တောင်ယာလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများ | ၅၃ |
| ၁၀။ | | ဆက်လက်ဆွေးနွေးစရာအချက်များ | ၅၅ |
| | | ကျမ်းကိုးစာရင်း | ၆၀ |
| ဇယား | ၁ | ဦးပိုင်အရွယ်အစားအလိုက် အိမ်ထောင်စုအခြေခံဦးပိုင်မြေကွက်အရေအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ | ၈ |
| ဇယား | ၂ | အိမ်ထောင်စုအခြေပြုနှင့် အိမ်ထောင်စုများအခြေမပြုသော ဦးပိုင်အရေအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ | ၉ |
| ဇယား | ၃ | အကြီးစား စီးပွားဖြစ်စိုက်ပျိုးရေးအတွက် မြေယာချထားမှု (၃၁-၁-၂၀၁၀) | ၃၄ |
| ဇယား | ၄ | မြေအမျိုးအစားခွဲခြားရေး အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၄၀ |
| | | ကြေးမုံဘောင်ခတ်မှတ်စု | |
| | | (က) စနစ်အပြောင်းအလဲကို တွေးမျှော်ခြင်း | ၂၂ |
| | | (ခ) ဖြစ်ရပ်မှန်လေ့လာချက်၊ ရှမ်းပြည်နယ်တောင်သူနှင့် ကန်ထရိုက်စိုက်ပျိုးခြင်း | ၃၅ |
| | | (ဂ) မြေယာလုပ်ကိုင်ခွင့်လုံခြုံစိတ်ချရန် တောင်ပေါ်ဒေသ တောင်သူများနှင့် ပူးပေါင်းလုပ်ဆောင်သော NGO အဖွဲ့ပင်တစ်ဦး၏ အတွေ့အကြုံအမျိုးမျိုး | ၄၅ |

## အတိုကောက်အသုံးအနှုန်းနှင့် ဝေါဟာရမှတ်စု (Acronyms and Glossary)

| | |
|---|---|
| အင်စီးအီးအေ<br>(NCEA) | ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်<br>(National Commission for Environmental Affairs) |
| စီအက်ဖ်<br>(CF) | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း<br>(Community Forestry) |
| စီအက်ဖ်စီ<br>(CFC) | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းခွင့်ပြုလက်မှတ်<br>(Community Forestry Certificate) |
| စီအက်ဖ်အိုင်<br>(CFI) | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ<br>(Community Forestry Instructions) |
| ဓားမဦးချ | ပထမဦးဆုံးစတင်မြေရှိင်းထွင် စိုက်ပျိုးသူသည် ထိုမြေကို ပိုင်ဆိုင်သည်ဟု သတ်မှတ်ထားသော ထုံးတမ်းစဉ်လာလုပ်ပိုင်ခွင့်အမျိုးအစား (ရှေးဦးစွန့်ထွင်မှုနှင့် အလားသဏ္ဌာန်တူသည်) |
| စိုက်/စီ<br>(DAP) | စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန (လယ်/ဆည် ဝန်ကြီးဌာန)<br>(Department of Agricultural Planning (under MoAI)) |
| အက်ဖ်အေအို<br>(FAO) | ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့<br>(Food and Agriculture Organization) |
| သစ်တောဌာန<br>(FD) | သစ်တောဦးစီးဌာန<br>(Forest Department) |
| အက်ဖ်အက်စ်ဒဗလျူဂျီ<br>(FSWG) | စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့<br>(Food Security Working Group) |
| အက်ဖ်ယူဂျီ<br>(FUG) | သစ်တောအသုံးပြုသူများအဖွဲ့<br>(Forest Users' Group) |
| ထွေအုပ်<br>(GAD) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>(General Administration Department (currently under Ministry of Planning)) |
| အိုးအိမ်<br>(HH) | အိမ်ထောင်စု<br>(household) |
| လယ်<br>*le* | လယ်ကန်သင်းပြုလုပ်၍ ခရသွင်းပြီး အစိုစိုက်သောစပါးခင်း<br>Myanmar term for an (irrigated) wet rice field |
| မယက<br>(LMC) | မြေယာစီမံခန့်ခွဲရေးကော်မတီ<br>(Land Management Committee) |
| စိုက်ပျိုးရေး<br>(MAS) | မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>(Myanmar Agricultural Service) |
| လယ်/ဆည်<br>(MoAI) | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>(Ministry of Agriculture and Irrigation) |
| အင်ဂျီအို<br>(NGO) | အစိုးရမဟုတ်သောအဖွဲ့အစည်း<br>(Non-governmental organization) |

| | |
|---|---|
| ဦးပိုင် | ကြေးမြေ၏ ကွင်းဆင်းမှတ်တမ်းစာအုပ်နှင့် ကျေးရွာမှတ်ပုံတင်စာရင်း၌ထားရှိသော မြေယာပိုင်ဆိုင်မှုမှတ်တမ်း |
| *(Oo paing)* | (Myanmar term for recording of land holding in the village registry and SLRD field notebook ) |
| မအက(မြို့နယ်) | အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြို့နယ်) |
| (PDC) | (Peace and Development Council) |
| အာအီးဒီဒီ | သစ်တောခုတ်ခြင်းနှင့် သစ်တောပျက်သုန်းခြင်းမှ ဓာတ်ငွေ့ထုတ်လွှင့်မှုများကို လျှော့ချခြင်း မြစ်စဉ် (ယူအင်၏ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တစ်ခု) |
| (REDD) | (Reducing Emissions from Deforestation and Forest Degradation<br>(A UN Collaborative Program)) |
| စော်ဘွား | ရှမ်းပြည်နယ်အကြီးအကဲ (ရှမ်းအခေါ်အဝေါ်ကို မြန်မာဘာသာပြန်ဆိုခြင်း) |
| ***saohpa*** | Shan term for Shan chief of state; *sawbwa* in Burmese transliteration |
| | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| (SLORC) | (State Law and Order Restoration Council) |
| ကြေး/မြေ | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန (လယ်/ဆည် အောက်) |
| (SLRD) | (Settlement and Land Records Department (under MoAI)) |
| | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (SPDC) | (State Peace and Development Council) |
| တောင်ယာ | တောင်စောင်း၊ တောင်ကုန်းများ၌ အလှည့်ကျမြေလုပ်၍ စိုက်ပျိုးထားသောအကွက်ကို ဆိုလိုသည်။ သစ်တောဦးစီးဌာနက တောင်ယာသမားအား သစ်တောထဲတွင် နှစ်ချင်းခံ လယ်ယာသီးနှံကို စိုက်စေ၍ ကျွန်းနှင့် အဖိုးတန်သစ်ဝင်ငယ်များကို ထိန်းသိမ်းစောင့်ရှောက် ပေးစေသည်။ |
| ***taungya*** | Myanmar term for 'hillfield' that refers to both a plot of sloping rotating fallow land and the rotating fallow system. (The term is also used by the Forestry Department to describe a system in which farmers grow annual crops on forest land as they tend teak or other valuable tree seedlings for the Forestry Department.) |
| ယူအင်အိုဒီစီ | ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး |
| (UNODC) | (United Nations Office on Drugs and Crime) |
| ယူအင်ဒီပီ | ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် |
| (UNDP) | (United Nations Development Program) |
| ရအက | ကျေးရွာ/ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| (VPDC) | (Village Peace and Development Council) |
| ရွာအုပ်စု | ကျေးရွာအုပ်စု |
| (VT) | (Village tract ) |
| ဒဗလျူအက်ဖ်ပီ | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| (WFP) | (World Food Programme) |
| ယာ | ကန်သင်းဖွဲ့၍ ရေသွင်းစိုက်ခြင်းမဟုတ်သော အခြောက်စိုက်ခင်း (ဥပမာ - ပြောင်းဖူး၊ နှမ်း၊ ပဲသီးနှံများစိုက်သည့်အခင်း) |
| ***ya*** | Myanmar term which refers to a rainfed (unirrigated) field for annual crops such as corn, sesame (not rice) |

## စာတမ်းအကျဉ်းချုပ်

ဤစာတမ်းသည် တောင်တန်းဒေသအသေးစားတောင်သူများနှင့် စပ်လျဉ်းသောမြေယာလုပ်ကိုင်ခွင့် ဆိုင်ရာအကြောင်းခြင်းရာအပေါ် ခြုံငုံသုံးသပ်ထားပါသည်။ ဤစာတမ်း၏ လက်ငင်းလုပ်ငန်းရည်ရွယ်ချက်မှာ မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာ ပြဿနာရပ်များကို အမျိုးသားအဆင့် ပါဝင်ပတ်သတ်သူအားလုံးအကြား နားလည်မှုကို မျှဝေပေးခြင်အား တိုးမြှင့်ပေးရန်ဖြစ်ပါသည်။ ရေရှည်ရည်ရွယ်ချက်အနေဖြင့် တောင်ပေါ်ဒေသ တောင်ယာလုပ်ကိုင်သူမိသားစုများ၏ မြေယာလုပ်ကိုင်ခွင့်ရယူမှု၊ ဘဝအသက်မွေးဝမ်းကျောင်းမှုနှင့် ဝမ်းစာဖူလုံမှုတို့အတွက် ဖိုမိုတိုးတက်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ ဤစာတမ်းသည် အစိုးရဌာနတာဝန်ခံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပေါ်လစီချမှတ်သူများနှင့် ပေါ်လစီ၏ရိုက်ခတ်သက်ရောက်မှုကို ခံစားသူအားလုံးအတွက် ရည်ရွယ်ရေးသားပါသည်။ ဤစာတမ်းတွင် ကဏ္ဍကြီး (၄)ရပ်ကို လွှမ်းခြုံရေးသားထားပါသည်။ ၎င်းတို့မှာ -
(က) တောင်ပေါ်ဒေသ မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်ဆိုင်ရာ လုံခြုံစိတ်ချရမှုအခြေအနေနှင့် ရှေ့အလားအလာ။
(ခ) မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်ဆိုင်ရာ လုံခြုံစိတ်ချရမှုကို ထိန်းကျောင်းနေသည့် ဥပဒေစည်းမျဉ်း မူဘောင်များ
(ဂ) မြေယာရရှိမှုသေချာရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်
(ဃ) သာနာညီမျှမှုနှင့် ထိရောက်မှုတို့ရရှိစေရေးအတွက် ရှေ့ဆက်လက်ပြီးဆင်ခြင်သုံးသပ်ပေးရန် အချက်များတို့ ဖြစ်ပါသည်။

တောင်တန်းဒေသတွင် အပြောင်းအလဲများ ဖြစ်ပေါ်ရာတွင် လူဦးရေတိုးပွားလာခြင်း၊ တောင်ပေါ်ရွာများကို ရွှေ့ပြောင်း၍ တစ်နေရာတည်း၌ စုစည်းနေရာချထားခြင်း၊ စိုက်ပျိုးမြေများခွဲခြမ်းစိတ်ဖြာခံရ၍ မြေယာအဆင့်အတန်းကျဆင်းလာခြင်းနှင့် အသေးစားလယ်သမားများ မြေယာလက်လွှတ်ဆုံးရှုံးမှုများလာခြင်းနှင့် မြေမဲ့ယာမဲ့ဦးရေတိုးပွားလာခြင်းတို့ဖြစ်ပါသည်။ အသေးစားတောင်သူများအတွက် မြေယာရပိုင်ခွင့် လျော့နည်းလာသောအခါ ဘုံသဝ်တောအရင်းအမြစ်များ ဆုတ်ယုတ်ပျက်ပြားလာခြင်း၊ အလုပ်လက်မဲ့ဦးရေတိုးပွားလာခြင်း၊ ဒေသကိုစွန့်ခွာ၍ ပြင်ပသို့အလုပ်အကိုင်ရှာဖွေမှုများလာခြင်းများမှတစ်ဆင့် ဒေသတွင်းနေထိုင်သူများအတွက် ဝမ်းစာမဖူလုံမှုဆီသို့ ရှေ့ရှုဦးတည်သွားခဲ့ပါသည်။

တောင်ပေါ်ဒေသ၏ စိုက်ပျိုးရေးဂေဟစနစ်သည် ကွဲပြားခြားနားမှုများလှကာ အထူးရှုပ်ထွေး၍ ရွှေ့လျောပြောင်းလဲတတ်သော သဘောကိုဆောင်နေပါသည်။ ထုံးတမ်းစဉ်လာမြေယာလုပ်ကိုင်ခွင့် စည်းမျဉ်းမူဘောင်များသည် စိုက်ပျိုးရေးဝေဟစနစ်၏ အဆိုပါမျိုးကွဲစုံလင်မှုနှင့် ရှုပ်ထွေးမှုတို့ကို ထင်ဟပ်နေပါသည်။ ဒေသစိုက်ပျိုးရေးစနစ်ကို ပံ့ပိုးဖြည့်ဆည်းပေးရေးအတွက် ဖြစ်ပေါ်ဖွံ့ဖြိုးလာသော ထုံးတမ်းစဉ်လာမြေယာလုပ်ကိုင်ခွင့်ပုံစံများသည်လည်း အရပ်ဒေသလူမှုအသိုက်အအုံများ သို့မဟုတ် လူမှုစည်းကမ်းများက ကျားကန်ပေးလိုက်ပါသည်။ ကျေးရွာလူကြီးသူမအကြီးအကဲများက ဦးစီးဦးဆောင်ပြုထားသော ဒေသခံလူအစုအဖွဲ့များက ၎င်းပုံစံများကို စီမံဆောင်ရွက်သွားပါသည်။ အငြင်းပွားမှု အမှုအခင်းများဖြစ်လျှင်လည်း ဒေသထုံးစံများဖြင့် ဖြေရှင်းဆောင်ရွက် သွားကြသော နည်းစဉ်များလည်း ပေါ်ပေါက်လာပါသည်။ စိုက်ပျိုးလုပ်ကိုင်မှုစနစ်နှင့် ၎င်းကိုအားပြုနေသော မြေယာလုပ်ကိုင်ခွင့်စည်းမျဉ်းမူဘောင်များသည် အချိန်နှင့်အမျှ လှုပ်ရှားပြောင်းလဲနေပါသည်။

မြန်မာနိုင်ငံတွင် မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသော ပြဋ္ဌာန်းဥပဒေများ ဖွံ့ဖြိုးတိုးတက်လာမှုကို သမိုင်းခေတ်လေးခေတ်ပိုင်းခြား၍ သုံးသပ်ထားပါသည်။ ဗြိတိသျှကိုလိုနီခေတ် (၁၈၂၄ မှ ၁၉၄၈ အထိ)၊ လွတ်လပ်ရေးခေတ် ပြည်ထောင်စုအစိုးရကာလ (၁၉၄၈ မှ ၁၉၆၂ အထိ)၊ ဆိုရှယ်လစ်ခေတ်(၁၉၆၂မှ ၁၉၈၈အထိ)၊ နှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ခေတ်/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ် (၁၉၈၈ မှ ယနေ့အထိ) ကာလတို့ကို သုံးသပ်ထားပါသည်။ ဤဥပဒေများကို အကျဉ်းချုပ်သုံးသပ်ရာတွင် သမိုင်းခေတ်ကာလအလိုက် ပေါ်လစီများပြောင်းလွှဲခဲ့သော်လည်း ပြဋ္ဌာန်းဥပဒေများသည် မြစ်ဝကျွန်းပေါ်နှင့် မြေပြန့်ဒေသများတွင် ပေါက်ကွဲလာသောဖြစ်ရပ်များအပေါ် တုန့်ပြန်သည့်အနေဖြင့်သာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး တောင်တန်းဒေသတွင်မူ ထုံးတမ်းစဉ်လာမြေယာဥပဒေများက စိုးမိုးတည်ရှိခဲ့ပါသည်။ အကျိုးဆက်အားဖြင့် တောင်တန်းဒေသမြေယာလုပ်ပိုင်ခွင့်၏ ဥပဒေမူဘောင်များသည့် မြေပြန့်ဒေသစိုက်ပျိုးရေးစနစ်၏ သဘောလက္ခဏာများကို အပြည့်အဝဖော်ဆောင်ထားခြင်း မရှိကြောင်း တွေ့ခဲ့ရပါသည်။

ယခုအခါ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါသည်။ မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဆိုသော်လည်း အဆိုပါပြဋ္ဌာန်းဥပဒေအောက်တွင် စိုက်ပျိုးသူများသည် ထိုမြေယာကို လုပ်ကိုင်ခွင့်နှင့် မြေယာပေါ်မှ အကျိုးမြတ်ကိုခံစားပိုင်ခွင့်ရရှိကြပေသည်။ ဈေးကွက်စီးပွားစနစ်သို့ ပြောင်းလာသောအခါ တောင်ပေါ်ဒေသ၏ အသေးစားတောင်ယာလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများ ဆောင်ကြဉ်းလာသလို စိုက်ပျိုးနိုင်သောမြေယာများကို အကြီးစားစီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းရှင်များသို့ ချထားပေးလာသောအခါ တိုးပွားလာသည်သော ဤမြစ်စဉ်များသည် အသေးစားတောင်သူများအတွက် ခြိမ်းခြောက်မှုများအသွင် ပေါ်ပေါက်လာပါသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် မြေယာသည် တန်ဖိုးတစ်ခုဖြစ်ပေါ်လာနေသောအချိန်တွင် တောင်ယာ လုပ်ကိုင်သူများအနေနှင့် မြေယာလုပ်ကိုင်ခွင့်အာမခံချက်အလုံအလောက်မရှိခြင်း၊ အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ကုမ္ပဏီများကို ချထားပေးခြင်းကိစ္စရပ်တို့ကို ဆောင်ရွက်ရာတွင် ထုံးတမ်းစဉ်လာ ရရှိလာသော မြေယာ၏ ဈေးကွက်တန်ဖိုး

ကို သတ်မှတ်ထားသော လုပ်ငန်းစဉ်များအပြည့်အဝမရှိခြင်း၊ မြေယာကို မှတ်ပုံတင်နိုင်ခြင်းနှင့် မြေယာပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်းတို့အတွက် ရင်းနှီးမြှုပ်နှံမှုအလုံအလောက်မရှိခြင်း၊ စသည့်အခြေအနေအရပ်ရပ်တို့တွင် အသေးစားတောင်သူများသည် ရရှိထားသောမြေယာကို ဆုံးရှုံးနိုင်မှု အခြေအနေများ ဆိုက်ရောက်လာနိုင်ပါသည်။

ထို့ပြင်တစ်ဝါး ဈေးကွက်စီးပွားရေးဝနစ်၏ လုပ်ရှားပြောင်းလဲမှုများအရ ရွှေ့ပြောင်းတောင်ယာစနစ်ကို အပြီးတိုင် ဖျက်သိမ်းရေးပေါ်လစီကို အကောင်အထည်ဖော်မည်ဆိုပါက အသေးစားတောင်သူတို့၏ မြေယာရရှိနိုင်မှုအပေါ် မရည်ရွယ်သောဆိုးကျိုးများပေါ်ပေါက်လာစေနိုင်ပါသည်။ တောင်ပေါ်ဒေသစိုက်ပျိုးရေးစနစ်ကို အမြဲတမ်းစိုက်ကွက်အဖြစ် ပြောင်းလဲပေးလိုသည့် ရည်ရွယ်ချက်သည် အခြေအနေတော်တော်များများတွင် အထောက်အကူပြုနိုင်သော်လည်း ထိုပေါ်လစီကို အကောင်အထည်ဖော်ခြင်းသည် တောင်ပေါ်ဒေသမြေယာလုပ် ပိုင်ခွင့်လုံခြုံမှုကို ပျက်ပြားစေနိုင်ပါသည်။ အဆိုပါ အမြဲတမ်းစိုက်ကွက်စနစ်သည် အရပ်ဒေသ၏ ထူးခြားသော ရေ့ကြောင်းနောက်ကြောင်းများအရ တောင်ပေါ်ဒေသ၏ ရှုပ်ထွေးသော စိုက်ပျိုးရေးစနစ်အတွက် ရေရှည်တည်တန့်၍ ထုတ်လုပ်မှုကိုတိုးတက်စေသော အကောင်းဆုံးနည်းလမ်းလည်း ဖြစ်ချင်မှဖြစ်ပေမည်။ တိုးတက်ဖွံ့ဖြိုးသော မြေယာစနစ်နှင့် စိုက်ပျိုးနည်းပညာတိုးချဲ့ရေးစနစ်ကောင်းများရှိနေပါလျှင်နှင့် ရေရှည်တည်တန့်၍ အလှည့်ကျ မြေလုပ်စနစ်ကို အားပေးသင့်ပါသည်။ လက်ရှိမြေအသုံးချရေးမူဘောင်နှင့် မြေအမျိုးအစားခွဲခြားမှုစနစ်များသည် တောင်ပေါ်ဒေသမြေယာလုပ်ပိုင်ခွင့်လုံခြုံမှုနှင့် အလုံးစုံကျယ်ပြန့်၍ တစ်လုံးတစ်စည်းသော မြေအသုံးချရေးစီမံကိန်းဖြစ်ပေါ်ရေးအတွက် အဟန့်အတားရှိနေဆဲဖြစ်ပါသည်။

တောင်ပေါ်ဒေသအသေးစားတောင်သူများအတွက် လက်ရှိမြေယာမှတ်ပုံတင်ခြင်းနည်းလမ်းနှစ်ခုရှိပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးမြေအဖြစ် အမျိုးအစားခွဲခြားထားသော မြေယာမှတ်ပုံတင်ခြင်းကို ကိုင်တွယ်စီရင်ပါသည်။ သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောမြေအဖြစ် သတ်မှတ်ထားသော မြေပေါ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များမှတစ်ဆင့် မြေယာမှတ်ပုံတင်ပေးပါသည်။ ဤလုပ်ငန်းစဉ်နှစ်ခုစလုံးသည် တောင်ပေါ်ဒေသကို ကျင့်သုံးရာ၌ အားနည်းချက် အားသာချက်များရှိပါသည်။ နည်းစဉ်တစ်ခုစီသည် စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ သစ်တောမြေအတွက်ဖြစ်စေ၊ တစ်ခုစီအတွက်သာ အကျုံးဝင်၍ ထိုနည်းစဉ်နှစ်ခုစလုံးကို ပေါင်းစပ်၍ တောင်ပေါ်ဒေသတွင် ကျင့်သုံးနေသည့် အလှည့်ကျလုပ်မြေစနစ်ကို ထောက်ပံ့ပေးမည် သင့်လျော်သောမြေယာလုပ်ကိုင်ခွင့်ကို မပေးနိုင်ပေ။

တောင်ပေါ်ဒေသမြေယာလုပ်ကိုင်ခွင့်ကို ထောက်ပံ့ပေးနိုင်မည့် ပေါ်လစီမူဘောင်တစ်ခုကို ပြင်ဆင်ရေးဆွဲရာတွင် စိုက်ပျိုးရေးနှင့် သစ်တောအတွက် မြေအသုံးချခြင်းကို အလှည့်ပေးဆောင်ရွက်နိုင်သော အခြေအနေကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် ရိုးရှင်း၍ ပုံစံတစ်ကျဖြောင့်မတ်ထားရန် လိုပါသည်။ ဤလုပ်ပိုင်ခွင့် ပေါ်လစီမူဘောင်ကို တိုင်းပြည်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် လက်ရှိဂေဟစနစ်များကို အခြေခံစဉ်းစား၍ အလုံးစုံကျယ်ပြန့်သော မြေအသုံးချရေးပေါ်လစီတစ်ခုဖြစ် ထောက်ပံ့ကျားကန်ပေးရန် လိုပါသည်။ ဤပေါ်လစီမူဘောင်များကို ထောက်ခံပေးသော အဆိုပါမြေအသုံးချရေးစီမံကိန်းသည်လည်း ဒေသခံပြည်သူများဖြင့် ပူးပေါင်းအပြေရှာ ရေးဆွဲထားခြင်းဖြစ်ပြီး အကျုံးဝင်သောဝန်ကြီးဌာနအားလုံး နီးနီးစပ်စပ် ပူးပေါင်းပါဝင်ရန်လည်း လိုအပ်ပါသည်။

ဤစာတမ်းသည် အချက်သုံးချက်ဖြင့် တိုတိုတုတ်တုတ်နိဂုံးချုပ်ထားပါသည်။

၁။ တောင်ပေါ်ဒေသအသေးစားတောင်သူများ၏ မြေယာလုပ်ကိုင်ခွင့်သည် ခြိမ်းခြောက်မှုများကို ကြုံတွေ့နေရပါသည်။

၂။ လက်ရှိမြေယာလုပ်ပိုင်ခွင့် လုပ်ငန်းစဉ်များသည် အတိုင်းအတာတစ်ခုထိ အကျိုးဖြစ်ထွန်းပါသည်။ ၎င်းကို ဆက်လက်တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်လိုပါသည်။

၃။ ဈေးကွက်စီးပွားရေးစနစ်ကပေးလာသော အခွင့်အရေးများကို တောင်ပေါ်ဒေသအသေးစားတောင်သူများက အပြည့်အဝ အကျိုးခံစားခွင့် မရရှိသေးပါ။

နိဂုံးချုပ်အားဖြင့် ဤစာတမ်းသည် အသေးစားတောင်သူများ မြေယာရရှိ၍ ဈေးကွက်စီးပွားစနစ်ထဲသို့ အလိုက်သင့်ဝင်ရောက်သွားနိုင်ရေးကို အားပေးနိုင်သည့် အပြုသဘောဆောင်သော ရှေ့သို့တိုးတက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် ဆက်လက်ဆွေးနွေးနိုင်ရန် စဉ်းစားစရာအချက်အလက်များကို ဖော်ထုတ်ထားပါသည်။

## ၃(ခ)။ ရှေ့ဆက်၍ ဆင်ခြင်သုံးသပ်ပေးရန်အချက်များ

အလားအလာကောင်းများဆီ ဦးတည်လုပ်ရှားနိုင်ရန် ဆွေးနွေးတိုင်ပင်အပ်သော အချက်များနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**၁။ ဘက်ပေါင်းစုံမှ ပါဝင်ပတ်သက်သည့် အဖွဲ့အစည်းများအားလုံး စုပေါင်းဆောင်ရွက် လာနိုင်ရေးနှင့် စဉ်လျဉ်း၍**

- အစိုးရဌာန၊ ပုဂ္ဂလိက၊ ဒေသခံအစုအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ပတ်သက်သူအားလုံး ထိတွေ့နှီးနှောဖလှယ်သော အစီအစဉ်များမှတစ်ဆင့် သတင်းအချက်အလက်များ မျှဝေခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း။

- တောင်ယာစိုက်ပျိုးသူများကိုယ်တိုင် ဒူးတိုက်ဆွေးနွေးပွဲများနှင့် ဆက်စပ်ပက်သက်သူအပေါင်း၏ နှီးနှောပွဲများ၌ ပါပင်လာစေပြီး ပေါင်းစပ်လာနိုင်မှုတို့ တိုးမြင့်ပေးခြင်း၊
- တိုင်းရင်းသား လူမျိုးစုတို၏ ဓလေ့ထုံးတမ်းစဉ်လာ မြေယာအုပ်ချုပ်စီမံခန့်ခွဲမှု လုပ်ငန်းများတွင် ဒေသန္တရ နည်းပညာနှင့် တောင်သူ၏ ကိုကွင်ကြံဆမှုများကို စီးပွားရေးအရ တန်ဖိုးတားပေးခြင်းအပြင် တိုင်းရင်းသားလူမျိုးစုများ၏ တောင်ယာရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့ထိုလည်း တန်ဖိုးထား ထိန်းသိမ်းပေးခြင်း။

## ၂။ ပေါ်လစီနှင့် စင်လျဉ်း၍

- အောက်ခြေအဆင့်မှစ၍ ပါဂင်ပတ်သက်သူများသည် အပေါ်သို့အဆင့်ဆင့်ကတ်ကာ သတ်ဆိုင်ရာဂန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အကည်ဖော်ရေးဆွဲမြင်းမြင့် ရှင်းလင်းပြီး ကျယ်ပြန့်စုံလင်သော မြေအသုံးချရေး မူဝါဒများ ထွတ်ပေါ်တောရေး။
- လက်ရှိမြေယာ လုပ်ပိုင်ခွင့်လုပ်ငန်းစဉ်များကို အလွယ်တကူချဉ်းကပ်နိုင်စေ၍ သာနာညီမှုမှ ပိုမိုကောင်းမွန်လာရန် တည့်မက်တိန်းတျောင်းပေးခြင်း၊
- ထုံးထမ်းစဉ်လာမြေယာစနစ်နှင့် အလှည့်ကျမြေလုပ်ပေးခြင်းကို စိုက်ပျုံးနည်းစနစ်တစ်ခုအဖြစ် ထောက်ခံအထည်ပြုပေးနိုင်ရန်နှင့် အရပ်ဒေသနှင့် လျော်ညီစွာဖြန့်ကျက်လင်ဆောင်ရသော တောင်ယာစနစ်တို ထောက်ပံ့မှုရနိုင်ရန် မြေယာလုပ်ပိုင်ခွင့် လုပ်ငန်းစဉ်နှင့် မူသောင်သစ်များ ချမှက်ခြင်း၊
  တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေကို တျယ်တျယ်မြန့်ပြန့် အသုံးချလာစေခြင်းနှင့် အခိုင်အမာမြုပေးမြင်း၊
- မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု လုပ်ပိုင်ခွင့်များဆိုင်ရာ ညွှန်ကြားချက်များ၏ အကျိုး သက်ရောတ်မှုများနှင့် ရိုက်ခတ်ချက်များကို မြန်လည်သုံးသပ်ခြင်း။

## ၃။ NGO (အစိုးရမဟုတ်သော အဖွဲ့အစည်းများ) ၏ လုပ်ရပ်နှင့် စပ်လျဉ်း၍

- တောင်ကန်းဒေသရှိ စားပတ်နေမှုဖူလုံရေးစီမံကိန်းများထဲသို့ မြေယာလုပ်ပိုင်ခွင့်အရေးကိစ္စများကို ဘည့်သွင်းဆောင်ရွက်မြင်း၊
- မြေယာလုပ်ပိုင်ခွင့် ဓလေ့စည်းမျဉ်းများနှင့် စိုက်ပျိုးရေးနည်းလမ်းများသည် သာနာညီမှုမရှိစေ၍ ထောင်သူကိုယ်တိုင်ကြံဆပါဂင်လာသော အစီအစဉ်များချမှတ်လာနိုင်စေမြင်း၊ တောင်သူများကိုယ်တိုင်တင်ပြသည့် ဆန်းသစ်တီထွင်မှုများအပေါ် အမြေခံ၍ဆောင်ရက်မြင်း။

## ၄။ ပုဂ္ဂလိက ကဏ္ဍနှင့် စပ်လျဉ်း၍

- ကစ်ဖက်မစီးပွားရေးကွက်ကိန်းနှင့် ကိုက်ညီပြီး ကစ်ဖက်ကလည်း ဒသေးစားကောင်သူများကို မြင့်ကင်ပေးနိုင်သော နည်းလမ်းများဖြင့် လယ်ယာတဏ္ဍကို ဂင်ရောက်လာစေမြင်း၊
- ပုဂ္ဂလိက ကဏ္ဍနှင့် ပတ်သက်သော ထိန်းကျောင်းမြင်းအစီအမံများကို ခိုင်ခံ့စေခြင်း။

## ၅။ စဉ်ဆတ်မပြတ် သင်လူမြင်း

- ဆက်စပ်ပတ်သက်သူအပေါင်းကို တွဲဖက်ခေါ်ယူသော လုပ်ငန်းစဉ်များနှင့် လက်တွေ့သကေသနများမှ တစ်ဆင့် တောင်ယာလင်သူများနှင့် အကျိုးပြုနိုင်မည့် အလားအလာများကို ထောက်ပံ့ကူညီပေးနိုင်ရန် နှင့် အခြေအနေတို နက်နက်ရှိုင်းရှိုင်းဆက်စပ်နားလည်လာအောင် ကြိုးပမ်းခြင်း၊
- စဉ်ဆက်မပြတ် သင်လူရေးအတွက် ရေ့မြေးစီမံကိန်းများကို အကောင်အထည်ဖော်ခြင်း။

မြေယာလုပ်ကိုင်ခွင့် ခိုင်မာသေချာသော အာမခံချက်နှင့် သွင်းအားစုရင်းနှီးမြုပ်နှံမှုတို့ ရယူနိုင်ခြင်းမှ တစ်ဆင့် တောင်ပေါ်ဒေသ တောင်ယာလုပ်ကိုင်သူများအပါအဂင် အသေးစားတောင်သူလယ်သမားများသည် မြန်မာနိုင်ငံ၏ စိုတ်ပျိုးရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးမြစ်ပေါ်လာရေး ပန်းတိုင်သို့ ရောက်ရှိလာနိုင်အောင် အဓိပ္ပာယ်ရှိရှိစွမ်းဆောင်၍ အကောင်အတည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပေသည်။



# ၁ ကျောထောက်နောက်ခံ အကြောင်းအချက်

## ၁(၁)။ ရည်ရွယ်ချက်နှင့် နယ်ပယ်အပိုင်းခြား

စားနပ်ရိက္ခာဖူလုံမှု ပူပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG) အဖွဲ့တွင်ပါဝင်သည့် အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်နေကြသော တောင်တန်းဒေသလူထုအတွက် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်စနစ်သည် အရေးကြီးစဉ်းစားစရာ ဖြစ်နေပါသည်။ တောင်တန်းဒေသ အချို့အရပ်တွင် တောင်သူများအပို့ ယနေ့ရင်ဆိုင်နေရသောပြဿနာမှာ မြေယာများ လက်လွတ်ဆုံးရှုံးလာခြင်းပင်ဖြစ်ပါသည်။ မြေယာအသုံးပြုခွင့် ထိခိုက်လျော့နည်းလာခြင်းသည် ဆင်းရဲမွဲတေမှုသို့ တွန်းပို့လိုက်နိုင်စေပါသည်။ မြေယာလုပ်ပိုင်ခွင့်တည်ငြိမ်မှုကို ပျက်ပြားစေသော အကြောင်းရင်းများ အမျိုးမျိုးဖြစ်ပေါ်နေပါသည်။ လူဦးရေကဏ္ဍတွင် လူဦးရေတိုးပွားလာခြင်းနှင့် လူနေထူထပ် သိပ်သည်းလာခြင်းကြောင့် မြေယာလုပ်ကွက်များ ခွဲခြမ်းစိတ်ဖြာခံရသည်။ ဥပဒေပြုစည်းမျဉ်းမူဘောင်များမှနေ၍ မီးရိုးဖလာလုပ်ကိုင်နေသော မြေယာကွက်များပေါ် ကျူးကျော်လာမြင်းရှိသလို ပြဌာန်းထားသော ဥပဒေမူဘောင်များသည်လည်း ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့် စနစ်အပေါ် အလေးဂရုပြုမှု အားနည်းလှပါသည်။

ကုန်းမြင့်ဒေသသည် အနိမ့်ပိုင်းအရပ်ဒေသတို့နှင့် ဝထဝိဝင်နှင့် မြေမျက်နှာသွင်ပြင်အရကွာခြားသည့်အပြင် လူမှုအနေအထားနှင့် ယဉ်ကျေးမှုဓလေ့တွင်လည်း ကိုယ်ပိုင်ဟန်များ သီးခြားစီရှိကြသည်။ အတိုင်းအတာတစ်ခုထိ ဥပဒေထုံးတမ်းမူဘောင်အချို့ ကွဲလွဲနိုင်ပါသည်။ မြေယာနှင့်သက်ဆိုင်သော ဖြစ်စဉ်အချို့သည် အနိမ့်ပိုင်းလွင်ပြင်၊ မြစ်ဝကျွန်းပေါ်နှင့် တောင်ပေါ်ဒေသတို့တွင် ယေဘုယျတူညီမှုရှိသော်လည်း တောင်ပေါ်ဒေသ၏ အချို့မြေယာကိစ္စများမှာ ကျိုးကြောင်းဆက်နွယ်မှု သီးခြားစီရှိသည်။ ယင်းမြေယာ ပြဿနာကို အမြေရှာရန် ချဉ်းတပ်ရမည့် နည်းလမ်းများကိုလည်း တောင်ပေါ်ဒေသအတွက် သီးသန့်စဉ်းစားသွားသင့်ပါသည်။ ဤအကြောင်းအချက်များကြောင့် ယခုစာတမ်းတစ်ခုလုံးသည် မြန်မာနိုင်ငံ၏ တောင်တန်းဒေသကိုသာ ဦးတည်ရေးသားထားပါသည်။ ထိုဒေသကို အချို့စာပုဒ်များ၌ ကုန်းမြင့်ဒေသ သို့မဟုတ် တောင်ပေါ်ဒေသဟုခေါ်ပေါ် သုံးနှုန်းလျှင်လည်း ဤစာတမ်း၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်ပါသည်။

ဤစာတမ်း၏ ရည်ရွယ်ချက်သည် (၁) မြန်မာနိုင်ငံတောင်တန်းဒေသ၏ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် အကြောင်းကိစ္စများကို ပါပင်ပတ်သက်သူ ပုဂ္ဂိုလ်အပေါင်းအား နားလည်မှုကို မျှဝေပေးကာ ပိုမိုသဘောပေါက် သိမြင်လာရန် (၂) ယင်းသို့ သဘောပေါက် သိမြင်လာခြင်းဖြင့် တောင်ပေါ်သား အသေးစားတောင်သူမိသားစုတို့အတွက် မြေယာလုပိုင်ခွင့် လုံခြုံမှုပိုမိုကောင်းမွန်ရေး အလားအလာကောင်းများကို ကြံဆရှာဖွေနိုင်ရန်နှင့် (၃) အဆုံးတွင် ၎င်းတို့၏ ပမ်းစာဖူလုံမှုနှင့် သက်မွေးဝမ်းကျောင်းမှုအတွက် အမြေအနေကောင်းများ ဖြစ်ထွန်းလာစေရန်တို့ ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် တောင်ပေါ်ဒေသ မြေယာလုပ်ပိုင်ခွင့် ပိုမိုခိုင်မြဲလာစေရေးကိုရှေ့ရှု၍ ရေတိုရေရှည်စီမံကိန်းများချမှတ်နိုင်ရန် အတွက် ပဏာမအကြံပြုကင်ပြထားပါသည်။ ဤအစီရင်ခံစာသည် အစိုးရအဖွဲ့အစည်းများ၊ တောင်တန်းဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြသော အစိုးရမဟုတ်သည့် အဖွဲ့စည်းများ၊ ပေါ်လစီရေးဆွဲသူများနှင့် ပေါ်လစီဖေါ်ဆောင်မှု၏ သက်ရောက်မှုကို ခံစားရသူအားလုံးအတွက် အသုံးပင်ပါလိမ့်မည်။ ဤဆွေးနွေးချက်များသည် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့များကို ဦးတည်၍ တင်ပြထားလင့်ကစား၊ ပုဂ္ဂလိကကဏ္ဍအတွက်လည်း ဤအရေးကိစ္စများကို ပိုမိုနားလည်လာကြခြင်းဖြင့် တောင်ပေါ်သားနှင့် တောင်ပေါ် ဒေသပန်းကျင်တစ်ခွင် ရေရှည်တည်တန့်ပြီး သာနာညီမျှမှု ပိုမိုကောင်းအောင် ဆောင်ရွက်လာနိုင်စေကာ အကျိုးအမြတ် ပွားများနိုင်မည် ဖြစ်ဝေသည်။

တောင်ပေါ်ဒေသပြဿနာသည် တစ်မျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် သက်ရောက်ရိုက်ခတ် နိုင်စွမ်းရှိသဖြင့် ထိုဒေသ၏ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်ပြဿနာကို မည်ကဲ့သို့ ထိထိမိမိထိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို နားလည်မှုများ ဖလှယ်ပေးနိုင်ပါက သက်ဆိုင်သူ ပုဂ္ဂိုလ်အားလုံးအတွက် အကျိုးထျေးဇူးများရရှိနိုင်ပါသည်။ တောင်ပေါ်ဒေသ အသေးစားတောင်သူများ၏ မြေယာလုပ်ပိုင်ခွင့် မလုံခြုံမှုများ မြစ်ပေါ်နိုင်ပါလျှင် အမျိုးသားထုတစ်ရပ်လုံး၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို ပေါက်မြောက်စေရေးအတွက် အသေးစားတောင်သူတို့ထံမှ လိုအပ်သော လုပ်အားစွမ်းပကားများ ဆုံးရှုံးနိုင်သလိုနှင့် ကုန်ထုတ်လုပ်မှု အရင်းအမြစ်များကို ထုတ်နုတ် သုံးစွဲပေးနိုင်မည့် အခွင့်အရေးများလည်း လက်လွတ်သွားနိုင်ပါသည်။

**ဤစာတမ်းသည် အောက်ပါအချက် ၅ ချက်ကို တင်ပြထားပါသည်။**

၁။ မြန်မာနိုင်ငံတောင်တန်းဒေသ၏ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့် လုံခြုံမှု လက်ရှိအခြေအနေနှင့် ရှေ့အလားအလာ၊

၂။ တောင်တန်းဒေသ မြေယာပိုင်ဆိုင်လုပိုင်ခွင့်လုံခြုံမှုကို ထိန်းကျောင်းပေးသော စည်းမျဉ်းမူဘောင်များ (ထုံးတမ်းစဉ်လာ အဖွဲ့အစည်းများ၊ မြဌာန်းထားသောဥပဒေများ၊ အစိုးရ၏ ပေါ်လစီများပါဝင်ပါသည်)နှင့် ထိုအဖွဲ့အစည်းများက တောင်ပေါ်သားတို့၏ မြေယာလုပ်ပိုင်ခွင့် ထိခြုံမှုအပေါ် မည်ကဲ့သို့ တိုက်ရိုက် သက်ရောက်မှုရှိနေပုံ၊

၃။ တောင်ပေါ်သားတို့ မြေယာထိရရှိမှု ခိုင်မာသေချာစေ၍ ဆက်လက်ထုပ်ကိုင် ထိမ်းသိမ်းထားနိုင်ရေးအတွက် ဖြစ်နိုင်သော နည်းလမ်းများ၊

၄။ မြန်မာနိုင်ငံတောင်ပေါ်ဒေသ တောင်ယာပိသားစု၏ မြေယာလုပ်ပိုင်ခွင့် သာနာညီမျှမှုနှင့်လုံခြုံခိုင်မာမှုကို ထိထိရောက်ရောက် တိုးမြှင့်နိုင်ရေးနှင့် အန္တိမဦးတည်ရာ စားနပ်ရိက္ခာဖူလုံရေးတို့အတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များ၊

ဤအစီရင်ခံစာကို အတိုင်ပင်ခံတစ်ဦးက ပြုစုရေးသားခဲ့ရာတွင် တစ်ဦးချင်းစီကို အင်တာဗျူးတွေ့ဆုံ မေးမြန်းခြင်း၊ စားနပ်ရိက္ခာဖူလုံမှုပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (FSWG) ၏ အဖွဲ့ဝင်များနှင့် တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ဆွေးနွေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များကို တွေ့ဆုံနှီးနှောခြင်း၊ စာပေအကိုးအကားနှင့် အစီရင်ခံစာများကို လေ့လာသုံးသပ်ခြင်း၊ ယခင် အစီရင်ခံစာများနှင့် FSWG အတွက် ၂၀၀၈ ခုနှစ်က တင်ပြခဲ့သော မြေယာဥပဒေဆန်းစစ်ချက်များကို လေ့လာခြင်း စသည်တို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဤအစီရင်ခံစာသည် FSWG အဖွဲ့တွင် တောင်ယာလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများနှင့် ကိုယ်တိုင် တောင်ဝေါ်သားများဖြစ်ကြသော အဖွဲ့ဝင်များ၏ စုစည်းပေါင်းစပ်ထားသော အတွေးအမြင်များနှင့် သတင်းအချက်အလက်များကို အခြေပြုထားပါသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ တောင်တန်းဒေသဆိုင်ရာ ထုံးတမ်းစဥ်လာ မြေယာစနစ်အကြောင်း သီးသန့်လေ့လာချက်များမရှိသလောက် အထူးနည်းပါးလှသဖြင့် ဤအကြောင်းအရာကိစ္စရပ်ကို ရှေ့ဆက်ပြီး အသေးစိတ်လေ့လာရန် လိုအပ်ပါသည်။ အဆိုပါလေ့လာချက်များသည် တောင်ယာလုပ်ကိုင်သူများကို ထုတ်လုပ်မှုတိုးတက်စေ၍ ရေရှည်တည်တန့်သော စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေကာ စားနပ်ရိက္ခာဖူလုံမှုကို ခိုင်မာသေချာစေမည် ဖြစ်ပါသည်။

## ၁(၂)။မြန်မာ့ကုန်းမြေမြင့်များ

တောင်ကုန်း၊ တောင်တန်းများသည် မြန်မာနိုင်ငံ၏ ကုန်းမြေမြင့်အပိုင်းအခြားများအဖြစ် ဟိမဝန္တာတောင်ကုန်း တောင်တန်းကြီး၏ အရှေ့တောင်ဖက်အရပ်ရှိ မြန်မာနိုင်ငံအလယ်ပိုင်းလွင်ပြင်နှင့် မြစ်ဝှမ်းတို့ကို ပတ်ခြားဝိုင်းရံကာ တည်ရှိပါသည်။ ကုန်းမြေမြင့် (upland) ဆိုသည်ကို မြန်မာစကား၌ သတ်သတ်မှတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပေ၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၁၀၀၀) ကျော်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါလျှင် ကုန်းမြေမြင့်တို့သည် နိုင်ငံတစ်ဝှမ်း၏ ၆၆% သော မြို့နယ်များအပေါ် လွှမ်းခြုံထား၍ နိုင်ငံ၏ ၄၂% သော လူဦးရေ အဝေါင်း မီတင်းနေထိုင်ရာ ဖြစ်ပါသည်[1]။ ပြည်နယ်အားလုံးနှင့် တိုင်းဒေသကြီးများ၏ အစိတ်အပိုင်းတော်တော်များများကို ကုန်းမြေမြင့်ဒေသများက လွှမ်းမိုးထား၍ နေထိုင်ကြသောလူမျိုးစုတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း စသည်တို့ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ၏ ကုန်းမြင့်ဒေသများမှာ လူမျိုးစုများအားဖြင့်လည်း အထူးတစ်လည်ပင် ထွေပြားများမြောင် လှပါသည်။ သီးခြား ဘာသာစကားများနှင့် ဒေသိသယစကားများမှာ တစ်နေရာတစ်မျိုးတွေ့နိုင်၍ ဆွေမျိုးစုများနှင့် ဆွေမျိုးစုထဲက အစုငယ်များ အလိုက်ဓလေ့ထုံးစံနှင့် လူမှုအသိုက်အအုံအဖွဲ့ကို စုံလင်စွာတွေ့နိုင်ပါသည်။ ၁၉၀၀ ခုနှစ် အစောပိုင်းကိုလိုနီခေတ် သန်းခေါင်စာရင်းအရ ဘာသာစကားနှင့် ဒေသိသယ စကားပေါင်း ၁၃၅ မျိုးကို မှတ်တမ်းတင်ထားခဲ့ရာ[2] ထိုမှတ်တမ်းအတိုင်းပင် ယနေ့မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုအရေအတွက်ကို ခန့်မှန်းရာ ၌လည်း အသုံးပြုနေဆဲဟု ယူဆရပါသည်။ ၂၀၀၀ ခုနှစ်တွင် တောင်ပေါ်ဒေသ စုစုပေါင်းလူဦးရေမှာ ၂၀ သန်းဟု ရေတွက်ခန့်မှန်းကြပါသည်။ နှစ်စဥ်လူဦးရေ ၂% နှုန်းတိုးပွားသည်ဟုဆိုလျှင် ၂၀၁၀ ခုနှစ်၏ တောင်ပေါ်ဒေသလူဦးရေမှာ ၂၅. ၆ သန်းရှိမည် ဖြစ်ပါသည်။

စီးပွားရေးအားဖြင့် တောင်ပေါ်ဒေသသည် ပမ်းစားရှာဖွေနေသော ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးသူများသာ အများအပြားရှိနေ၍ ၎င်းတို့မှာလည်း စားနပ်ရိက္ခာ မဖူလုံကြပါ။ ၂၀၀၅ ခုနှစ် အာဟာရဓာတ် စစ်တမ်း[3] တစ်ခုအရ လားရှိုးနယ်တွင် အသက် ၅ နှစ်အောက် ကလေးငယ်အားလုံး၏ ၄၀. ၆% ၊ ကိုးကန့်၌ ၆၁. ၈%၊ ဝနယ်တွင် ၅၇. ၇% ရှိသော ရှမ်းအရှေ့မြောက် တောင်ပေါ်ဒေသ၏ ကလေးငယ်များသည်ကြီးထွားမှု လွန်စွာနှေးကွေးနေကြပါသည်။ UNDP ၏ စစ်တမ်းတစ်ခုတွင်[4] ချင်းပြည်နယ်ရှိ ကျေးလက်လူဦးရေ ထက်ပက်နီးပါးသည် စားနပ်ရိက္ခာကျပ်တည်းနေကြပြီး ရှမ်းမြောက်၏ ၂၂% နှင့် ရှမ်းအရှေ့၏ ၂၃ % သော ကျေးလက်လူထုမှာ အလားတူပင် စားပတ်နေရေး ကျပ်တည်းနေကြပါသည်။ ဤပမာဏသည် တစ်နိုင်ငံလုံး လူဦးရေ အတိုင်းအတာအရပျမ်းမျှ ၁၀% အထိဝင် ရှိနေပါသည်။ ၂၀၁၀ ခုနှစ်တွင် WFP ၏ တွေ့ရှိချက်အရ ကိုးကန့်ဒေသ နေရာအချို့တွင် ၆၄% သော အိမ်ထောင်စုများသည် စားနပ်ရိက္ခာ မလုံလောက်ကြကြောင်း ၂၂% သော အိမ်ထောင်စုများမှာ စားနပ်ရိက္ခာအထူးပင် ပြတ်လပ်ချို့တဲ့နေကြကြောင်း သိရပါသည်။[5] ကိုးကန့်ဒေသနှင့်အလားတူ တောင်ပေါ်ဒေသအချို့နေရာများသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တွင်ကျယ်နေဆဲဖြစ်ရာ အိမ်ထောင်စုများ၏ အသက်မွေးပမ်းကျောင်း ရပ်တည်မှုအပေါ် အဆိုးရော အကောင်းပါ ဒွန်တွဲ သက်ရောက်လျက်ရှိပါသည်။ ထိုဒေသတော်တော်များများမှာ တိုင်းပြည်၏ သဘာဝနေအရင်းအမြစ်များဖြစ်သည့် ကျောက်မျက်ရတနာ နှင့် သတ္တုမိုင်းတွင်းများ၊ အဖိုးတန်သစ်မာနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်စွမ်းရှိသော မြစ်ချောင်းများအပြင် ရော်ဘာ၊ လက်ဖက်၊ ကော်ဖီနှင့် သစ်သီးပလံပင်များ စိုက်ပျိုးနိုင်သော ရေမြေအခြေအနေများနှင့် ပြည့်လျှံပေါကြွယ်ပနေပါသည်။ သို့စင်လျက် အိမ်ထောင်စုများ၏ အသက်မွေးပမ်းကျောင်းမှု အခြေအနေညွှန်ပြကိန်းများမှာ အဆိုးဘက်သို့ပြနေဆဲ ဖြစ်ပါသည်။

လွန်ခဲ့သော အနှစ် ၆၀ ကျော်ကတည်းက တောင်တန်းဒေသသည် လက်နက်ကိုင် သောင်းကျန်းသူများနှင့် ပစ်ခတ်တိုက်ခိုက်မှုများအောက်တွင် ကျရောက်နေခဲ့ပါသည်။ ၁၉၄၈ ခုနှစ် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ရေးရချိန်ကတည်းက အဆိုပါအုပ်စုများမှာ ပြည်နယ်ခွဲထွက်ရေးနှင့် ဖက်ဒရယ်မှုကို လွတ်လပ်စွာထူထောင်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြရာ ယခုအခါ အချို့သော သောင်းကျန်း အုပ်စုများမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အဝစ်အခတ်ရပ်စဲရေး၊ သဘောတူညီချက်ကို ရယူလာကြပြီ ဖြစ်ပါသည်။ သို့ရာတွင် ပြန်မာ့အရှေ့တောင်ဘက်ခြမ်းတွင် လက်နက်ကိုင်ပဋိပက္ခအချို့ ကြွင်းကျန်နေဆဲရှိဝါသည်။ ယခုကဲ့သို့ လက်နက်ကိုင် ပဋိပက္ခများသည်

---

၁။ NCEA (၂၀၀၆)၊ စာ - ၃၂-၃၃

၂။ Steinberg (၂၀၀၁)၊ စာ - ၁၈၂

၃။ WFPနှင့် အမျိုးသားအာဟာရဗိမာန် (၂၀၀၅)

၄။ UNDP (၂၀၀၇)

၅။ WFP (၂၀၁၀)

သမိုင်းကြောင်းတစ်လျှောက် သက်ဆိုးရှည်နေခဲ့ရာ ရှုပ်ထွေးလှသော အဖွဲ့အစည်း မူဘောင်တစ်ခုစီသို့ ရွေ့ရှူနေပေကာ ထိုမူဘောင်အတွင်း လက်နက်ကိုင်အုပ်စုအမျိုးမျိုးသည် တောင်ပေါ်ဒေသလူထုနှင့် သဘာဝအရင်းအမြစ်တို့ကို ထိန်းချုပ်နိုင်ရေးအတွက် အားပြိုင်နေကြပါသည်။ FAO ၏ လေ့လာချက်တစ်ခုတွင် ပဋိပက္ခများကြောင့် လယ်ယာမြေအိုးအိမ်နှင့် လယ်လုပ်ကိရိယာများစသည့် စားဝတ်နေရေးအသက်မွေးဝမ်းမပိုင် ပစ္စည်းအများအပြား ဆုံးရှုံးပျက်စီးစေခဲ့သည့်အပြင် လူမအဖွဲ့အစည်း၏ လူမရေးမဏ္ဍိုင်များပါ ပြိုလဲလာကာ ဒေသခံလူအများမှာစားနပ်ရိက္ခာကို အတည်တကျ ထုတ်လုပ်အားစိုက်နိုင်မှအတွက် ယုံကြည်မှုများပင် ပျက်ပြားလာခဲ့သည့်အထိ လူသားအရင်းအမြစ်များ ထိခိုက်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ အက်ဖ်အေအို[၆] ၏ လေ့လာချက်အရ လူသားတန်ဖိုးကို ပြန်လည်ပျိုးထောင်နိုင်ရေး၊ အထူးသဖြင့် အနာဂတ်အတွက် အကြံအစည်ကောင်းများ ချမှတ်ရေးနှင့် စိတ်ဓာတ်မြှင့်တင်ရေးကိစ္စတို့မှာ အခက်အခဲဆုံးလုပ်ငန်းပင်ဖြစ်လာကြောင်း အလေးအနက် ထောက်ပြခဲ့ပါသည်။

တောင်ပေါ်ဒေသများမှာ နယ်စပ်စည်းမျဉ်းများတစ်လျှောက် စည်းရိုးပေါက်များရှိနေပေရာ လူမျိုးစုများသည် နယ်စပ်ကို ဖြတ်ကျော်ကာ ဟိမဝန္တာတောင်တန်းစနှင့် တောင်ခြေအောက်ရှိ ဘင်္ဂလားဒေ့၊ အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံ အိမ်နီးချင်းနိုင်ငံများ၏ နေရာအနှံ့တွင် ပျံ့နှံ့နေထိုင်နေကြပါသည်။ တစ်ဖက်နိုင်ငံရှိ လူမျိုးစုများနှင့် သွေးခြင်းရောနှော၍ ဆွေမျိုးအုပ်စုပင်များ ဖြစ်နေကြသည်လည်း ရှိပါသည်။ ဒေသကြီးအတွင်း စီးပွားရေးအရှိန်အဟုန် ကျယ်ပြန့်လာမှုသည်လည်း နယ်စပ်ကိုဖြတ်ကျော်၍ လူအပေါင်းနှင့် ကုန်ပစ္စည်းများ ရွေ့ပြောင်းလုပ်ရှားမှုကို သိသိသာသာ ရိုက်ခတ်စေခဲ့ပါသည်။

## ၁(၃)။ မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့် (အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ယူဆချက်များ)

မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ဓလေ့ထုံးတမ်းစဉ်လာအရ အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ လူတစ်ဦးချင်း သို့မဟုတ် လူအုပ်စုများအကြား မြေယာနှင့် ပတ်သက်သော ဆက်ဆံရေးပင်ဖြစ်သည်ဟု ရိုးရှင်းစွာဆိုရပါမည်[၇]။ ပိုင်ဆိုင်လုပ်ပိုင်ခွင့်ဥပဒေများတွင် လုပ်ပိုင်ခွင့်၊ စီရင်ထိန်းချုပ်ပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်စသော အသုံးပြုခွင့်များကို မည်သို့မည်ပုံ ချမှတ်ထားပေး၍ မည်သို့သော တာပန်ယူမှုများ ရှိရမည်ကို သတ်မှတ်ထားသော အချက်များပါတတ်သည်။ အချုပ်အားဖြင့် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်စနစ်ဆိုသည်မှာ မည်သူသည် မည်သည့် အရင်းအမြစ်များကို ကာလမည်မျှအကြာထိ မည်သို့သောအခြေအနေ သတ်မှတ်ချက်များဖြင့် အသုံးပြုနိုင်သည် ဆိုခြင်းကို သတ်မှတ်ပေးထားခြင်း ဖြစ်ပါသည်။

မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်သည် အတည်တကျဖြစ်လာသော စနစ်တစ်ခုဖြစ်သည်။ အဓိပ္ပါယ်မှာ လူတို့၏ အပြုအမူကို ထိန်းကျောင်းပေးရန် လူ့အဖွဲ့အစည်းက စည်းမျဉ်းတီထွင်ချမှတ်ပေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်ဆိုင်ရာ စည်းမျဉ်းဘောင်သတ် အဖွဲ့အစည်းသည် စည်းမျဉ်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်များသာမက လူမရေးစနစ်နှင့် ကတိကပတ်များ၊ မလေ့ထုံးတမ်းလာ သို့မဟုတ် နိုင်ငံတော်က ထုတ်ပြန်ထားသော ပဋိညာဉ်ဖြင့် ကျားကန်ပေးထားခြင်းဖြစ်ပေရာ ယင်းတို့အားလုံးက မြေယာအသုံးပြုခွင့်ကို စိုးမိုးထားပါသည်။

ပစ္စည်းပိုင်ဆိုင်ခွင့်ကို အောက်ပါအတိုင်း အတန်းအစားခွဲထားပါသည်[၈]။

လုပ်ပိုင်ခွင့် ။ ။ မြေယာကို အသုံးချခွင့်ဖြစ်သည်။ ဥပမာ - သီးနှံစိုက်ပျိုးခြင်း၊ ကျွဲ၊ နွား လွှတ်ကျောင်းခြင်း၊ သစ်တောသစ်ပင်များမှ ဘေးထွက်ပစ္စည်းများကို ထုတ်ယူခြင်း။

စီရင်ထိန်းချုပ်ပိုင်ခွင့် ။ ။ မြေယာကို မည်သို့အသုံးပြုမည်ကို ဆုံးဖြတ်ချက်ချပိုင်ခွင့် ဖြစ်သည်။ မည်သည့်သီးနှံကို စိုက်မည်၊ ထိုသီးနှံရောင်းချခြင်းဖြင့် မည်သို့အကျိုးအမြတ်ရနိုင်မည်စသည်တို့ကို ဆုံးဖြတ်ရွေးချယ်ခွင့်ရခြင်း ဖြစ်သည်။

လွှဲပြောင်းပိုင်ခွင့် ။ ။ မြေယာကို ရောင်းချခွင့်၊ ပေါင်နှံခွင့် ဖြစ်သည်။ မြေယာကို ရပ်ကွက်လူစုအတွင်းရှိ အခြားတစ်ဦးသို့ ပြန်လည်ချထားရန် လွှဲပြောင်းခြင်း၊ အမွေခံသို့ မြေယာအမွေဆက်ခံ လွှဲပြောင်းပေးခြင်း၊ လုပ်ပိုင်ခွင့်နှင့် စီရင်ပိုင်ခွင့်ကို ပြန်ထည့်ခွဲဝေပေးခြင်းတို့ဖြစ်သည်။

လက်တွေ့ဖြစ်စဉ်တွင် တောင်သူများသည် လုပ်ပိုင်ခွင့်ကို အခွင့်အရေးတစ်ခုချင်းလွှာ၍ ကျင့်သုံးတတ်သည်။ မြေယာတစ်ကွက်ကို ထစ်စိတ်ခြင်း၊ ထစ်ပိုင်းခြင်း ခွဲစိတ်ကျင့်သုံးပုံမှာ ပါးစည်းတစ်ခုကိုယူသုံးပုံနှင့် အလားသဏ္ဌာန်တူသည်[၉]။ ထိုအစည်းတစ်ခုမှ ဝါးတစ်ချောင်းချင်း၊ သစ်တစ်ချောင်းချင်းကို လူအမျိုးမျိုးက လိုသလိုထုတ်နုတ်သုံးသကဲ့သို့ မြေယာကိုလည်း နည်းပေါင်းစုံရယူ၍ ရာသီကာလအမျိုးမျိုးအတွက် ကိုင်တွယ်သုံးစွဲတတ်ပါသည်။ ဥပမာ-မြေယာတစ်ကွက်အတွင်းရှိ သစ်ပင်မှ သစ်သီး၊ သစ်ရွက်၊ သစ်ခေါက်၊ ထင်းခြောက်တို့ကို အသုံးပြုသူတစ်စုက ကောက်ယူခွင့်ရှိသလို အခြားတစ်စုက ရွေ့အုပ်စု၏ လုပ်ပိုင်ခွင့်မျိုးမရှိသော်လည်း ကွင်းထဲ၌ ကျွဲ၊ နွားချကျောင်းခွင့်ကို ရယူဆောင်ရွက်ကြပေမည်။

ဓလေ့ထုံးတမ်းဥပဒေကို ဒေသခံတိုင်းရင်းသားအစုအဖွဲ့နှင့် ဒွန်တွဲတွေ့ရလေ့ရှိသည်။ မှတ်တမ်းတင် ရေးသားထားခြင်း မရှိသော ရပ်ရွာမလေ့စည်းမျဉ်းများအရ စီမံဆောင်ရွက်သော ဥပဒေဖြစ်ပါသည်။ ဥပဒေ၏ တရားပင်မှုကို ရှေးပပေသဏ်ကတည်းက ဤအတိုင်းကျင့်သုံးခဲ့သည်ဟူသော အဆိုပေါ် အခြေခံလိုက်သည်[၁၀]။

---

၆။ Steinberg, B., (၁၉၉၈)၊ စာ - ၄၀-၄၂

၇။ FAO (၂၀၀၂)၊ စာ - ၇

၈။ FAO (၂၀၀၂)၊ စာ - ၁၀

၉။ FAO (၂၀၀၂)၊ စာ - ၄၄

၁၀။ Cotula (၂၀၀၇)၊ စာ - ၀၀

ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေမှာ ကိုလိုနီခေတ်ကာလက စတင်သွတ်သွင်းလာသောစနစ်ဖြစ်၍ နိုင်ငံတော်က သတ်မှတ်ထားသော ဥပဒေစိုးမိုးရေးအောက်တွင် တစ်နိုင်ငံလုံးအပေါ် ချမှတ်သော ဥပဒေများဖြစ်သည်[၁၁]။

ဤအစီရင်ခံစာတွင် (ရိုးရာအစဉ်အလာ) ဟူသောစကားရပ်ကို (ဓလေ့ထုံးတမ်း) နှင့် တစ်လှည့်စီ ခေါ်ဝေါ် သုံးနှုန်းမှုများ ရှိနိုင်ပါသည်။ ဓလေ့ထုံးတမ်းလာ မြေယာလုပ်ပိုင်ခွင့်သည်လည်း စည်းမျဉ်းဘောင်သတ်အတည်တကျ စုဖွဲ့မှုတစ်ခုဖြစ်လာ၍ လုပ်ငန်းဆောင်တာများကို ဓလေ့ထုံးတမ်းဥပဒေ သို့မဟုတ် ရိုးရာအစဉ်အလာ နည်းလမ်းအောက်တွင် ချမှတ်ကျင့်သုံးကြခြင်း ဖြစ်ပါသည်။

မြန်မာ့တောင်တန်းဒေသတွင် ဓလေ့ထုံးတမ်းပိုင်ဆိုင်ခွင့် စည်းမျဉ်းဘောင်တို့သည် ပထဝီဝင်သွင်ပြင်နှင့် အရပ်ဒေသကို လိုက်၍လည်းကောင်း၊ လူမျိုးစုတို့ ဆက်စပ်ပေါင်းစည်းမှုကြောင့်လည်းကောင်း၊ လူမှုရေးမဏ္ဍိုင်ကိုလိုက်၍လည်းကောင်း၊ လုပ်ပိုင်ခွင့် အပေါ် ရိုက်ခတ်သက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ပြောင်းလွဲခြင်းသဘောကို ဆောင်လာတတ်သည်။ ဥပမာအားဖြင့် မြေယာကို တစ်ရွာလုံးက စုပေါင်းပိုင်ဆိုင်၍ ရာသီအလိုက်သုံးစွဲခွင့်ကို နှစ်စဉ်ခွဲဝေချထားခြင်းလည်း ရှိနိုင်သည်။ တစ်နေရာတွင်မူ မြေယာကို အိမ်ထောင်စုတစ်ခုခြင်းအလိုက် ပိုင်ဆိုင်၍ မြေယာအသုံးချပိုင်ခွင့်သည် လုံးဝဥသုံ လွှဲပြောင်းပိုင်ခွင့်ရှိတတ်သည်။ တစ်ဖန်အချို့ရွာများ၌ မြေယာကို စုပေါင်းပိုင်ဆိုင်မှုရှိသလို အချို့ကို တစ်ဦးချင်း ပိုင်ဆိုင်မှုလည်းရှိသည်။ စားကျက်ကွင်း၊ သစ်တော၊ လုပ်မြေနှင့် သီးနှံလက်ရှိမြေယာများအပေါ် စည်းကမ်းတစ်မျိုးစီ သတ်မှတ်ကျင့်သုံးတတ်ပါသည်။ မြေယာအသုံးချပိုင်ခွင့်၊ စီရင်ပိုင်ခွင့်၊ အကျိုးအမြတ်နှင့် မြေယာကို လွှဲပြောင်းပိုင်ခွင့်တို့နှင့် စပ်လျဉ်းသော လုပ်ပိုင်ခွင့်သဘောတူညီချက်များသည် ရာသီအလိုက်ပြောင်းလဲ သတ်မှတ်တတ်သလို စုပေါင်းဆုံးဖြတ် လုပ်ကိုင်မှုမှသည် ပုဂ္ဂလတစ်ဦးချင်းနှင့်ဆိုင်သော အမွေဆက်ခံမှုပြုနိုင်သည့် အခြေအနေမျိုးကိုလည်း တွေ့နိုင်ပါသည်။ (အခန်း ၄ နှင့် ၅ တွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်။)

ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းထားသော ဥပဒေသည် ဓလေ့ထုံးတမ်းစဉ်လာဥပဒေနှင့် ခြားနားပါသည်။ မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ၏ သတ်မှတ်ချက်အရ ပြဋ္ဌာန်းထားသော ဥပဒေအောက်တွင် မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပါသည်။ သို့ရာတွင် တောင်သူလယ်သမားသည် မြေယာကိုလုပ်ပိုင်ခွင့်နှင့် စီရင်ပိုင်ခွင့်ရှိ၍ လယ်ယာထွက်ကုန်ပေါ်မှ အကျိုး ခံစားခွင့်ရှိသည်။

သို့တစေ အမွေဆက်ခံခြင်းနည်းလမ်းမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဤလုပ်ပိုင်ခွင့်တို လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုနိုင်ပေ။ တစ်နည်းဆိုရလျှင် ဤအခွင့်အလမ်းသည် ဝါးတစ်စည်းတွင် တစ်ချောင်းချင်း လိုသလိုသုံးနိုင်သကဲ့သို့ လယ်ယာကို တစ်ဦးချင်းလုပ်ပိုင်ခွင့်နှင့် စီရင်ခွင့်ရသလို သားစဉ်မြေးဆက်များသို့ လက်ဆင့်ကမ်းနိုင်သည်။ သို့သော် မြေယာကို အပေါင်ခံခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း မပြုနိုင်ပေ။

**မြေယာလုပ်ပိုင်ခွင့် လုံခြုံမှု** ဆိုသည်မှာ လူတစ်ဦး၏ မြေယာပေါ်က အခွင့်အရေးကို သေချာခိုင်မာစေပြီး တစ်စုံတစ်ရာ အပြောင်းအလွဲနှင့် ပဋိပက္ခများ ပေါ်ပေါက်လာသည့်တိုင် ထိုအခွင့်အရေးကို အကာအကွယ်ပေးထားခြင်းဖြစ်ပါသည်[၁၂]။ မြေယာ လုပ်ပိုင်ခွင့် လုံခြုံမှုရှိမရှိကို အောက်ဖော်ပြပါအညွှန်းကိန်းများက ထင်ဟပ်ဖော်ပြပေးနိုင်ပါသည်[၁၃]။

- မြေယာပိုင်ဆိုင်မှု၊ ရယူနိုင်မှု၊ အသုံးချမှု အရေးကိစ္စများတွင် ယောက်ျား၊ မိန်းမနှစ်ဦးစလုံးအတွက် ကြုံတွေ့ရသည့် ဖြစ်ရပ်များ၊ မြေကွက်၏ အရွယ်အစား၊ မြေယာခွဲဝေမှုတွင် သာနာညီမျှမှု၊ မြေယာမဲ့ ဦးရေနှင့် ဆက်နွယ်နေသော ဖြစ်ပေါ်နိုင်ဖွယ်ရာရှိသည့် ရွေ့အလားအလာများ။
- တစ်ဦးချင်းနှင့် ရပ်ရွာလူထုက မြေယာမှတ်ပုံတင်နိုင်ခဲ့သော အချိုးဝေစု၊
- မြေပိုင်ရှင် သို့မဟုတ် ရပ်ရွာလူထုအလိုက် မြေယာမှတ်ပုံတင် ကုန်ကျစရိတ်နှင့် ကြာမြင့်ရသည့်အချိန် ကာလ၊
- ဒေသခံတိုင်းရင်းသားများ တိရစ္ဆာန်မွေးမြူ၍ စားကျက်လှည့်ကျောင်းသူများနှင့် လူနည်းစုများအတွက် အခွင့်အရေး ကာကွယ်ထားရှိမှု အနည်းအများ၊
- မြေယာပဋိပက္ခဖြစ်ပွားခဲ့သော အကြိမ်ပေါင်းနှင့် အတိုင်းအဆ၊
- မြေယာပဋိပက္ခနှင့် အငြင်းပွားမှုကိစ္စများ။ ကိုင်တွယ်ဖြေရှင်းပုံနည်းလမ်းများ ရှိမရှိနှင့် ရှိပါက ထိထိမိမိ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အယူခံတင်နိုင်မှုနည်းလမ်းရှိမရှိ။

ဓလေ့ထုံးတမ်းဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများ သို့မဟုတ် တိုနှစ်မျိုးကြားတွင် နည်းစဉ်တစ်ခုခုဖြင့် အာမခံချက်များပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အခြေခံကျဆုံး အုတ်မြစ်သဖွယ် အရေးကြီးလှပေသည်။ သို့တိုင်ယခုမူ အသေးစားတောင်သူများအတွင်း မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုသည် တျိုးပေါက်ပြိုဂျက်စပြုနေပြီ ဖြစ်ပါသည်။

---

၁၁။ FAO (၂၀၀၂)၊ စာ - ၄၄

၁၂။ FAO (၂၀၀၂)၊ စာ - ၁၈

၁၃။ ဥရောပသမဂ္ဂ (၂၀၀၄) စာ - ၃၄







# ၂ ကုန်းမြင့်ဒေသ၌ မြေယာရရှိမှုကို ထိခိုက်စေမည့်အလားအလာများ

မြန်မာနိုင်ငံ ကုန်းမြင့်ဒေသများတွင် လူဦးရေကိစ္စဆိုင်ရာ အပြောင်းအလဲမှာ စုစုပေါင်း လူဦးရေတိုးလာသလို၊ လူအများ ရွှေ့ပြောင်းမှုလည်း ပိုမိုဖြစ်ပေါ်လာပါသည်။ စီးပွားရေးအပြောင်းအလဲအနေဖြင့် စိုက်ပျိုးရေးကို စီးပွားရေးဆန်ဆန် လုပ်ကိုင်လာကြသောအခါ လုပ်ငန်းကြီးသမားများ လက်ထဲသို့ မြေယာများစုစည်းရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဒွန်တွဲ၍ ဖြစ်ပေါ်လာမှုများမှာ မြေယာများ ခွဲခြမ်းစိတ်ဖြာခံရခြင်း၊ အသေးစား၊ တောင်သူများအတွက် မြေယာရနိုင်မှုလျော့နည်းလာခြင်း၊ မြေမဲ့ယာမဲ့ဦးရေတိုးပွားလာခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်၊ တောင်သူအငယ်စားများအတွက် မြေယာရရှိနိုင်မှုလမ်းကြောင်းကျဉ်းမြောင်းလာသောအခါ ၎င်းအိမ်ထောင်စုတို့သည် ဘဝရပ်တည်ရေးအတွက် နည်းပေါင်းစုံဖြင့် ရုန်းကန်ကျော်လွှားဖို့ ကြိုးစားကြရင်း အိမ်ထောင်စုစီးပွားရေးမှာ နစ်မွန်းကျဆင်းလာကာ ထိုဒေသတစ်ခုလုံး၏ ရေရှည်တည်တန့်သော ဖွံ့ဖြိုးရေးအလားအလာများအပေါ် ဆိုးကျိုးများ သက်ရောက်စေနိုင်ပါသည်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်လာသောအခါ မြေယာအတွက် အပြိုင်အဆိုင်များလာပါသည်။ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တရုတ်နယ်စပ်၌ အလားတူဖြစ်ရပ်များရှိပါသည်။

## ၂။ (၁) လူဦးရေတိုးပွားလာခြင်း

တောင်ပေါ်ဒေသလူဦးရေသည် တစ်နိုင်ငံလုံး၏ တစ်နှစ်ပျမ်းမျှ ၂ ရာနှုန်းခန့်အတိုင်း တိုးပွားနေပါသည်၊ နေရာဒေသအလိုက်မူ အပြောင်းအလဲများပါသည်၊ ၁၉၈၀ မှ ၂၀၀၀ ခုနှစ်အထိ ဆယ်စုနှစ် နှစ်ခုအတွင်း နှစ်စဉ် တိုးနှုန်းမှာ ကယား၌ ၃%၊ ရှမ်း၌ ၂. ၁%၊ ချင်း၌ ၁. ၄%၊ ကချင်၌ ၁. ၃% ဖြစ်၍ ယေဘုယျအားဖြင့် အတက်ဖက်သို့တိုးပွားနေပါသည်[၁၄]၊ လူဦးရေ တိုးနှုန်းအပြောင်းအလွဲမှာ လူဦးရေအနည်းအများရှိသော နေရာအလိုက် ဖြစ်ပေါ်ပါသည်၊ လက်တွေ့အားဖြင့် ဝေးလံခေါင်ဖျားသောဒေသ၌ လူဦးရေမှာ ကျဲပါး၍ အလှည့်ကျ မြေလှုပ်တောင်ယာစနစ်ကို ရေရှည်တည်တန့်စွာ ထိန်းသိမ်းထားနိုင်ပါသည်။ အချို့အရပ်ဒေသတို့၌မူ မြေယာစိုက်ပျိုးရေးစနစ်မှာ သိသာစွာ ပြောင်းလဲသွားပါသည်။ (အသေးစိတ်ကို အပိုင်း -၃၌ကြည့်နိုင်ပါသည်။)

လူဦးရေတိုးနှုန်းကို ဖြစ်ပွားစေသော နောက်တစ်ကြောင်းမှာ မြန်မာနိုင်ငံအောက်ပိုင်းနှင့် နယ်စပ်စည်းမျဉ်း တစ်ဖက်မှ လူအများ ယာယီ (သို့) အတည်တကျ ရွှေ့ပြောင်းလာခြင်းကြောင့် ဖြစ်သည်။ တရားဝင်ကိန်းဂဏန်းများဖြင့် မှတ်တမ်းမတင်နိုင်သော်လည်း ကိုယ်တွေ့ဖြစ်ရပ်များအရ ကုန်းမြင့်ဒေသများ၌ စီးပွားရေးအမြတ်ထုတ်သော စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပေါ်ပေါက်လာခြင်းနှင့် အောက်အရပ်နှင့် အညာကျေးတောဒေသ၌ စီးပွားရေးကျပ်တည်းလာခြင်းတို့ကြောင့် ထိုဒေသများမှ လူအများအပြား မြန်မာပြည်မြောက်ပိုင်းသို့ အလုံးအရင်းနှင့် ရွှေ့ပြောင်းဝင်ရောက်လာသည်ကို သိရပါသည်။ ထို့အပြင် တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှု ကြီးထွားလာသည့် ကာလအတွင်းယူနန်ပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်ဒေသများမှ အလုပ်ရှင်ရော အလုပ်သမားများကပါ ဖြတ်ကျော်လာကာ ယာယီ သို့မဟုတ် အတည်တကျ ကုန်းမြင့်ဒေသတွင် အခြေစိုက်လာကြပါသည်။

## ၂(၂)။ ရွှေ့ပြောင်းအခြေစိုက်မှုနှင့် လူဦးရေသိပ်သည်းမှု တိုးပွားလာခြင်း

လူအများ ရွှေ့ပြောင်းအခြေစိုက်လာခြင်း၊ လူဦးရေထူထပ်သိပ်သည်းလာခြင်းတို့သည် ကုန်းမြင့်ဒေသ၏ မြေယာလုပ်ပိုင်ခွင့်စနစ်အပေါ် ပြင်းထန်စွာ ရိုက်ခတ်လာခဲ့ပါသည်။ လူအများ ရွှေ့ပြောင်းအခြေစိုက်မှုသည် ပဋိပက္ခဖြစ်ပွားခဲ့သော ဆယ်စုနှစ်ကာလကတည်းက အစပြုခဲ့ပါသည်။ သို့ရာတွင် အပစ်အခတ်ရပ်စဲပြီးကာလ၌ ကျေးရွာများကို ပြန့်ကျဲနေရာမှ တစ်နေရာသို့ စုစည်းတည်ထောင်သော ကြိုးပမ်းမှုများကြောင့် ဝေးလံသော ကျေးရွာများသည် အုပ်ချုပ်ပံ့ပိုးမှုများနှင့် လက်လှမ်းမီသောနေရာများသို့ စုစည်းရောက်ရှိလာခဲ့ပါသည်။ ဒေသခံများ၏ ခန့်မှန်းချက်အရ သံလွင်အနောက်ခြမ်း၊ ရှမ်းမြောက်ဒေသရှိ အိမ်ထောင်စုအားလုံး၏ ၇၀ ရာနှုန်းခန့်သည် လွန်ခဲ့သော အနှစ် ၃၀ အတွင်း အနည်းဆုံးတစ်ကြိမ်အထိ ရွှေ့ပြောင်းခံခဲ့ကြရပါသည်။ ကျေးရွာအများစုမှာ ယခုအခါ လမ်းဘေး သို့မဟုတ် မြို့များအနီးတွင် စုစည်းခံရပါသည်။ မတူညီသော လူမျိုးစုများနှင့် ဘာသာစကား အုပ်စုအမျိုးမျိုးသည် ရောပြွမ်းတွဲစပ်ခံရပါသည်။ ပဋိပက္ခများ ပြင်းထန်စွာဖြစ်ပွားနေသော နယ်ပယ်များတွင် ပြန်လည်နေရာချထားမှု ဖြစ်စဉ်များကို ပို၍တွေ့ရပါသည်။

---

၁၄။ NCEA (၂၀၀၆) စာ - ၃၃

ဤရွှေ့ပြောင်းဖြစ်စဉ်များကြောင့် လူဦးရေတူထပိလာသောနေရာဒေသများ၌ မိရိုးဖလာမြေယာကို အလှည့်ကျလုပ်၍ ဆောင်ရွက်သော မြေယာလုပ်ကိုင်မှုအစုအဖွဲ့များမှာ ဘေးကျပ်နံကျပ်တွေ့လာပြီး ပြိုပျက်တော့မည့်အခြေအနေသို့ ကျရောက်လာပါသည်။ ဤဖြစ်ရပ်မှာ သတ်မှတ်မြေယာ အကန့်အသတ်အပေါ် မိခိုသူဦးရေ များပြားလာခြင်းကြောင့်သာမက မြေယာကို စီမံခန့်ခွဲပေးသည့် ရိုးရာလူမှုစနစ်နှင့် ဓလေ့ထုံးမိအစုအဖွဲ့တို့မှာ လျော့ရဲလာခြင်းနှင့် လူမှုလုံခြုံရေးအကာအရံတို့မှာလည်း ကျိုးပေါက်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် လူဦးရေ ကူထပ်လာသည်နှင့်အမျှ မြေယာဦးပိုင်များမှာ အစိတ်စိတ်ပိုင်းခြားခံရကာ အိမ်ထောင်စုများအဖို့ စိုက်ပျိုးလုပ်ကိုင်စားနိုင်သော မြေယာရရှိရန် ကျေးရွာမှ ဝေးလံစွာ သွားရောက်ကြရပါသည်။ မြေညံ့မြေဖျင်း၌ တွယ်ကပ်၍ ဆက်တိုက်စိုက်ပျိုးလုပ်ကိုင်နေခြင်းသည်လည်း မြေဆီလွှာပျက်သုန်းရေးကို ဦးတည်သွားပြန်ပါသည်။

## ၂(၃)။ မြေယာပျက်သုန်းခြင်း

မြန်မာနိုင်ငံ၏ စိုက်ပျိုးနေဆဲ စုစုပေါင်းမြေယာဧရိယာ၏ ဝပ ရာနှုန်းသည် မြေဆီတိုက်စားခံရ၍ မြေဆီလွှာ ပျက်သုန်းနေသည်ဖြစ်ရာ ထိုမြေယာများမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀၀ ကျော်နှင့် အထက်တွင် တည်ရှိ၍ ဆင်ခြေလျှောမှာလည်း အနည်းဆုံး ၁၀ ရာနှုန်းရှိနေသော မြေယာများ ဖြစ်ပါသည်။ ဆိုးဆိုးဝါးဝါး[၁၅] ထိခိုက်ခံရသော ဒေသများတွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ နာဂတောင်တန်းနှင့် ချင်းပြည်နယ်တို့ ပါဝင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်အနေဖြင့် တောင်ပေါ်ဒေသနှင့် မိုးနည်းအညာဒေသတို့ရှိ မြေဆီလွှာတိုက်စားမှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေယာများ ပျက်သုန်းရခြင်း၏ အဓိကအကြောင်းရင်းဟု ယူဆခဲ့ပါသည်။ မြေယာဧရိယာနည်းနည်းပေါ်တွင် လူအများအပြားမှီခိုရလျှင် မြေယာအသုံးချမှု လွန်ကဲလာ၍ အလှည့်ကျမြေလုပ် အနားပေးခြင်းစနစ် ပျက်ပြားကာ မြေယာတိုက်စား ပျက်သုန်းသွားပြီး သီးနှံအထွက် ကျဆင်း လာရပေတော့သည်။

## ၂(၄)။ မြေယာခွဲစိတ်ခြင်းနှင့် ဦးပိုင်အရွယ်အစား

၂၀၀၃ ခုနှစ် မြန်မာနိုင်ငံလယ်ယာ သန်းခေါင်စာရင်း၊ ကောက်ယူရေး စစ်တမ်းအရစုစုပေါင်း အိမ်ထောင်စုဦးပိုင်များ၏ မြေကွက်အရေအတွက်သည် ၁၉၉၃ မှ ၂၀၀၃ ခုနှစ်အထိ ပျမ်းမျှ ၂၂% တိုးတက်ပါသည်။[၁၆] မြေတစ်ကွက်သာပါသော ဦးပိုင်၏အချိုးအစားသည် ၁၉၉၃ခုနှစ်တွင် စုစုပေါင်းဦးပိုင် အရေအတွက်၏ ၄၆%ရှိရာ မှ ၂၀၀၃ ခုနှစ်တွင် ၁၉% သို့ကျဆင်းခဲ့သည်။ ထို့အပြင် ၂၀၀၃ ခုနှစ်တွင် စုစုပေါင်းဦးပိုင် အရေအတွက်၏ ၇၅% သည်မြေကွက် ၂ကွက်မှ ၃ကွက်အထိ ဖွဲ့စည်းပါဝင်ခဲ့ရာ ယခင် ၁၉၉၃ ခုနှစ်ကာလ၌ ထိုအချိုးအစားမှာ ၃၉% သာရှိကြောင်း တွေ့ရပါသည်။ ဤအချက်သည် လုပ်အားစိုက်ထုတ်မှုနှင့် စိုက်ပျိုးရေးနည်းစနစ် ချမှတ်ရာ၌ ထိရောက်တွင်ကျယ်မှုအပေါ် သက်ရောက်နိုင်ကြောင်းသွယ်ဝိုက်၍ ပြဆိုပေသည်။

တစ်ဖန် ဦးဝိုင်အရွယ်အစားအလိုက် ဦးပိုင်အရေအတွက် ပြောင်းလဲမှုကို ဇယား (၁)၌ တွေ့နိုင်ဝါသည်။ ၁၉၉၃ ခုနှစ်တွင် ၁ ဧက အောက်ရှိ ဦးဝိုင်အရေအတွက်သည် ၁၈၇၄၉၄ ရှိရာ ၂၀၀၃ ခုနှစ်တွင် ၄၇၂၁၇၂ ထိ ရောက်ရှိသွားရာ ၁၀ နှစ်အတွင်း ဦးပိုင်အရွယ်အစားငယ်များသည် ၁၅၂% တိုးတက်သွားခဲ့ပါသည်။ တဖန် ဧက ၅၀ နှင့် အတက်ရှိဧရိယာကြီးသော ဦးပိုင်အရေအတွက်သည် ၁၉၉၃ ခုနှစ်တွင် ၁၄၀၆ ရှိရာမှ ၂၀၀၃ ခုနှစ် တွင် ၇၃၆၉ အထိ အရေအတွက်များပြားလာရာ တိုးတက်နှုန်း ၄၂၄% ရှိပေသည်။ စိတ်ဝင်စားစရာ တစ်ချက်မှာ (တောင်ယာလုပ်သူ အိမ်ထောင်စု၏ ဦးပိုင်အရွယ်အစားသည် ပျမ်းမျှခြင်းအားဖြင့် ၁၀ နှစ် ကာလအတွင်း ၁.၈ ဧက မှ ၂.၆ ဧကအထိ ရောက်ရှိလာခဲ့သည်ဟု ဆိုပါသည်[၁၇]။ ပျမ်းမျှခြင်းအားဖြင့် ၄၇% တိုးတက်သည်။ (စိုက်ပျိုးမြေ အမျိုးအစားအားလုံးအတွက် တစ်နိုင်ငံလုံးပေါ်တွင် ဦးပိုင်အရွယ်အစား တိုးနှုန်းသည် ၃% သာ ရှိပါသည်။)

ဇယား - ၁။ ဦးပိုင်အရွယ်အစားအထိုထ် အိမ်ထောင်စုအခြေခံ ဦးပိုင်မြေကွက် အရေအတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ

| စဉ် | ဦးပိုင်အရွယ်အစား | ၁၉၉၃ | % | ၂၀၀၃ | တိုးတက်နှုန်း | % |
|---|---|---|---|---|---|---|
| | ပြည်ထောင်စုချုပ် | ၂၇၂၉၂၅၈ | ၁၀၀ | ၃၃၃၈၁၅၂ | ၁၀၀ | ၂၂ |
| ၁ | ၁ ဧကအောက် | ၁၈၇၄၉၄ | ၇ | ၄၇၁၇၈၂ | ၁၄ | ၁၅၂ |
| ၂ | ၂ဧကမှ ၃ဧကအောက် | ၇၁၃၈၈၅ | ၂၆ | ၇၆၆၄၂၂ | ၂၃ | ၇ |
| ၃ | ၃ဧကမှ ၅ဧကအောက် | ၅၆၁၇၅ | ၂၀ | ၆၃၅၈၀၆ | ၁၉ | ၁၃ |
| ၄ | ၅ဧကမှ ၁၀ဧကအောက် | ၇၅၉၁၂၈ | ၂၈ | ၇၉၆၄၃၉ | ၂၄ | ၅ |
| ၅ | ၁၀ဧကမှ ၂၀ဧကအောက် | ၄၁၃၆၉၅ | ၁၅ | ၅၀၄၄၂၆ | ၁၅ | ၂၂ |
| ၆ | ၂၀ဧကမှ ၁၀ဧကအောက် | ၉၀၉၉၇ | ၃ | ၁၅၇၉၄၅ | ၅ | ၇၄ |
| ၇ | ၅၀ဧကနှင့် အထက် | ၉၈၆ | ၀ | ၅၃၇၂ | ၀ | ၄၄၁ |

ဇစ်မြစ်။ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး အစီအရင်ခံစာ၊ ၂၀ပ၃ (စာ-၃၈)

၁၅။ NCEA and UNDP(၂၀၀၆)၊ စာ - ၃၀-၃၃

၁၆။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ လယ်/ဆည်ပန်ကြီးဌာန၊ ကြေး/မြေ (၂၀ပ၇)၊ စာ-၃၄

၁၇။ မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းက တောင်ယာမြေဆိုသည်မှာ ဆင်ခြေလျှော ၄၅ ဒီဂရီအနည်းဆုံးရှိသော တောင်ပေါ်မှ မြေဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။

## ၂(၅) ။ လယ်ယာလုပ်ငန်းကို စီးပွားရေးဆန်ဆန် လုပ်ကိုင်လာခြင်း။

ဈေးကွက်စီးပွားရေးသို့ ပြောင်းလဲရေးကို အထောက်အပံ့ ဖြစ်နိုင်ရေးအပြင် စိုက်ပျိုးရေးတွန်းကား တိုးတက်စေမည့် အစွမ်းအစများကို မြှင့်တင်ပေးသည့်အနေဖြင့် အစိုးရခန့်ကော်မတီတစ်ရပ်သည် ၁၉၉၁ ခုနှစ်တွင် စီးပွားဖြစ် ခြံစိုက်ကွင်းကျယ်များ ထူထောင်နိုင်ရန်အတွက် ကျယ်ပြောလှသော မြေယာကွက်များစွာကို စတင်ချမှတ်ပေးလာပါသည်။ ၂၀၁၀ ခုနှစ်သို့ရောက်လျှင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ တွင် ကုမ္ပဏီပေါင်း ၂၁၆ ခုသို့ ဧက ၁၇၂၈၂၆၉ ချမှတ်ပေးခဲ့သည်ဟု အစီရင်ခံစာတစ်ခုက ဖော်ပြပါသည်[၁၈]။

အဆိုပါ စိုက်ဧက၏ တစ်ဝက်နီးပါးကို ဆီအုန်းစိုက်ခင်းများ ဖွံ့ဖြိုးရေးအတွက် တနင်္သာရီ၌ ချမှတ်ပေးခဲ့ပြီး ဒုတိယဧရိယာအများဆုံးမှာ ကချင်ပြည်နယ်တွင် ၃၉၃၂၉၂ ဧက အထိချမှတ်ပေးခဲ့ပါသည်။ (အပိုင်း၆ (၁)၊ ဇယား-၃ ကိုရှုပါ)။ ဤဧရိယာမှာ အလျှော့တွက်ဖြင့် ခန့်မှန်းခြင်းဖြစ်၍ အလွတ်သဘောချပေးသည့် မြေဧရိယာများလည်း ထပ်မံရှိနိုင်ပါသေးသည်။ အမြတ်အစွန်းကို ဦးတည်၍ စီးပွားရေးဆန်ဆန်လုပ်ကိုင်မှုမှာ လျင်မြန်စွာကြီးထွားလာရာ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းအရ အိမ်ထောင်စုများကို အခြေမခံသော ဦးပိုင်အရေအတွက်မှာ ယခင် ၁၀နှစ်ကျော်ထက် ၉၀၄% အထိ ယနေ့တိုးပွားလာသည်ကို တွေ့မြင်နိုင်ပါသည်။

ဇယား - ၂။ အိမ်ထောင်စုအခြေပြုနှင့် အိမ်ထောင်စုများ အခြေမပြုသော ဦးပိုင်အရေအတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ

| ဦးပိုင် | ၁၉၉၃ | ၂၀၀၃ | ပြောင်းလဲမှု % |
|---|---|---|---|
| ၁။ မြေယာဦးပိုင်စုစုပေါင်း | ၂၇၂၉၈၂၀ | ၃၃၄၃၇၉၃ | ၂၂ |
| ၁-၁။ အိမ်ထောင်စု အခြေပြုမြေယာဦးပိုင်ပေါင်း | ၁၇၂၉၂၅၈ | ၃၃၃၈၁၅၂ | ၂၂ |
| ၁-၂။ အိမ်ထောင်စုအခြေမပြု မြေယာဦးပိုင်ပေါင်း | ၅၆၂ | ၅၆၄၁ | ၉၀၄ |

ဇစ်မြစ်။ မြန်စာနိုင်ငံလယ်ယာ သန်းခေါင်စာရင်း ကောက်ယူရေး အစီရင်ခံစာ ၂၀၀၃၊ (စာ-၁၉)

စိုက်ပျိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအမြန် တိုးတက်စေလိုသော စေ့ဆော်မှုများဖြင့် နိုင်ငံတော်အစိုးရသည် နေရာအနှံ့ မြေနေရာများချထားပေး၍ စီးပွားရေးဆန်ဆန် စိုက်ပျိုးထုတ်လုပ်စေသော လုပ်ရပ်များမှာလည်း စိုက်ပျိုးမွေးမြူရေးအတွက် သင့်လျော်သည့် လက်ရှိမြေဧက ၁၆ သန်းမှာ အပြည့်စိုက်ပျိုးထားခြင်းမရှိဟု အစိုးရပိုင်က တွက်ချက်ယူဆ၍ ဆောင်ရွက်လိုက်သည်ဟု ဆိုပါသည်[၁၉]။ လက်တွေ့ဖြစ်လာသော အခြေအနေမှာ မြေယာများ ချထားပေးလိုက်သော အရပ်ဒေသအချို့တွင် ဒေသခံရွာသားများသည် "မလေ့ထုံးတမ်းလာ" မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့် ဆုံးရှုံးသွားကြပြီး အချို့ လျော်ကြေးရသူရှိ အချို့ဘာမျှမရနှင့် မူလအခြေအနေသို့ ပြန်မရောက်ကြတော့ချေ။

## ၂(၆)။ မြေမဲ့ယာမဲ့နှင့် မြေညံ့၊ မြေဖျင်း တိုးပွားလာမှု

တောင်တန်းဒေသ၌ မြေရယူမှုခက်ခဲလာခြင်းသည် ဝမ်းစာဖူလုံမှုကို ထိခိုက်လာသော အခြေအနေဆိုးသို့ ဆိုက်ရောက်လာနိုင်စေပါသည်။ ကွင်းဆင်းစစ်တမ်းအချို့ကို နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံမြေယာမဲ့ အိမ်ထောင်စုဦးရေသည် တစ်နိုင်ငံလုံးရှိ ကျေးလက်လူဦးရေ အားလုံး၏ ၃၅% မှ ၅၃% အထိရှိကြောင်း၊ ကုန်းမြင့်ဒေသအတွက်လည်း အလားတူဖြစ်ကြောင်း ခန့်မှန်းကြပါသည်[၂၀]။ တောင်တန်းဒေသတွင်သာမက ဝေးလံသောဒေသ မြို့နယ်အချို့တွင် ၂၀၀၇ ခုနှစ် လေ့လာချက်အရ အိမ်ထောင်စုအားလုံး၏ ၄၄% သည် မြေယာမဲ့များဖြစ်ကြောင်း၊ တွေ့ရှိရပါသည်[၂၁]၊ မြေယာလုပ်ကိုင်ခွင့်ရသော အိမ်ထောင်စုများ၏ လုပ်ကွက်အရွယ်အစားမှာလည်း ၃. ၆ ဧက မှ ၅ ဧကခန့်ထိသာရှိ၍ မြန်မာ့ကျေးလက် အိမ်ထောင်စုတစ်ခုအတွက် ဘဝရပ်တည်နိုင်ရန် အနိမ့်ဆုံးလိုအပ်ချက် ပမာဏမျှသာ ဖြစ်ပါသည်။

ဝေးလံသော တောင်ကုန်းတောင်တန်းဒေသသည် လူနေနည်းပါး၍ မြေယာလည်း အထူးမရှားသော အခြေအနေရှိသော်လည်း မြေယာအဆင့်အတန်း ညံ့ဖျင်းတတ်ပါသည်။ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှု အတွက် လူဦးရေတစ်ဦးကျစီတွင် မြေယာများများ လိုအပ်ပါသည်။ အချို့တောင်ပေါ် အရပ်ဒေသ၌ကျေးရွာများကို ရွှေ့ပြောင်း၍ တစ်နေရာတွင် စုစည်းချထားသောအခါ လူမှုရေးဝန်ဆောင်မှုများကို အလွယ်တကူလက်လှမ်း မီနိုင်သော်လည်း မြေယာရရှိမှုအတွက် အခက်အခဲအကန့်အသတ်များ ရှိနေပါသည်။

---

၁၈။ ကိုက်/စီ (၂၀၁၀)၊ စာ - ၈၂
၁၉။ NCEA (၂၀၀၆)၊ စာ - ၃၀
၂၀။ FAO (၂၀၀၇)၊ စာ - ၄၉
၂၁။ ECODEV (၂၀၀၈)၊ စာ - ၃

## ၂(၇)။ မြေယာနှင့် မြေယာလုပ်ပိုင်ခွင့် ဆုံးရှုံးသွားသော အလေးစားတောင်သူများအပေါ် ရိုက်ခတ်မှု

အထက်ပါဖြစ်ရပ်များနှင့် ပေါင်းစပ်လျက် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းရှင်ကို မြေယာများချပေး လာသောအခါ အိမ်ထောင်စုများ၏ အသက်မွေးပမ်းကျောင်းဘဝမှာ ကျပ်တည်းစပြုလာပါသည်။ မြေယာများ ဆုံးရှုံးလာ၍ ပမ်းစာမလောက်မငြဖြစ်လာပြီး ရှန်းကန်ကျော်လွှားရသော အခြေအနေများမှာ အတိမ်အနက် ကွာနိုင်သော်လည်း နေရာအတော်များများမှာ တစ်ပုံစံတည်းတွေ့ရပါသည်[၂၂]။

ဝမ်းရေးဖူလုံမှုအတွက် မြေယာမရှိသောအခါ တနည်းထွက်ပေါက်မှာ ရပ်ရွာဘုံသစ်တောမှ စားစရာ သို့မဟုတ် ရောင်းစရာရှာဖွေကြရပါသည် သို့မဟုတ် နေ့စားအငှားလိုက်ရန် အလုပ်ရှာကြရပါသည်။ တစ်ရပ် ကစ်နေရာသို့ ယွက်၍ အလင်သွားလုပ်ခြင်းလည်း ရှိပါသည်။ ယာယီသို့မဟုတ် အခြတမ်းတစ်နေရာမှ ကစ်နေရာ နိုင်ငံအတွင်း၊ ရွှေ့ပြောင်းသွားခြင်းရှိထလို နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းခြင်းများလည်း ရှိသည်။ နိုင်ငံအတွင်း ရွှေ့ပြောင်း အလုပ်ရှာရာဟင် ကျောက်စိမ်းတူးခြင်း၊ ရှေကျင်ခြင်း၊ သစ်ခုတ်ခြင်း၊ ကြိမ်ခုတ်ခြင်း၊ ပါးသယ်ခြင်းစသော သဘာဝအရင်းအမြစ်ကစ်ခဲဏိ မီခိုလုပ်ကိုင်လေ့ ရှိပါသည်။ ကျောက်စိမ်းထွင်း၊ မိုင်းထွင်းများနှင့် သစ်ထုတ်လုပ်ရေး စခန်းများသို့ အများအပြားပြောင်းရွှေ့လုပ်ကိုင်ကြသူအပေါင်းမှာ မူးယစ်ဆေးပါးနှင့် HIV ကူးစက်နိုင်မှု အန္တရာယ်များနှင့်လည်း နီးစပ်လှပါသည်။ တရုတ်နယ်စပ်အနီးတောင်ပေါ်ဒေသ၌ ကလေးငယ်များနှင့် အမျိုးသမီးများမှာလည်း လူကုန်ကူးမှုအန္တရာယ်ကို ကြုံတွေ့ရနိုင်ပါသည်[၂၃]။ ယင်းသို့သော အန္တရာယ်များကြားမှ ဝမ်းစာရှာဖွေရသော ထွက်ပေါက်များသည် စီးပွားရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ ပထဝန်းကျင်ထိန်းသိမ်းမှု ရှုထောင့်မှဖြစ်စေ လျော်ကန်သင့်မြတ်မှု မရှိကြပါ။

အဆုံးစွန်အားဖြင့် တောင်ယာလုပ်ကိုင်ရန် မြေယာရှားပါးလာသည်နှင့်အမျှ ထုတ်လုပ်မှုကျဆင်းလာပါသည်။ သီးနှံထွက် ဆုတ်ယုတ်သဖြင့် အလုပ်လက်မဲ့ ဦးရေများပြားလာကာ ပတ်ဝန်းကျင် ပျက်သုန်းမှုလည်း ဖြစ်ဆန်လာ၍ ဝမ်းစာမဖူလုံသူများ ထိုးတွားလာပါတော့သည်။

၂၂။ UNODC (၂၀၀၆)၊ စာ ၃၀-၃၃၊ ဤအစီရင်ခံစာသည် ဘိန်းခင်းများဖျက်ဆီးခံရပြီး ထိခိုက်သော တောင်သူများ၏ ရုန်းကန်ကျော်လွှားခဲ့ရပုံနည်းလမ်းများကို အသေးစိတ်ဖော်ပြထားသော်လည်း မြေယာလက်လွှတ် ဆုံးရှုံးရမှုနှင့် အခြားအန္တရာယ်များကိုကြုံနေရသော အိမ်ထောင်စုများ၏ အိမ်ထောင်စုဘဝရပ်တည်ရေးအတွက် ရုန်းကန်ကျော်လွှားရပုံနှင့် ကစ်သဘောကည်းဖြစ်ပါသည်။

၂၃။ UNIAP (၂၀၀၉)





# ၃ ကုန်းမြင့်ဒေသရှိ ဂေဟစနစ်

ဂေဟစနစ်ဆိုသည်မှာ အပင်နှင့် သက်ရှိသတ္တဝါတို့၏ ရေမြေသဘာဝပတ်ဝန်းကျင်နှင့် အပြန်အလှန် ဆက်နွယ်၍ ဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ်ဟု အဓိပ္ပာယ်ရပါသည်။ မြန်မာ့ကုန်းမြင့်ဒေသ၏ စိုက်ပျိုးရေးဂေဟစနစ်သည် တောင်ကုန်းတောင်တန်းများ၏ ကွဲပြားခြားနားလှသော ပထဝီဝင်အနေအထားနှင့် မြေမျက်နှာသွင်ပြင်ပေါ် မူတည်၍ ဖြစ်ပျက်ပြောင်းလဲတတ်ပါသည်။ ဤဖြစ်စဉ်သည် ထွေပြားခြားနားခြင်း၊ ရောတွေးခြင်းနှင့် ပြောင်းလွယ်ပြင်လွယ်တတ်ခြင်းစသော သဘာဝများရှိပါသည်။ ဂေဟစနစ်မတူအမျိုးမျိုး အဖုံဖုံဖြစ်ကည်နေမှု သည်ပင်လျှင် လူတို့၏စားဝတ်နေမှုအထွက် စိတ်ကြိုက်ရွေးချယ်နိုင်သည် နည်းလမ်းများကွဲလွဲသွားမှုကို ဖြစ်စေပါသည်။ စားဝတ်နေမှုအတွက် လှုပ်ရှားရုန်းကန်မှုနည်းလမ်းအထွေထွေနှင့် သဘာဝအရင်းအမြစ်ကို ထုတ်နုတ် အသုံးချပုံတို့မှာ အရပ်ဒေသကိုထိုက်၍လည်းကောင်း၊ တစ်ရွာလည်းနေအိမ်ထောင်စုအချင်းချင်းမှာ လည်းကောင်း၊ တစ်အိမ်ထောင်ထဲနေ မိသားစုဝင်အချင်းချင်းတွင်လည်းကောင်း ကွဲပြားကြပေရာ ယင်းသို့ ကွဲပြားခြားနားမှုသည် ဝမ်းစာဖူလုံရေးအတွက် သူတစ်မျိုး ငါတစ်ဖုံ တာစန်ကျရာအလိုက် ဆောင်ရွက်ကြရသောကြောင့် ဖြစ်ပါသည်။

တောင်ပေါ်ဒေသရှိ စိုက်ပျိုးရေးဂေဟစနစ်၏ ရိုးရှင်းသောပုံစံတစ်ခုကို အမြင့်ပေအလိုက် အထွာခွဲပြီး ပြသနိုင်ပါသည်။ ကုန်းမြင့်ဒေသသည် မြင့်မားလာပြီး တောင်စောင်းသည် မတ်စောက်လာခဲ့လျှင် (ထိုနှစ်ချက်မှာလည်း ဆက်စပ်မှုရှိတတ်သည်) သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာသည်နှင့်အတူ စိုက်ပျိုးရေးစနစ်သည်း ပြောင်းလဲသွားတတ်သည်။ အနိမ့်ပိုင်းချိုင့်ဝှမ်းလွင်ပြင်နှင့် ကုန်းပြင်မြင့်တို့သည် အတော်အသင့်မြေပြင်ညီဖြစ်တတ်သဖြင့် စိုက်ပျိုးရေးစနစ်မှာ တစ်နှစ်လျှင် သီးနှံတစ်ရာသီ သို့မဟုတ် နှစ်ရာသီအတွင်း လယ်စပါးတို စိုထ်ပျိုးကြပါသည်၊ သို့မဟုတ် နှမ်း၊ ဂျုံ၊ ပဲမျိုးစုံနှင့် ဟင်းသီးတင်းရွက်တို့ကို မိုးကောင်းသောက်သီးနှံအဖြစ် စိုက်ကြပါသည်၊ ကျွဲ၊ နွားဖြင့်ဖြစ်စေ၊ လယ်တွန်စက်ဖြင့်ဖြစ်စေ၊ မြေယာကို စဉ်ဆက်မပြတ် ထွန်ယက်စိုက်ပျိုးကြပါသည်။ ချိုင့်ဝှမ်းလွင်ပြင်မှ တောင်စောင်းပေါ်တက်ထာ၍ ကုန်းမြင့်ဒေသ၏ ခါးလည်လောက်ရောက်လျှင် တောင်ယာစပါးနှင့် ပြောင်းဖူးကို မြေလှုပ်အနားပေးခြင်းနှင့် အလှည့်ပေးပြီး စိုက်ပျိုးကြပါသည်၊ ကျွဲတစ်ကောင်ဖြင့် တယ်ထိုး၍ဖြစ်စေ၊ ဝေါက်တူးပေါက်၍ဖြစ်စေ၊ စူးထိုး၍ဖြစ်စေ၊ မြေဆွစိုက်ပျိုးကြပါသည်။ တို့ထတ်မြင့်မားလာ၍ တောင်စောင်းသည် ပိုမိုမတ်စောက်လာသောအခါ အအေးဒဏ်ခံနိုင်သော ရာသီသီးနှံများဖြစ်သည် ဆတ်၊ ပန်းဂျုံနှင့် နှံစား၊ ပြောင်းတို့ကို ပေါက်တူးပေါက်၍ စိုက်ပျိုးကြပါသည်၊ တောင်ခါးပန်းမနေရာအချို့တွင် အမြဲယမ်း လှေထားထစ်မြေယာများ ဖေါ်ထုတ်၍ နှစ်ချင်းသီးနှံများကိုဖြစ်စေ၊ လက်ဖက်၊ သစ်ကြားသီး၊ တညင်းပင် သို့ထုတ်သစ်တောပင်ကြီးများကို စိုက်ပျိုးထိန်းသိမ်းကြပါသည်။ တောင်စောင်းသည် မတ်စောက်သည်ထက် မတ်စောက်ပြီး မြင့်မားလာသည်နှင့်အမျှ သီးနှံအတွက်လည်း ယုတ်လျော့လာပါသည်။ အဆိုပါအမြင့်ပေအဆင့်ဆင့်နှင့် လူမျိုးစုများ အခြေစိုက်နေတိုင်မှုကိုလည်း ဒွန်တွဲဆက်စပ်၍ တွေ့ရတက်ပါသည်။ ဥပမာအားဖြင့် ရှမ်းတို့သည် တောင်ကြားလွင်ပြင်၌နေပြီး စပါးစိုက်ကြသည်။ ပလောင်က တောင်ပေါ်တက်၍ ထက်ဖက်စိုက်သည်။ ချင်းနှင့် ကချင်တို့က ပြောင်းဖူးနှင့် ဆတ်တို့ကို အမြင့်ပိုင်းပို၍ကျတော တောင်ကုန်း၌ စိုက်ပျိုးတတ်ကြသည်။ ဤပုံစံမှာ စိုက်ပျိုးရေးဓလေ့နှင့် လူမျိုးစုတို့ တည်နေမှုအလိုအရ ယေဘုယျကောက်ချက်ချခြင်းတာဖြစ်ပြီး လက်တွေ့တွင်မူ အမြင့်ပေအလွှာအသီးသီး၌ ရောနှောနေသော ပုံစံမျိုးကိုလည်း တွေ့ရတတ်ပါသည်။

## ၃(၁)။ အလှည့်ကျမြေလှုပ်ခြင်း

ရွှေ့ပြောင်းတောင်ယာစိုက်ခြင်းကို အလှည့်ကျမြေလှုပ်ခြင်း၊ အလှည့်ကျလယ်တောလုပ်ခြင်း၊ အလှည့်ကျ သီးနှံလယ်တော ရောနှောထားခြင်း၊ တောင်ယာခုတ်မီးရှို့ခြင်းနှင့် မြန်မာနိုင်ငံတွင်မူ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းတူ၍ အခေါ်အဝေါ်အမျိုးမျိုးရှိပြီး တောင်ပေါ်ဒေသ၏ ပဓာနစိုက်ပျိုးရေးနည်းလမ်းတစ်ခု ဖြစ်ပါသည်[၂၄]၊ အလွန်ရှေးကျသောကာလကတည်းက ဥရောပတွင် ရှေးအင်္ဂလိပ်ဝေါဟာရအလိုအရ ဆွစ်ဒင်းစိုက်ပျိုးရေးဟုလည်း ခေါ်ဝေါ်သုံးနှုန်းကြပါသည်၊ အာရှတစ်ခွင်၌ အပူပိုင်းလယ်တောများကို အမှီပြုနေသော လူသန်းပေါင်း ၄၀၀ ၏ အများစုသည် ဤတောင်တာစနစ်ကို ကျင့်သုံးနေကြပါသည်[၂၅]။

---

၂၄။ Swidden ဟူသော ရှေးဟောင်းအင်္ဂလိပ်သို့မဟုတ် Scandinavian ဝေါဟာရသည် ရာစုနှစ်ပေါင်းများစွာကပေါ်ပေါက်ခဲ့၍ ဥရောပတွင် မီးရှို့ပြီး အလှည့်ကျမြေလှုပ်စနစ်ထားရှိခြင်းကို ရည်ညွှန်းပါသည်။

၂၅။ Kekhoff, E.E. and E. Sharma (၂၀၀၆)၊ စာ - ၅

အလည့်ကျမြေလုပ်ခြင်းကို ကာလတိုတိုသီးနှံစိုက်ပြီး ကာလရှည်မြေလုပ်အနားပေးခြင်းစနစ်ဟု အလွယ်ပြောရမည် ဖြစ်ပါသည်[၂၆]။ **"တောင်ယာစလေ့၊ ယာမီး ကျွေ့သား၊ မျိုးစေ့မြေနှံ"** ဟူသော စာဆိုတို၏ စကားနှင့်အည် ဤစနစ်တွင် တောခုတ်ပြီး မြေကို အပြောင်ရှင်းရန် မီးရှို့ခြင်းကို ကဏ္ဍတစ်ခုအဖြစ် ထည့်သွင်း ဆောင်ရွက်ကြပြီး တောမီးရှို့ရာမှပြာနှင့် အာဟာရဓာတ်များ မြေထဲသို့ပြန်လည်ရောက်ရှိစေပါသည်။ သစ်ကိုင်း သစ်ခက်တို့ကို မီးရှို့ပြီး မြေယာကို ကျဲဖြင့် ထွန်ယက်၍လည်းကောင်း၊ ပေါက်တူးပေါက် မြေဆွ၍လည်းကောင်း၊ စူးထိုး၍လည်းကောင်း၊ နှံစားသီးနှံနှင့် ဟင်းသီးဟင်းရွက်တို့ကို ရောနှောစိုက်ကြပါသည်။ တောင်ယာကို တစ်နှစ်မှ သုံးနှစ်အထိစိုက်ပျိုးပြီး ပေါင်းများထူထပ်လာသော အချိန်၌ သီးနှံအတွက် ကျလာသောအခါ ထိုမြေကွက်ကို သစ်ပင်ချုံပင်များ ပြန်လည်ပေါက်ရန် အနားပေးလိုက်ပြီး မြေဆီဩဇာတက်လာအောင် စောင့်လိုက်ပါသည်။

အလည့်ကျမြေလုပ်ခြင်းစနစ်ကို စိုက်ပျိုးကာလနှင့် မြေလုပ်ကာလတို့၏ အချိုးအဖြစ်တိုင်းတာဖေါ်ပြလေ့ ရှိသည်။ ဆိုလိုသည်မှာ စိုက်ပျိုးသည့်နှစ်ကာလနှင့် မြေလုပ်ထားသည့် နှစ်အရေအတွက်ကို အချိုးချပါသည်။ ၎င်းထို မြေလုပ်ခြင်းသံသရာဟု ညွှန်းဆိုနိုင်သည်။ ရှေးယခင်က မြေလုပ်ကာလသည် ၁၅ နှစ်အထိ ကြာတတ်သည်။ အလွန်ပင် ဝေးလံခေါင်ဖျား လူနေကျဲပါးသော အရပ်ဒေသ၌ ကြာမြင့်စွာမြေလုပ်ထားနိုင်သည်ကို ယနေ့အချိန်တွင်လည်း တွေ့နိုင်ပါသည်။ သို့သော် မြန်မာ့ကုန်းမြင့်ဒေသများ၌ ယနေ့တွေ့နေကျပုံစံများမှာ သီးနှံစိုက်ခြင်းကာလမှာ ၂-၃ နှစ်အထိထား၍ မြေလုပ်ကာလမှာ ၄-၆ နှစ်အထိသာ ထားနိုင်ပါတော့သည်။ တစ်ဦးချင်း မြေယာရရှိမှုနည်းလာ၍ မြေယာအသုံးချမှုအတိုင်းအဆ ကြီးမားလာသောအခါမြေယာတစ်ကွက်ပေါ် နှစ်ကာလကြာကြာ စိုက်ပျိုးလာကြပါသည်။

> သစ်တောလုပ်မြေ(ဖုန်းဆိုးမြေ)သည် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်တွင် အရေးပါသော ကဏ္ဍတစ်ခုဖြစ်သည်။ တောင်ယာခင်းကို စိုက်ပျိုးပြီးစီးပြီးနောက် သစ်ပင်များ ပြန်လည်ပေါက်ရောက်လာရန် လုပ်ထားသောအကွက်ကို သစ်တောလုပ်မြေဟုခေါ်ပါသည်။ သစ်ပင်ကြီး များ ပြန်ပေါက်ရန်ကာလအတော်ကြာ အချိန်ယူရသဖြင့် မြေမြန့်ဒေသရှိ သီးနှံခင်းများ၌ အလည့်ကျမြေလုပ်ပေးခြင်းထက် သစ်တောလုပ်မြေသည် သီးလှည့်စနစ်၏ အချိန်ကာလ တော်တော်များများကို ယူရပါသည်။ သစ်တောလုပ်မြေသည် သစ်တောဂေဟစနစ်၏ ပြန်လည် ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်တာကို ထမ်းဆောင်ပေးသလို သီးနှံတစ်ဖန် ပြန်လည်စိုက်ပျိုးရေးအတွက် မြေယာကို အဆင်သင့်ဖြစ်စေပါသည်။
>
> ကာဟော့ပ်နှင့် ရှားမား၊ ၂၀၀၆၊ စာ ၁၅

## ၃(၂)။ သစ်တောနှင့် အလှည့်ကျမြေလုပ်ခြင်း

သစ်တောများသည် တောင်တန်းဒေသအတွက် အလှည့်ကျမြေလုပ်ပေးခြင်း၊ စားဝတ်နေမှုလုပ်ငန်း အမျိုးမျိုးနှင့် ဝမ်းရေးဖူလုံမှုအတွက် အမြေခံအကျဆုံးအရင်းအမြစ် ဖြစ်ပါသည်။ အလှည့်ကျ မြေလုပ်ပေးခြင်းသည် ရိုးရာအစဉ်အလာအတိုင်း သစ်တောလဲ၌ မြေကွက်လပ်ပေါ်အောင် ခုတ်ထွင်ရှင်းလင်း၍ သီးနှံစိုက်ပျိုးကာ နောက်ထပ် ၁၅ နှစ်ကြာ မြေလုပ်အနားပေးပြီး သစ်တောပြန်လည် ဖြစ်ပေါ်လာသောအခါ သစ်တောထဲမှ မြေယာပြန်လည် ဖေါ်ထုတ်ပြီး စိုက်ပျိုးခြင်း ဖြစ်ပါသည်။ ယနေ့ကာလတွင် အချို့အရပ်ဒေသ၌ မြေလုပ်ကာလမှာ တိုတောင်းလာပြီး သစ်တောအပြည့် ပြန်လည်ဖြစ်လာသောအခါ အပင်ငယ်ချုံပုတ်များနှင့် နောက်ဖြစ်တောများသာ ပေါက်လာပါသည်။ ချုံပုတ်များနှင့် အဆိုပါနောင်ဖြစ်တောသည်ပင်လျှင် မြေလုပ်ကာလအတွင်း ပတ်ဝန်းကျင်ကို အကျိုးပြုပြန်ပါသည်။ ပြန်လည်ကြီးထွားမှုကာလ လုံလောက်စွာပေးနိုင်သော အရပ်ဒေသ၌ မြေလုပ်ခြင်းကို မြေယာလုပ်ကွက်ဟု မမြင်တော့ဘဲ သစ်တောတစ်ခုသဖွယ် စီမံထိန်းကျောင်းပါသည်။ တစ်နည်းအားဖြင့် သစ်တောနှင့် မြေလုပ်ခြင်းကာလ၏ ရှည်ကြာသောအခါ သစ်တောအုပ်အတွင်း၌ တောင်ယာကွက်ကို အနားပေးထားရှိသော နှစ်အရေအတွက်သည် တောင်ယာလုပ်ကွက်ထဲ၌ သီးနှံစိုက်ပျိုးနေသော နှစ်အရေအတွက်ထက် ပို၍ကြာရှည်လေ့ ရှိပါသည်။ ဤစနစ်တွင် သစ်တောလုပ်မြေသည် သစ်တော၏ ဇီဝမျိုးကွဲအစုံစုံမြစ်ပေါ်စေရေးကို အထောက်အကူပြုသလို အသေးစားတောင်သူများ၏ ဝမ်းစာဖုလုံရေးအတွက်ပါ အကျိုးပြုပါသည်။ သစ်တောပြန်လည်ဖြစ်ပေါ်လာမှု အချိန်ကာလအဆင့်ဆင့်တိုင်းတွင် မတူညီသော တောထွက်အပင်နှင့် တိရစ္ဆာန်မျိုးစုံကို ဖြစ်ပေါ်တည်ရှိ အသုံးချစေ နိုင်ပါသည်။

တောင်ယာစိုက်သူသည် ၎င်း၏တောင်ယာကွက်၌ သစ်တောပြန်လည်ဖြစ်ပေါ်ရေးကို ဂရုတစိုက်စီမံတတ်ပါသည်။ ဥပမာအားဖြင့် တောင်ယာစိုက်ကွက်ထဲ၌ မီးလောင်ကျွမ်းဒဏ်ကိုခံနိုင်သော သစ်ပင်ကြီးများကို ချန်ထားတတ်၍ ၎င်းသည် အရိပ်အာဝါသဖြင့် စားစရာတစ်မျိုးမျိုးကို ဖြည့်ဆည်းပေးတတ်သည်။ ၎င်းသည် သဘာဝအလျောက် မျိုးဆက်သစ်များ ပြန်လည်ထွက်ပေါ်ရေးအတွက် မိခင်အပင်ကြီးနေရာမှ ရပ်တည်ပေးပါသည်။ အပင်ကြီးများသည် သီးနှံပေါက်ရောက်နေသည့်ကာလတွင်ပင် မရှိမဖြစ်အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ဤစနစ်အရ လေထုထဲမှ နိုက်ထရိုဂျင်ကို စုပ်ယူပေးနိုင်သော *Alnus nepalensis* ကဲ့သို့သော မိုင်းဘောသစ်ပင် (သို့မဟုတ်) မြေဩဇာပင် သစ်ပင်မျိုးစိတ်ပါလာလျှင် မြေဆီဩဇာ ပြန်လည်ဖြည့်တင်းလာစေနိုင်သလို စိုက်ကွက်တည်ထောင်စဉ် ၎င်း၏အကိုင်းအခက်များသည် ထင်းအဖြစ် ဖြည့်ဆည်းပေးပါသည်။ သစ်ရွက်ကြွေကျလာလျှင် မြေထဲသို့ ရောနှောဝင်ရောက်သွားပြီး သစ်ဆွေးဓာတ်ကို ထပ်မံဖြည့်တင်းပေးပါသည်။ ယနေ့ကာလတွင် လက်ဖက်၊ သစ်ကြားသီး၊ သရက်သီး၊ ထောပတ်သီး၊ အခြားနှစ်ရှည်သီးနှံပင်များ၊ ထင်းနှင့် သစ်အတွက် ထုတ်လုပ်ပေးနိုင်သော မျိုးစိတ်များသည် ကုန်းမြင့်ဒေသ စိုက်ပျိုးရေးစနစ်အတွက် အထူးအရေးပါသောကဏ္ဍတွင် ပါဝင်လာပါသည်။

---

၂၆။ Warnerm, Katherine (၁၉၉၁)

သစ်တောနှင့် သစ်တောလုပ်မြေ (ဖုန်းဆိုးမြေ)သည် အရေးပါသော အစားအစာအရင်းအမြစ်တစ်ခု ဖြစ်ပြီး အထူးသဖြင့် သီးနှံများ ပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းစသော ကာလများတွင် အားကိုးအားထားပြုရသလို ကူးသန်းရောင်းပယ်ရေးအတွက် ငွေအသပြာလည်း ရနိုင်ပါသည်။ တောထွက်ပစ္စည်းကို ရှာဖွေတတ် သူများ (အထူးသဖြင့် အမျိုးသမီးများ) အနေဖြင့် သစ်တောသည် သစ်ဥသစ်ဖု၊ အဖူးအညွန့်၊ ပါးမိုးမှျစ်၊ အပွင့် အသီး၊ အစေ့အဆန်၊ သစ်ခေါက်စသော စားစရာ တို့စရာ၊ ဟင်းခတ်စရာအမျိုးမျိုးကို ပေးပါသည်။ အခြား သစ်တောထွက် များဖြစ်သည့် အပင်နှင့် ဟင်းမျိုးတိရစ္ဆာန်တို့ကိုရှာဖွေ၍ မြို့ကိုဆင်းပြီး ရောင်းချနိုင်သလို တောင်ပေါ်တွင် မရနိုင်သည့် ဆားနှင့် ဆီအပြင် သတ္တုမြစ်တန်ဆာပလာများကို တောင်ပေါ်နှင့် တောင်အောက် မိသားစုချင်း တစ်ခါတစ်လေ ဆက်နွယ်ဖလှယ်သောနည်းဖြင့် ရရှိနိုင်ရေးကိုလည်း အထောက်အပံ့ ဖြစ်စေပါသည်။ ဤကား ရိုးရာအဆက်ဆက် လက်ဆင့်ကမ်းခဲ့သော ဓလေ့တစ်ခု ဖြစ်ပါသည်။

## ၃(၃)။ ဆက်စပ်ပေါင်းစည်းမှုနှင့် တစ်ဖိုင်းတစ်စလုပ်ငန်းများ

အလှည့်ကျမြေလုပ်ခြင်းသည် စိုက်ကွက်နှင့် သစ်တောအတွင်းနှစ်ချင်းသီးနှံနှင့် နှစ်ရှည်သီးနှံတို့ကို ရောထွေးပေါင်းစပ်ထား၍ တောင်ယာလုပ်သော မိသားစုကနေရာဒေသနှင့် အချိန်အခါအလိုက် စားဝတ်နေမှုလိုအပ်ချက်ကို ပြည့်မီနိုင်ရန် စီမံဆောင်ရွက်သော စနစ်တစ်ခု ဖြစ်ပါသည်။ အလှည့်ကျလုပ်မြေမှ စိုက်ပျိုးခြင်း၊ ရှာဖွေစုဆောင်းခြင်း၊ မွေးမြူခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် ငါးရှိုက်ခြင်းတို့ဖြင့် တောထွက်ပစ္စည်းများ ရရှိပါသည်။ သစ်တောနှင့် လုပ်မြေသည် လွတ်ကျောင်းတိရစ္ဆာန်များအတွက် စားကျက်ဖြစ်စေသလို ၎င်းမှ နွားစာရိတ်၍ အိမ်သို့သယ်ယူကာ ခြံလှောင်တိရစ္ဆာန်ကို ကျွေးနိုင်ပေသည်။ ကျွဲမွေးပြီး ထွန်ယက်မိုင်းနိုင်သလို နွားကို (ချင်းပြည်နယ်၌ နွားနောက်) မနေအပိုအလျှံအဖြစ် မွေးမြူပါသည်။ ရိုးရာပွဲများ၌ အမဲပေါ်နိုင်သလို ဝက်၊ ကြက်၊ ဆိတ်တို့ကိုပါ တောင်ပေါ်သားများက မွေးမြူကြပါသည်။

ရွှေ့ပြောင်းတောင်ယာစိုက်စနစ်များအကြား ကျင့်သုံးပုံအလေ့အထများမတူ ကွဲလွဲခြင်းသည် ၎င်း၏ ရေရှည်ရပ်တည်နိုင်မှုအပေါ် အကျိုးသက်ရောက်စေပါသည်။ ဆက်စပ်ပေါင်းစည်းမှု သို့မဟုတ် ရိုးရာရွှေ့ပြောင်း တောင်ယာစနစ်တွင် ဒေသခံလူအစုအဖွဲ့က တောခုတ် ရှင်းလင်းပြီး နောက်ဖြစ်သစ်တော ပြန်လည်ဖြစ်ထွန်းလာရန် အတော်အသင့်မှ ရှည်ကြာသောကာလအတွင်း လုပ်မြေ၌ သဘာဝအလျောက် သစ်ပင်များ ပေါက်ရောက်အောင် စောင့်ဆိုင်းဆောင်ရွက်ရပါသည်[၂၇]။ ဤပုံစံသည် တစ်ပိုင်းတစ်စ သို့မဟုတ် မြေစမ်းခရမ်းပျိုး ရွှေ့ပြောင်း တောင်ယာ လုပ်ငန်းပုံစံနှင့် သိသိသာသာကွဲလွဲပါသည်။ တစ်ပိုင်းတစ်စပုံစံကို အရပ်ဒေသတစ်ခုထဲသို့ ရွှေ့ပြောင်းဝင်လာကာစလူသစ်များက ကျင့်သုံးကြခြင်းဖြစ်သည်။ သစ်တောလုပ်မြေကို စနစ်တကျ ထိန်းသိမ်းနိုင်သည့် ဒေသန္တရဗဟုသုတ မရှိကြ၍ဖြစ်စေ၊ ရေတိုအကျိုးကိုကြည့်၍ ဆုလွယ်နပ်လွယ် သီးနှံစိုက်လိုကြ၍ဖြစ်စေ ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။ မပါမဖြစ်တောင်ယာစနစ်သည်ကား စည်းလုံးတွဲစပ်နေသော လူနေမှုအသိုက်အအုံနှင့် ဒွန်တွဲတွေ့ရှိရပြီး စိုက်ပျိုးရေး လုပ်ငန်းစဉ်များပေါ် အခြေခံ၍ ရမ်ရွာလူထုက ထုံးတမ်းစဉ်လာပွဲများကို စီမံကျင်းပပြီး ဆောင်ရွက်တတ်ကြပါသည်။

## ၃(၄)။ ဖိအားကို ခံစားလာရသောစနစ်များ

မြေယာရှာဖွေရသော တွန်းအားများ ပိုမိုကြီးမားလာသည်နှင့်အမျှ အလှည့်ကျမြေလုပ်ခြင်းစနစ်သည် အကျပ်အတည်းများနှင့် ရင်ဆိုင် လာရပါသည်။ လုပ်မြေကာလသည် သစ်တောပြန်လည်အစပျိုးလာနိုင်လောက်သော အချိန်ကာလကို မစောင့်ဆိုင်းနိုင်သောအခါ ပတ်ဝန်းကျင် သစ်တောများ၏ ကြီးထွားမှုအရှိန်အဟုန် ရပ်တန့်သွား၍ မတ်စောက်သော တောင်စောင်းများ၏ ပါးလွှာသောအပေါ်ရံမြေသည် သစ်ဆွေးဓာတ် နှင့် ရေကို ထိန်းနိုင်စွမ်း မရှိတော့ဘဲ အလွယ်တကူတိုက်စားခံရကာ သီးနှံအထွက် ဆုတ်ယုတ်လာပါတော့သည်။ ကိုးကန့်နှင့် ပဒေသကဲ့သို့ ဘိန်းခင်းများ ဖျက်ဆီးဖယ်ရှားခံရသောဒေသများတွင် ငွေကြေးချို့တဲ့လာကြ၍ လိုအပ်သောဝမ်းစာအတွက် သီးနှံခင်းများထူထောင်ရန် မြေနေရာ အနှံ့စိုက်ကွက်များ တိုးချဲ့ခုတ်ထွင်လာကြပါသည်။ မြေလုပ်ကာလ တိုတောင်းလာခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်း၊ မြေယာလုပ်ကွက် ညံ့ဖျင်းလာခြင်း၊ သီးနှံအထွက် ကျဆင်းလာခြင်း စသည်ဖြင့် တစ်ရစ်ပြီး တစ်ရစ် အောက်သို့ရစ်ခွေကျဆင်းလာကာ ဝမ်းစာမဖူလုံသည့် အခြေအနေသို့ ဆိုက်ရောက်သွားတော့သည်[၂၈]။

စင်စစ် အလှည့်ကျမြေလုပ်ခြင်းစနစ်ကို လိုက်လျောညီထွေ ပြုလွယ်မြင်လွယ် ဆောင်ရွက်နိုင်ပါသည်။ တောင်ယာစိုက်ပျိုးသူတို့သည် မြေအသုံးချမှုကို အရှိန်မြှင့်၍ ဆောင်ရွက်နိုင်သောနည်းလမ်းများကိုလည်း ကျင့်သုံးနိုင်ပါသည်။ ဥပမာ တောင်ယာစိုက်ခင်းအတွင်း နိုက်ထရိုဂျင် ကဲ့သို့ မြေဆီသြဇာဓာတ်ကို ဖြည့်တင်းပေးနိုင်သော သစ်ပင်များနှင့် မြေလွှာဖုံးပဲပင်တို့ကို ထည့်သွင်းစိုက်ပျိုးပေးခြင်းဖြင့် အပင်အာဟာရဓာတ်များ အသစ်တစ်ဖန်ပြန်လည် ပြည့်ဖြိုးလာစေနိုင်ပါသည်။ သို့မဟုတ် စီးပွားဖြစ် သစ်တောပင်များကို သစ်တောလုပ်မြေ၌ ထည့်ထားခြင်းဖြင့် အကျိုး အမြတ်ကို ရေရှည်ခံစားစေနိုင်ပါသည်။ ဤနည်းဖြင့် တောင်ယာသမားသည် ၎င်း၏လုပ်အားနှင့် သွင်းအားစုများမှ အမြင့်ဆုံးအကျိုးကျေးဇူးများ ထွက်ပေါ်ရန် ဆောင်ရွက်နိုင်ပါသည်။ အပြောင်းအလဲများ လျင်မြန်စွာဖြစ်ပေါ်နေသော ယနေ့အချိန်အခါတွင် ဝမ်းစာမဖူလုံရခြင်းကို ရှောင်လွှဲ နိုင်ရေးအတွက် နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုများကိုပေးရင်း တစ်ဖက်ကလည်း တောင်ယာစိုက်ပျိုးသူ၏ တီထွင်ကြံဆမှုများကို ပျံ့နှံ့ အောင်ဖြန့်ဝေခြင်း၊ မြေတောင်မြှောက်ပေးခြင်း ပံ့ပိုးပေးခြင်းတို့ကို အထိရောက်ဆုံး ဆောင်ရွက်သွားနိုင်ပါသည်။

မကြာသေးမီဆယ်စုနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ တောင်ပေါ်ဒေသသည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်တို့ တမဟုတ်ချင်းပြောင်းလဲသွားသည်ကို ကြုံတွေ့ကြရပေရာ ၎င်းတို့အားလုံးသည် စားပတ်နေရေး ရှန်းကန်လုပ်ရှားမှု အခွင့်အလမ်း များနှင့် တောင်သူ၏ ရွေးချယ်ရမည့်နည်းလမ်းများအပေါ် အဆိုးရောအကောင်းအတွက်ပါ သက်ရောက်လာခဲ့စေပါသည်။ ပေါ်လစီချမှတ်သူများ အဖို့လည်း ဤရိုက်ခတ်မှုကို ကြုံတွေ့ရမည်ဖြစ်ပါသည်။ ရိုက်ခတ်မှုအပြင်းထန်ဆုံးသော ပြောင်းလဲလာမှုများကို မြေယာပိုင်ဆိုင် လုပ်ပိုင်ခွင့် စည်းမျဉ်းမူဘောင်များတွင် တွေ့မြင်နေရပါသည်။

---

၂၇။ Fujisaka et. al နှင့် အဖွဲ့ (၁၉၉၆)

၂၈။ ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့် မြစ်မှုဆိုင်ရာရုံး UNODC ၂၀၀၆ စာ - ၃၁



# ၄ ထုံးတမ်းစဉ်လာ စည်းမျဉ်းများ[၂၉]

## ၄(၁)။ မျိုးကွဲစုံလင်လှသော လူမှုအဆောက်အအုံနှင့် မြေယာလုပ်ကိုင်ပိုင်ဆိုင်စနစ်များ

တောင်ပေါ်ဒေသရှိ တမူထူးခြားသော လူနေမှုစနစ်အောက်၌ မြေယာအသုံးချမှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများသည် အမျိုးမျိုးအဖုံဖုံ စုံလင်လှပေရာ ၎င်းတို့ အားလုံးပေါင်းစပ်လိုက်သောအခါ ထုံးတမ်းစဉ်လာ မြေယာစနစ်အမျိုးမျိုး ဖြစ်ပေါ်လာခဲ့ပေသည်။ အချို့ကား ရှုပ်ထွေးလှသလို အချို့ကိုကား ကြပ်ကြပ်မတ်မတ် ထိန်းချုပ်စီမံထားပါသည်။ စုပေါင်းလုပ်ဆောင်သော မြေယာစနစ်တွင် ကျေးရွာတစ်ရွာ၊ အိုးအိမ်အစုတစ်စု သို့မဟုတ် ဆွေမျိုးအုပ်စု တစ်ခုသည် တကွင်းတစပ်တည်းရှိနေသော မြေကွက်ကြီးကို စုပေါင်းရှင်းလင်း၍ နှစ်စဉ်စိုက်ပျိုးကြပါသည်။ သို့တည်းမဟုတ် ဘုံသစ်တောတစ်ခုကို ထူထောင်ဆောင်ရွက်ကြပါသည်။ လုပ်ကိုင်ပိုင်ဆိုင်ခွင့်သည် မျိုးရိုးဆက်ခံမှုကိုအခြေခံထားလျှင် အိမ်ထောင်စုတစ်ခုချင်းသည် မြေယာတစ်ကွက် သို့မဟုတ် သစ်တောတစ်ပိုင်းကို သုံးစွဲခွင့်ရသည်။ မည်သည့် မြေယာကွက်၌ စိုက်ပျိုးရမည်ကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်၍ ဆောင်ရွက်နိုင်သည်။ ၎င်းအပြင် တစ်ဦးချင်းနှင့် စုပေါင်း လုပ်ဆောင်မှုကို ရောနှောပေါင်းစပ်ထားသော မြေယာစနစ်လည်း ရှိနိုင်သည်။

ယင်းကဲ့သို့ တောင်ပေါ်ဒေသ၏ ထုတ်လုပ်မှုစနစ် အမျိုးမျိုးအဖုံဖုံကို ရှုမြင်သုံးသပ် ကြည့်လိုက်သောအခါ မြေယာပိုင်ဆိုင် လုပ်ကိုင်မှုစနစ်များသည် သီးနှံစိုက်ပျိုးရေးတစ်မျိုးတည်း၌သာ ကျင့်သုံးခြင်းမဟုတ်ပေ။ ရွာတစ်ရွာတွင် စားကျက်မြေကို အလှည့်ကျ သို့မဟုတ် ကန့်သတ်၍ စုပေါင်းသုံးစွဲခြင်း၊ ရေဝေရေလဲ သစ်တောနေရာကို သစ်ခုတ်ခြင်းမှ ကာကွယ်ထိန်းသိမ်းထားခြင်း တန်ဖိုးရှိမှုစ်များကို ချိုးယူရာတွင် ရာသီလိုက်ကန့်သတ်ထားခြင်း စသည်တို့ကိုလည်း တွေ့နိုင်သည်။

> ဓလေ့ထုံးတမ်းဥပဒေသည် အလွန်တရာ ထွေပြား ခြားနားလှပြီး တစ်ရွာတစ်ပုဒ် ဆန်းကွဲလွဲ ကြသည်။ ဤသို့သော ကွဲလွဲမှုများကြောင့် ရေဘူယျခြုံငုံ ကောက်ချက်ဆွဲရန် မဖြစ်နိုင်ပေ။ ဓလေ့ထုံးတမ်း ဥပဒေများသည်လည်း တည်တန့်ငြိမ်သက်နေခြင်းမျိုးမဟုတ်ပဲ၊ ဓလေ့များ ကူးစက်ခြင်း၊ လူဦးရေဖိအား ပိုလာခြင်း၊ လူမှုစီးပွားရေး အခြေအနေ ပြောင်းလဲလာခြင်း နိုင်ငံရေးဂရက်များ ရိုက်ခတ်ခြင်း စသော အကြောင်းအချက်တို့ပေါ်မူတည်၍ အစဉ် ပြောင်းလဲ၍ ပုံစံသစ်များ ဖြစ်ပေါ်လာတတ်ပေသည်။
>
> Cotula ၊၂၀၀၇၊ စာ၁၀

ဤစည်းမျဉ်းများသည် ရပ်ရွာအစုအဖွဲ့တွင်နှင့်သာ သက်ဆိုင်တတ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ရပ်ရွာ အစုအဖွဲ့တစ်ခုက သတ်မှတ်ထားခြင်း ဖြစ်သည်။ ရပ်ရွာက လူကြီးသူမများဖြင့်ဖြစ်စေ၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့၍ဖြစ်စေ စည်းမျဉ်းများပေါ်ပေါက်လာခဲ့သည်။ ၎င်းတို့ကို ရွာလူကြီး သို့မဟုတ် မိုးရာခေါင်းဆောင် ကကြီးကြပ်ထိန်းကျောင်းပေးပါသည်။ ၎င်းတို့က ထုံးတမ်းစဉ်လာဓလေ့နှင့် စနစ်များကို ရပ်ရေးရွာရေးလုပ်ငန်း ကိစ္စအဖြစ် စီမံသွားတတ်ပါသည်။ နိုင်ငံတစ်ဝှမ်း၏ ပြဋ္ဌာန်းဥပဒေများက ကြပ်မတ်ထားခြင်းကြောင့် မဟုတ်ပေ။ သို့သော် ပြဋ္ဌာန်းဥပဒေများ၏ လွှမ်းမိုးခြင်း သို့မဟုတ် ပြောင်းလဲပစ်ခြင်းကိုမူ ခံရနိုင်ပါသည်။ ဓလေ့ထုံးတမ်း စည်းမျဉ်းအနေဖြင့် အုပ်စုတွင်းဖြစ်ပေါ်တတ်သော အငြင်းပွားမှုများအပေါ် ဖြေရှင်းသောနည်းစဉ်များရှိပေရာ ၎င်းတို့ကို ကျေးရွာသူကြီး၊ ဆွေမျိုးစုခေါင်းဆောင်၊ လူကြီးသူမ သို့မဟုတ် ရပ်ရေးရွာရေး ဖျန်ဖြေစေ့စပ်သူများက ကိုင်တွယ်ဆောင်ရွက်လေ့ရှိပါသည်။

ရှေးအစဉ်အလာ မြေယာလုပ်ပိုင်ခွင့်များအနက် လူသိအများဆုံးပုံစံတစ်ခုဖြစ်သလို ပြဋ္ဌာန်းဥပဒေဖြင့် သမိုင်းကြောင်းအရ အသိအမှတ်ပြုထားသည့် အယူအဆတစ်ခုမှာ **"ဓားမဦးချ"** စနစ်ဖြစ်ပါသည်။ မြေရိုင်းကို ခုတ်ထွင်ရှင်းလင်းသူသည် ၎င်း၏ ဓားမဦးကို အရင်စချသူဖြစ်၍ ထိုမြေကိုပိုင်ဆိုင်သူဖြစ်သည်ဟုဆိုလိုသည်။ (ယနေ့တိုင် အထက်အညာတောရိုင်းမြေ၌ **"မြားတပစ်၊ ဓားတထစ်"** မှတ်သား၍ တောခုတ်ပြီး မြေတီထွင်သူသည် မြားတပစ်စာအကျယ်နေရာရှိ သစ်ဝါးများကို ဓားထစ်မှတ်သားပြီး ရှင်းလင်းဆောင်ရွက်ပေရာ လိုအပ်သော

---

၂၉။ ဤအခန်းသည် စားနပ်ရိက္ခာဖူလုံမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်များ၏ စုပေါင်းသိမြင်သော အချက်အလက်များကို စုစည်းတင်ပြထားပါသည်။ အဆိုပါအဖွဲ့ဝင်တို့မှာ တောင်ပေါ်ဒေသ၌ အလုပ်လုပ်ကိုင်ဖူးသော အတွေ့အကြုံရှိကြပါသည်။ အချို့မှာမူ တောင်ယာလုပ်ကိုင်ခဲ့ဖူးသူများ ဖြစ်ကြပါသည်။ ယနေ့ခေတ်ကာလ၌ မြန်မာ့တောင်တန်းဒေသ၌ ကျင့်သုံးနေသော ထုံးတမ်းစဉ်လာ မြေယာဥပဒေကို သတ်သတ်မှတ်မှတ်လေ့လာမှု အထူးပင်နည်းလှပါသည်။ ဤအချက်ကိုဆက်လက်ပြီး အသေးစိတ်လေ့လာ ထိုက်ပါသည်။ ဝမ်းစာဖူလုံရေးကို သေချာစေသည့် ရေရှည်တည်တန့်၍ ထုတ်လုပ်မှုကောင်းသော စိုက်ပျိုးရေးစနစ်ကို ရေရှည်ထိမ်းသိမ်းနိုင်ရေးအတွက် တောင်ယာလုပ်ကိုင်သူများကို ကူညီပေးနိုင်ရန် အထူးအလည်အရေးကြီးနေပါသည်။

မြေအကျယ်ကို ဦးထားသည်ဟု အဓိပ္ပါယ်ဆောင်ပါသည်။) ဤဖြစ်စဉ်အရ မြေယာတစ်ကွက်ကို ပထမဆုံးစတင် စိုက်ပျိုးသူသည် ထိုမြေကို ပိုင်ပါသည်။ အစဉ်အလာအရ ထိုမြေကွက်ကို လုပ်ထားချိန်တွင်ပင် ထိုသူကပိုင်ဆိုင်ဆဲ ဖြစ်သည်။ လယ်မြေကိုရော **"တောင်ယာ"** မြေကိုပါ ဤအတိုင်း သဘောထားနိုင်ပါသည်။

တောင်ပေါ်ဒေသရှိ ထုံးတမ်းစဉ်လာမြေယာစည်းကမ်းများသည် လူမှုစနစ်များ၌ အမြစ်တွယ်နေပြီဖြစ်သည်။ တောင်ပေါ်ဒေသ အချို့အရပ်ရှိ ချင်းနှင့် ကချင်အပါအဝင် လူမျိုးစုများတွင် ဆွေမျိုးစုဆက်ဆံရေးသည် လူမှုအဖွဲ့အစည်း၏ ကျောရိုးဖြစ်သည်။ ဤကိစ္စတွင် မြေယာရယူခွင့်သည် အမျိုးတော်စပ်မှု သို့မဟုတ် ဆွေစဉ်မျိုးဆက်စနစ်နှင့် ချိပ်ဆက်နေသည်။ ချင်းနှင့် ကချင်တို့၏ ဆွေမျိုးတော်စပ်မှုစနစ်မှာ အထူးတလည် အဖဘက်လိုက်ခြင်းဖြစ်သည်။ မြေယာအမွေဆက်ခံမှုကို သားများအကြား အညီအမျှခွဲစိတ်ပေးနိုင်သည်၊ သို့မဟုတ် အကြီးဆုံးသား ကို ဖြစ်စေ၊ အငယ်ဆုံးကိုဖြစ်စေ အသာစီးရစေသည်။

အဖဘက်ကိုလိုက်သော ဆွေမျိုးတော်စပ်မှုစနစ်သည် မိန်းမများအတွက် မြေယာရယူခွင့်ကို အသိအမှတ်ပြု မထားပေ။ အမျိုးသမီးသည် လက်ထပ်ပြီးလျှင် ယောက်ျား၏ ဆွေမျိုးအုပ်စုထဲသို့ ဝင်လိုက်ရသည်။ ဤစနစ်အရ ယောက်ျား သို့မဟုတ် ၎င်း၏ဆွေမျိုးက မြေကိုပိုင်ဆိုင်ပေရာ မိန်းမက မုဆိုးမဖြစ်လာသောအခါ မြေယာရရှိမှုအတွက် သား သို့မဟုတ် ၎င်း၏ မတ်ပေါ် မှီခိုရပါသည်။ တစ်ချိန်တည်းပင် ဆွေမျိုးစုအနေဖြင့် သူမ၏ သက်သာချောင်ချိရေးအတွက် ဝတ္တရားရှိပေသည်။ မုဆိုးမဖြစ်မိက မြေယာနှင့် ပတ်သက်သော အခွင့်အရေးနှင့် ရပိုင်ခွင့်မျိုးကို ယခုလည်း စံစားနိုင်သည်ဟုဆိုသော်ငြားလည်း လက်တွေ့တွင်မူ မြေယာရရှိနိုင်မှု၊ မြေကိုပြုပြင်စီရင်နိုင်မှု၊ မြေယာပေါ်မှ အကျိုးအမြတ် ရနိုင်မှုတို့သည် ခင်ပွန်းဖက်က ဆွေမျိုးများ၏ ကြည်ဖြူနိုင်မှုပေါ် မူတည်ပါသည်။

## ၄(၂)။ ချင်းပြည်နယ်မှ ရိုးရာစဉ်လာမြေယာလုပ်ပိုင်ခွင့်စည်းမျဉ်းများ

မြန်မာနိုင်ငံရှိ တောင်ပေါ်သားများအနက် ချင်းလူမှုစီးပွားရေးစနစ်သည် ယခင်ဆယ်စုနှစ်များက ပြည်တွင်းပဋိပက္ခများ၊ လူဦးရေ တိုးပွားခြင်း၊ မြေယာခက်ခဲခြင်း၊ ဈေးကွက်စီးပွားရေးပွင့်လာခြင်း စသည်တို့၏ ထိခိုက်မှုမှ သက်သာကာ အခြားဒေသများထက် ၎င်း၏စနစ်ကို ပုံစံမပျက်ထိန်းသိမ်းထားနိုင်သော အခြေအနေမှာ ရှိသည်။ ချင်းပြည်နယ်သည် ဟိမဝန္တာကုန်းပြေမြင့်၏ တောင်ဖက်၊ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်နှင့် ဗြဟ္မာပုတ္တမြစ်တို့အကြား တောင်ကုန်းတောင်တန်းများပေါ်တွင်တည်ရှိကာ နိုင်ငံ၏ အနောက်ဖက်နယ်စပ်ထိ ရောက်ရှိသွားပါသည်။ ဆင်ခြေ လျှောမှာ မတ်စောက်ပြီး မြေယာမှာလည်း အထွက်မကောင်းပေ။ ချင်းမြေယာစနစ်မှာ ကွဲပြားမှုများသော်လည်း အစုလိုက်နှင့် တစ်ဦးချင်း သို့မဟုတ် ထိုနှစ်မျိုးရောလျက်ရှိသည်ဟု အကြမ်းဖျင်း ခွဲခြားနားလည် နိုင်ပေသည်။

လူဦးရေနည်းပါးသော ချင်းပြည်နယ် အစိတ်အပိုင်းအချို့တွင် တောင်ယာမြေကို စုပေါင်းစီမံပါသည်။ ရွာတစ်ရွာစီတွင် တောင်ယာ ဧရိယာကို **"လိုပီးလ်"** ဟူသော အပိုင်းအခြားများဖြင့် ပိုင်းခြားပါသည်[၃၀]။ လိုပီးလ်တစ်ပိုင်းကို တစ်နှစ်စီအလှည့်ပေး၍ စိုက်သည်[၃၁]။ ရွာတစ်ရွာလျှင် လိုပီးလ် ၄ ပိုင်းမှ ၆ ပိုင်းထိ ရှိတတ်သလို ၁၆ ပိုင်းထိလည်း ရှိနိုင်သေးသည်။ လိုပီးလ်အရေအတွက်နှင့် အရွယ်အစားမှာ ကျေးရွာပေါ် မူတည်သည့်အပြင် မြေရရှိနိုင်မှု၊ ရွာ၏လူဦးရေ၊ သီးနှံရွေးချယ်မှု၊ ထိုသီးနှံ ကြိုက်လောက်သည့်ရေမြေအနေအထားစသည်တို့အပေါ် မူတည်သည်။

တောင်ယာစပါး သို့မဟုတ် ပြောင်းဖူးကိုရွေးချယ်မှုသည် စိုက်ပျိုးခြင်းကာလကို ကွဲလဲသွားစေ၍ ထိုမှ တစ်ဖန်ရွာ၏ လိုပီးလ် အရေ အတွက်ပါ ကွာခြားသွားပါ သည်။ တောင်ယာစပါးကို အကွက်မပြောင်းမီ တစ်ကြိမ်သာ စိုက်သည်။ ထို့ကြောင့် တစ်ရွာလျှင် လိုပီးလ် အရေ အတွက်များသွားသည်၊ ပြောင်းဖူးကိုမူ မြေလုပ်မထားမီ ၃ နှစ်မှ ၅နှစ်ကာလထိ စိုက်ပျိုးသည်၊ ထို့ကြောင့် တစ်ရွာလျှင် လိုပီးလ်အရေအတွက် နည်းပါသည်၊ ဥပမာ ဟားခါး မြို့နယ်တွင် ကျေးရွာတစ်ရွာသည် ပြောင်းဖူးကို လိုပီးလ် ၄ ပိုင်းမှ ၆ ပိုင်းထိ စိုက်ကြ၍တစ်ပိုင်းစီကို ၃ နှစ်မှ ၅ နှစ်အထိ မြေမလုပ်မီ ဆက်တိုက်စိုက်လိုက်ပါသည်။ ပြီးလျှင် လိုပီးလ်နောက်တစ်ပိုင်းကို အလှည့်ပေးသည်။ ထန်တလန်မြို့နယ်ရှိ ရွာတစ်ရွာတွင်မူ တောင်ယာစပါးကို စိုက်လျှင် လိုပီးလ် ၁၂ပိုင်းမှ ၁၆ ပိုင်းထိပိုင်းခြားပြီး တစ်ပိုင်းစီပေါ် တစ်နှစ်ချင်းစိုက်သွားပါသည်။

တောင်ယာခုတ်မီးရှို့၍ လိုပီးလ်အပိုင်းအခြားကို ပြင်ဆင်ရာတွင် ကျေးရွာကစုပေါင်း၍ လုပ်ဆောင်သည်။ ပြီးလျှင် လိုပီးလ်ထဲက တစ်ကွက်စီကို အိမ်ထောင်စုတစ်ခုစီကို ချထားစိုက်ပျိုးစေပါသည်။ လိုပီးလ်အသစ်တစ်ပိုင်းကို ဖွင့်လိုက်တိုင်း ကျေးရွာက မဲစနစ်ဖြင့်အကွက်ကို ခွဲဝေချထားပါသည်။ သို့မဟုတ် အိမ်ထောင်စုနှင့်ဆိုင်သော အကွက်အပိုင်းအခြားကို အမွေဆက်ခံမှုနှင့် သတ်မှတ်ပါသည်။ သို့မဟုတ် ယခင်က စိုက်ပျိုးခဲ့ဘူးခြင်းနှင့်အမွေ ဆက်ခံခြင်းတို့ရှိလျှင် ထိုနေမြဲအကွက်၌ ချထားခြင်းရှိသလို လွတ်နေသောအကွက်ကို မဲစနစ်ဖြင့် ချထားပါသည်။

---

၃၀။ လိုပီးလ်ဟူသော အသုံးအနှုန်းကို ဟားခါး၊ တီးတိန်နှင့် ထန်တလန်မြို့နယ်တို့၌ ခေါ်ဝေါ်ပါသည်။ သို့သော် ချင်းဘာသာစကား အားလုံးနှင့် ဒေသိယစကားတိုင်းထွင်မူ မရှိပါ။

၃၀။ လိုပီးလ်အထွေအထကို နားလည်လွယ်စေရန် ချပါတီ သို့မဟုတ် နံပြားပုံစံကြီးမားသော စက်ဝိုင်းကြီးကို ရှုမြင်လိုက်ပါ။ ၎င်းသည် ကျေးရွာ၏ တောင်ယာလုပ်ငန်းများကို ကိုယ်စားပြုသည်။ ၎င်းကို အကွာအဝေးညီညီ ဖြတ်မျဉ်း ၃ ကြောင်း ကန့်လန့်ဆွဲချလျှင် အစိတ်အပိုင်း ၆ခု ရပါမည်။ ဖြတ်မျဉ်း (အချင်း) လေးကြိမ်အညီ ဆွဲလိုက်လျှင် ၈ ပိုင်းရပါမည်။ တစ်ပိုင်းစီကို လိုပီးလ်ဟုခေါ်ပါသည်။



ဖြတ်မျဉ်း ၃ ကြောင်း (၆ စိပ်)



ဖြတ်မျဉ်း ၄ ကြောင်း (၆ စိပ်)

ပျမ်းမျှခြင်းအားဖြင့် ဟားခါးရှိ အိမ်ထောင်စုတစ်စုသည် စိုက်ပျိုးမြေ ၂ဧကခန့် ခွဲတမ်းရသည်။ ထန်တလန်၌ ၃ ဧကခန့်ရသည်။ လိုပီးလ်တစ်ခုတွင် နာမည်တစ်ခုရှိတတ်သည်။ အချို့ရွာများသည် နှစ်စဉ်စိုက်သော လိုပီးလ်ကို နှစ်အလိုက်စိုက်ပျိုးမှုနှင့် လိုပီးလ်အမည်ကို မှတ်တမ်းတင်ထားတတ်သည်။ အချို့ရွာများ၌ နှစ်တစ်ရာကျော်က  လိုပီးလ်မှတ်တမ်းပင်ရှိသည်ဟု ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ လိုပီးလ်စနစ်သည် တည်မြဲနေသည်ဟု မဆိုသာပေ။ အချိန်လိုက် ပြောင်းလဲတတ်သည်။ လူဦးရေတိုးလာသောအခါ အချို့လိုပီးလ် မြေယာသည် အမြဲတမ်းစိုက်ကွက် သို့မဟုတ် ကျေးရွာပိုင်သစ်တော ဖြစ်သွားသည်။ လိုပီးလ်ကို ပြန်လည်ဖွဲ့စည်းရပြန်သည်။ လိုပီးလ်တစ်ခုကို အလည့်ဇယားမှ ဆွဲထုတ်တန် ထုတ်မည်။ သို့မဟုတ် လိုပီးလ်အရွယ်အစားကို လျှော့လိုက်ရသည်။ သို့မဟုတ်ကျေးရွာအနေဖြင့် လိုပီးလ်ကို ပြန်လည် ခွဲခြမ်းစိတ်ဖြာကာ ယခင်က လိုပီးလ် ၆ ပိုင်းရှိသည်ကို ၄ ပိုင်းသာထားသည်။ သို့မှသာ လိုပီးလ်တစ်ပိုင်းစီ တွင် ဧရိယာကျယ်လာ၍ နှစ်စဉ်စိုက်နိုင်သော အိမ်ထောင်စုအရေအတွက်များလာသလောက် တိုးပေးနိုင်ပေမည်။

တီးတိန်နှင့် ဖလန်းမြို့နယ်အပါအဝင် ချင်းပြည်နယ် အချို့နေရာများတွင် တောင်ယာမြေအသုံးချခွင့်ကို အိမ်ထောင်စုအလိုက် သို့မဟုတ် အမွေဆက်ခံနိုင်မှုအလိုက် တွေ့ရပါသည်။ ဆိုလိုသည်မှာ တစ်ဦးချင်း ပိုင်ဆိုင်မှုကို တိုက်ရိုက်ရရှိသည်။ လူဦးရေများလာ၍ အမွေဆက်ခံမှုနှင့် အကြွေးသိမ်းမှုများမြင့် ချမ်းသာသော အိမ်ထောင်စု များ လက်ထဲတွင် မြေယာများ စုစည်းရောက်ရှိလာသည်။ တစ်ဦးချင်းစီနှင့် အမွေဆက်ခံမှု ရနိုင်သော နေရာများတွင် နှစ်စဉ် မည်သည့်အကွက်ကို စိုက်ပျိုးမည်။ မည်သို့စီမံဆောင်ရွက်ညည်ဆိုသည်မှာ အိမ်ထောင်စုလုပ်နည်းလုပ်ဟန် ပေါ်မူတည်သည်။ အိမ်ထောင်စုအနည်းငယ်အတွင်းသို့ မြေယာများ စုစည်းရောက်ရှိသွားသောအခါ အခကြေးငွေဖြင့် ဖြစ်စေ၊ သီးစားခံ၍ ဖြစ်စေ၊ ရှိရာလက်ဆောင်ပေး၍မြစ်စေ သို့မဟုတ် မိသားစု အနှောင်အဖွဲ့ အရဖြစ်စေ မြေငှားခစနစ်သည် သိသိသာသာဖွံ့ဖြိုးလာခဲ့ပါသည်။

> ပြဋ္ဌာန်းဥပဒေများ၊ ထုံးတမ်းစဉ်လာစည်းမျဉ်းများနှင့် ၎င်းတို့နှစ်ခုကြားရှိ သတ်မှတ်ချက်များစသော ဥပဒေအမျိုးမျိုးသည် ဒေသတစ်ခုအတွင်း၌ အရင်းအမြစ်တို့ရယူခွင့်ကို ထိန်းကျောင်းလာကြသောအခါ တစ်ခါတစ်ရံတစ်ခုနှင့် တစ်ခုကပ်နေသည်။ တစ်ခါ တစ်ရံဆန့်ကျင်ဘက် ဖြစ်နေသည်။ တစ်ခါတစ်ရံ ဩဇာသက်ရောက်မှု ယှဉ်ပြိုင်ကြသည်။ ထုံးတမ်းစဉ်လာနှင့် ပြဋ္ဌာန်းဥပဒေနှစ်ခုကို ပြတ်ပြတ်သားသား ကတ္တားခြားရန် ခက်ခဲနိုင်သည်။ ၎င်းနှစ်ခုကို အလွယ်တကူနှစ်ပိုင်း ခွဲခြားသတ်မှတ်ထားရှိခြင်းကို ရှောင်ရှားသင့်ပါသည်။
>
> Cotula ၊၂၀၀၇၊ စာ ၁၂

သစ်တောလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ အစီအမံများမှာ ပုံစံအမျိုးမျိုးဖြစ်သည်။ ဟားခါးမြို့နယ်၏ ကျေးရွာအများစုတွင် တောင်ယာ မခုတ်သော သစ်တောဧရိယာကို ထုံးတမ်းစဉ်လာလုပ်ပိုင်ခွင့်အရ တစ်ဦးချင်းကပိုင်ဆိုင်သည်။ ၁၉၆၀ နှစ်များအရောက်တွင် ပြဋ္ဌာန်းဥပဒေများကို တစ်စိတ်တစ်ပိုင်း တုန့်ပြန်ရခြင်းဖြင့်ဖြစ်စေ၊ ဆိုရှယ်လစ် မူဝါဒသို့ယိမ်း၍ဖြစ်စေ၊ သစ်တောစီမံခန့်ခွဲမှုကို စုပေါင်းဆောင်ရွက်လာပါသည်။ ဖလန်းနှင့် တီးတိန်မြို့နယ်များ၌ စီမံခန့်ခွဲမှုအတိုင်းအတာသည် ထင်းခုတ်ရယူမှုကိစ္စတွင် တစ်ဦးချင်းပိုင်ဆိုင်မှုနှင့် တစ်ဦးချင်း အသုံးအဖြတ်မှသည် စုပေါင်းပိုင်ဆိုင်မှုနှင့် စုပေါင်းသုံးဖြတ်မှုအထိ ကျယ်ပြန့်သည်။ ဤအစီအမံများသည် တောင်ယာစိုက်ကွက် အပြင်ဘက်ရှိ ကျေးရွာအနီး ရေအရင်းအမြစ်နှင့် ကာကွယ်တောနှင့် ဆိုင်သော သစ်တောများအတွက် မြစ်သည်။ တောင်ယာခုတ်ပြီး မြေလှပ်ထားသော သစ်တောနေရာတွင် ထင်းခုတ်၊ တင်းကောက်ခြင်းအတွက် စည်းမျဉ်းတစ်မျိုး ရှိနိုင်သည်။ သို့မဟုတ် မည်သည့်အကန့်အသတ်မျှမရှိဘဲလည်း ဖြစ်နိုင်သည်။

## ၄(၃)။ ပြဋ္ဌာန်းဥပဒေသဖွယ် သဘောထားအပ်သည့် ထုံးတမ်းစဉ်လာဥပဒေ

ရှိရာအစဉ်အလာ မြေယာစနစ်အပါအဝင် ထုံးတမ်းစဉ်လာဥပဒေကြောင်းတို့ကို ဗြိတိသျှတို့၏အုပ်ချုပ်မှု အောက်တွင် ပြတ်သားစွာ ထိန်းသိမ်းပေးထားပါသည်။ မြန်မာနိုင်ငံ ၁၉၃၅ ခုနှစ် အစိုးရဥပဒေသည် သီးသန့် လူမျိုးစုများနှင့် သီးသန့်ပထဝီပင်ဧရိယာတို့တွင် ကျင့်သုံးနေသည့် ဥပဒေအပေါင်းအစုကို အတည်ပြု ပေးခဲ့ရာ ယနေ့ထက်တိုင် ပြန်လည်ရုတ်သိမ်းခြင်းနှင့် ပြဋ္ဌာန်းမှုအသစ်တစ်ခုဖြင့် လွှမ်းမိုးခြင်းတို့ မရှိသေးပေ။

ဓလေ့ထုံးစံနှင့် အညီ စီရင်မှုကို ထိန်းသိမ်းထားရေးဆိုင်ရာ ထုတ်ပြန်ချက်များကို ဒေသတရားရုံးနှင့် ဥပဒေအရာရှိများအတွက် ရည်စူး၍ လက်စွဲစာအုပ်များတွင် အတွဲလိုက်ဖော်ပြခဲ့သည်။ ဥပမာအားဖြင့် ပူတာအိုခရိုင်ရှိ ရှမ်းများအတွက် ခန္ဓီးလုံ၊ အထက် ချင်းတွင်းရှိ ရှမ်းများအတွက် ဆောင်ဟ်ဆပ်နှင့် ဆင်ကလိန် ခန္ဓီးဥပဒေများ၊ ၁၉၂၆ ခုနှစ် ပြစ်မှုနှင့် တရားမျှတမှုအမိန့်၊ ရှမ်းပြည်နယ်အတွက် ကျင့်သုံးရန် ရှမ်းမြည်နယ်လက်စွဲ၊ ချင်းတောင်တန်းအတွက် ညွှန်ကြားချက်နှင့် နောင်တွင် ချင်းဝိသေသတိုင်း ဥပဒေမြင့် အစားထိုးသောအမိန့် ညွှန်ကြားချက်များ ရှိပါသည်။ ဤနေရာတွင် ကချင်တောင်တန်းဒေသ လက်စွဲကို ထုတ်နုတ်ဖော်ပြလိုပါသည်။ ၎င်းသည် မြစ်ကြီးနား၊ ဗန်းမော်နှင့် ကသာအပိုင် သီးသန့်တောင်တန်းဒေသရှိ ကချင်၊ ပလောင်နှင့် အခြားသော လူမျိုးစုများအတွက် ကျင့်သုံးရန်ဖြစ်ပါသည်။

> “၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်းလူမျိုးစုဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန်ပါသည်။ ၎င်းသည် ဖော်ပြပါလူမျိုးစုများနှင့် နယ်မြေများအတွက် ယခုထိအာဏာသက်ရောက်ပါသည်။ ၎င်းသည် တြိဂံဒေသ  (မှတ်ချက် ။ ။ မေခမြစ်နှင့် မလိခမြစ်ကြား) နှင့် ဟူးကောင်းတောင်ကြားနယ်မြေအထိ သက်ရောက်ပါ သည်။ ထို့ကြောင့် မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင် တောင်တန်းဒေသတွင် ကျင့်သုံးရန် ဥပဒေနှစ်မျိုး ရှိပါသည်။ ပထမဥပဒေမှာ ဖော်ပြပါလူမျိုးစုအရေးအရာ ကိစ္စများအတွက် အကျုံးဝင်ပါသည်။ နောက်ဥပဒေတစ်ခုမှာ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရဥပဒေဖြင့် ထပ်မံတိုးချဲ့ထားပြီး နယ်မြေဒေသတစ်ခုလုံးနှင့် အကျုံးပင်ပါသည်[၃၂]။”

ရှိရှင်းစွာဆိုရလျှင် ထုံးတမ်းစဉ်လာဥပဒေသည် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားတစ်ခုအတွင်းရှိ သီးသန့်လူမျိုးစုအတွက် ကျင့်သုံးနိုင်ပြီး ပြဋ္ဌာန်းဥပဒေသည် ထိုဒေသအတွင်းရှိ ထိုလူမျိုးစုအုပ်စုနှင့် မဆိုင်သူများ အတွက် အကျုံးဝင်နေပါသည်။ သို့သော် အရေးကြီးအချက်တစ်ခုမှာ ၁၉၆၂ ခုနှစ်နောက်ပိုင်း ထုတ်ပြန်သော ဥပဒေအားလုံးသည် နိုင်ငံ၏နေရာဒေသအားလုံးပေါ် တညီစွာ

---

၃၂။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ (၀၉၆၀)၊ ရှေ့သို့စာစောင်ကိုကြည့်ပါရန်၊ စာမျက်နှာ ဖော်ပြမထား

အကျိုးသက်ရောက်မှုရှိသည်ဆိုသော ဥပဒေ၏ လွှမ်းမိုးထားသောအချက်ကို သိထားရန် လိုပါသည်[၃၃]။

ယခုလို ဥပဒေနှင့် ညွှန်ကြားချက်များကို စုစည်းကြည့်ရာတွင် အစိုးရအုပ်ချုပ်ရေးအရာရှိများအနေဖြင့် ယနေ့တိုင် မီငြမ်းပြုထားသည့် "ကျေးရွာလူကြီးသည် ဓလေ့ထုံးတမ်းစဉ်လာအရ သူ့ကိုအမှူးထားပေးသော လူမျိုးစု၊ မျိုးနွယ်စု သို့မဟုတ် ကျေးရွာအပေါ် အထွေထွေအုပ်ချုပ် ထိန်းသိမ်းမှု ရှိသည်" ဟုသော စကားရပ်တစ်ခုကို တွေ့ရပါသည်[၃၄]။ ယခင်ကတည်းကရှိနှင့်သော ထုံးတမ်းစဉ်လာဥပဒေသာကေနှင့် ဖြတ်ထုံးများရှိ အကြောင်းခြင်းရာများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လက်စွဲကျမ်းများ၌ ဒေသခံသစ်တောအသုံးပြုမှု အခွင့်အရေးကို ထောက်ထား လေးစားရန် လိုအပ်ကြောင်း ဖော်ပြပါသည်။ တစ်ချိန်တည်းပင် သစ်တောထွက်ကုန်ပေါ် ကချင်တို့၏ မည်သည့် အကြွင်းမဲ့အခွင့်အရေးကိုမဆို အသိအမှတ်ပြုရန် ငြင်းဆိုထား၍ ကချင်တောင်တန်းဒေသတွင် သစ်တောသီးသန့် ယူထားရန် ဖွဲ့စည်းရေးကို ဥပဒေကြောင်းဖြင့် ကန့်ကွက်ထားသော အချက်များလည်း ရှိပါသည်[၃၅]။ ကျေးရွာ နယ်နိမိတ်များကို မြေပုံထုတ်၍ မှတ်သားထားရန်လိုကြောင်း ညွှန်းဆိုထားချက်များလည်း ရှိပါသည်[၃၆]။ အမှုအခင်းများကို မြန်နိုင်သမျှ မြန်ဆန်စွာ ဖြေရှင်းပေးရန်နှင့် နယ်နိမိတ်စည်းရိုး အငြင်းပွားမှုများဖြစ်ပေါ်လျှင် နှစ်ဖက်စုံညီတွင် ဘက်လိုက်မှုကင်းသော လူကြီးသူမနှင့် ရွာလူကြီးများအကူအညီဖြင့် စီရင်ဆုံးဖြတ်ခြင်းဖြင့် ကျေနပ်ဖွယ်ရာ အကောင်းဆုံးရနိုင်မည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့ပါသည်[၃၇]။

ဤစာပိုဒ်များသည် အစိုးရ၏ ကျလပ်ပြန့်လာသောလွှမ်းမိုးမှုများနှင့်အတူ သယံဇာတများကို ထုတ်ယူအသုံးပြုရန်အတွက် သစ်တော ထိန်းသိမ်းမှုကို တိုးချဲ့ဆောင်ရွက်လိုလာခြင်းနှင့် တပြိုင်နက်ထဲမှာပင် ဒေသန္တရ အခွင့်အလမ်းများကို လေးစားသမှုပြုလိုခြင်းတို့၏ အားပြိုင်လာမှုကို ဖော်ထုတ်ပြသနေပါသည်။

ဘောင်ခတ်ထားသော "ပြောင်းလဲနေသောစနစ်ကို ရှုဖြင်သုံးသပ်ခြင်း" စာပုဒ်ဖြင့် သရုပ်ဖော်တင်ပြ ထားသကဲ့သို့ တောင်တန်းဒေသရှိ မြို့နယ်ဥပဒေအရာရှိသည် ရပ်ရွာအတွင်း ဥပဒေချိုးဖောက်မှုကို စီရင်ရာတွင် ထုံးတမ်းစဉ်လာစည်းမျဉ်းနှင့် ပြဋ္ဌာန်းဥပဒေအနက် မည်သည့် လမ်းကြောင်းဖြင့် စီရင်အဖြစ်ပေးသင့်သည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အလားတူပင် အချင်းဖြစ်ပွားသူ နှစ်ဖက်ကလည်း မည်သည့် ဥပဒေ လမ်းကြောင်းက ပိုပြီးအရေးသာနိုင်လောက်သည်ကို တွက်ဆ၍ ရွေးချယ်ကြမည် ဖြစ်သည်။ မည်သို့ဆိုစေ ထုံးတမ်းစဉ်လာဥပဒေ သို့မဟုတ် အမှုအခင်းကို ဖျန်ဖြေသော ရိုးရာအစဉ်လာနည်းလမ်းများသည် ယနေ့တောင်ယာလုပ်သူများအတွက် ရေးကရှိနှင့်သော ဥပဒေများဖြစ်ကြပါသည်။ ဖြေယာနှင့် တရားမမှုများကို လက်တွေ့ဖြေရှင်းရာတွင်လည်း အစိုးရ ရုံးပြင်ကနွားကိုပသွားဘဲ ကျေးရွာလူကြီးနှင့် သက်ကြီးဝါကြီးကို၏ ခုံသမာဓိ ဆုံးဖြတ်ချက်ဖြင့် ပြီးကြပါသည်။

## ၄(၄)။ စနစ်အပြောင်းအလဲ

ရိုးရာအစဉ်လာ လုပ်ပိုင်ခွင့်စနစ်များသည် ၎င်းတို့ထိန်းကျောင်းထားသော စိုက်ပျိုးရေးစနစ်ကဲ့သို့ ရွေ့လျား ပြောင်းလဲနေပြီ ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်ခန့်က တောင်တန်းဒေသနေရာများတွင် အပြောင်း အလဲများ သိသိသာသာဖြစ်ပွားခဲ့ပါသည်။ ယင်းတို့အနက် လူဦးရေတိုးလာခြင်း၊ ပဋိပက္ခများကြာရှည်စွာ ဖြစ်ပေါ်နေခဲ့ခြင်း၊ ပြန်လည်နေရာချခြင်းနှင့် လူဦးရေပြောင်းရွှေ့ခြင်း၊ သစ်တောကြိုးဝိုင်းများ တိုးချဲ့ဖန်တီးလာခြင်း၊ ဈေးကွက် စီးပွားရေးစနစ်ဝင်ရောက်လာခြင်း စသည့်အချက်တို့သည် ရိုးရာလုပ်ငန်းနှင့် မြေယာစီမံခန့်ခွဲမှုတို့အပေါ် အတူ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ချင်းတောင် လိုင်းလ်စနစ်၏ အထက်တင်ပြပါနမူနာနှင့် ဘောင်ခတ်ထားသော ကောက်နုတ်ချက်များအတိုင်း လူနေမှုနှင့် မြေယာအသုံးချမှုစနစ်တို့သည် ရွေ့လျား ပြောင်းလဲလာကာ လူမှုပတ်ဝန်းကျင်နှင့် သဘာဝအပြောင်းအလဲတို့ကို တုန့်ပြန်၍ လိုက်လျောညီထွေ ဖြစ်ပေါ်လာရ ပြန်ပါသည်။

လူမှုအဆောက်အအုံ ပြောင်းလဲသွားသလို မြေယာစီမံခန့်ခွဲမှုစနစ်လည်း ပြောင်းလွဲသွားခဲ့ပါသည်။ လုပ်ပိုင်ခွင့်စည်းကမ်းဆိုသည်မှာ ဖြေယာရပိုင်ခွင့်ကို မည်သို့ထိန်းကျောင်းထားသည်ဆိုသော အုပ်စုတစ်ခုအတွင်းရှိ သဘောတူညီမှုတစ်ခုသာဖြစ်ပေရာ အဆိုပါ ထိန်းကျောင်းမှု နည်းလမ်းများကို ဆုတ်ကိုင်ထားသော လူမှုစနစ်သည် ပြောင်းလဲသွားသောအခါ မြေယာလုပ်ပိုင်ခွင့်စည်းမျဉ်းများလည်း ပြောင်းလဲရပေတော့သည်။

---

၃၃။ ကိုလိုနီအုပ်ချုပ်ရေးအောက်တွင် ကချင်အပါအဝင်အထက်ဗမာဖြည်ကို ၁၈၈၆ ခုနှစ် မေလ ၄ ရက် အမိန့်ကြော်ငြာစာ အရ စည်းမျဉ်းချထားသော ခရိုင်အဖြစ် ဖွဲ့စည်းထားပါသည်။ အောက်ဗမာပြည်၌ အာဏာသက်ပင်သော ဥပဒေများကို အဆိုပါ စည်းမျဉ်းချထားသော ခရိုင်တွင် အကျုံးမဝင်ပေ။ ချွင်းချက် အဖြစ် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအစိုးရအက်ဥပဒေနှင့် ၁၈၉၈ ခုနှစ် ဗမာဥပဒေများ ၁၈၇၄ ခုနှစ် စည်းမျဉ်းချခရိုင် အက်ဥပဒေကို ရည်ညွှန်းလျက် အောက်ဗမာပြည်ဥပဒေကို သီးသန့်ဆွဲယူ သုံးနိုင်သော ကိစ္စရပ်အနည်းငယ် ရှိပါသည်။ ဥပမာအားဖြင့် ဤအစီရင်ခံစာ၏ အခန်း ၅ ၌ ဖော်ပြပါရှိသည့်အတိုင်း "အထက်ဗမာပြည်မြေနှင့် အခွန်တော်စည်းမျဉ်းဥပဒေ ၁၈၇၄ ခုနှစ်ကို တောင်တန်းဒေသ လူမျိုးစုသို့ တိုးချဲ့ချမှတ်ခြင်း (ကချင်တောင်တန်း ဒေသလက်စွဲ၊ နိုင်ငံရေးဌာန အမိန့်ညွှန်ကြားချက် အမှတ် ၁၅၊ ၁၉၃၅ ခုနှစ် ဇွန်လ ၁၅ ရက်ကို ရည်ညွှန်းပါသည်။) မည်သို့ဆိုစေကာမူ တော်လှန်ရေး ကောင်စီစတင်အာဏာယူသည့်နေ့ (၁၉၆၂ ခုနှစ် မတ်လ ၂ ရက်) နောက်ပိုင်းမှစပြီး ထုတ်ပြန်သော ဥပဒေအားလုံးသည် တစ်နိုင်ငံလုံးအပေါ် ကျင့်သုံးနိုင်ပါသည်။ (ဥပမာ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေ)။ ထို့အပြင် အရေးကြီးသောအချက်တစ်ရပ် ရှေ့ဥပဒေနှင့် နောက်ဥပဒေတို့ ဝိရောဒိဖြစ်ခဲ့လျှင် နောက်ဥပဒေသည်သာ အတည်ဖြစ်သည်။ (၁၉၇၃ ခုနှစ် ဥပဒေ အဓိပ္ပာယ် ဖွင့်ဆိုချက် ပုဒ်မ ၃(ဆ) ဟု မှတ်သားရန် ရှိပါသည်။)

၃၄။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ၁၉၆၀၊ စာ - ၃

၃၅။ ဖြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ၁၉၆၀၊ စာ - ၁၄၀

၃၆။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ၁၉၆၀၊ စာ - ၁၃၀

၃၇။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ၁၉၆၀၊ စာ - ၁၉၁-၁၉၂

ထိုမှတပါး‌ဓလေ့ထုံးတမ်းနှင့် ပြဋ္ဌာန်းဥပဒေတို့သည် တစ်ခုပေါ် တစ်ခု လွှမ်းမိုးတတ်ကြပေသည်။

ဥပမာ ကချင်၊ မွန်၊ ပလောင်တို့ကို တောင်ပေါ်ရှိ သီးခြားတဲစုများမှ စုပေါင်း၍ လမ်းဘေးရှိကျေးရွာတစ်ခုကို နေရာချထားလိုက်သောအခါ သူတို့သည် ကျေးရွာသစ်တွင် နေထိုင်သည့်ရပ်ကွက်မတူသော်လည်း လူမျိုးစုအလိုက် တစ်ပေါင်းထဲ စုစည်းပြီး လူမှုရေးရာနှင့် မြေယာစီမံခန့်ခွဲမှုစနစ်တို့ကို ဆောင်ရွက်လာကြပါသည်။ မြေယာရယူမှုသည် ရှိရာလိုက်သော မျိုးနွယ်စုအပေါ် တစ်စိတ်တစ်ပိုင်းမျှသာ အမှီပြုနိုင်ပါသည်။ အကြောင်းမှာမူ ဒေသသစ်တွင် ၎င်းတို့၏ ခေါင်းဆောင်အနေဖြင့် အကန့်အသတ်နှင့်သာရရှိသော မြေယာကို ခွဲဝေပေးရခြင်းကြောင့် ဖြစ်သည်။ အချို့အိမ်ထောင်စုကလည်း ရွာဟောင်းများတွင် ကျန်ရစ်ခဲ့သော မြေယာကို ထွန်ယက်ဖို့ ရာသီလိုက် ရွှေ့ပြောင်းနေထိုင်ကြခြင်းကြောင့်လည်း ဖြစ်ပါသည်။ ဗမာစကားကို ပိုင်ပိုင်နိုင်နိုင်ပြောတတ်၍ အဝင်အထွက် ကျင်လည်သောမျိုးနွယ်စု ခေါင်းဆောင်အနေဖြင့် ဒေသအာဏာပိုင်များကို ချဉ်းကပ်နိုင်ပြီး မြေယာကို ၎င်းအတွက်နှင့် ၎င်း၏မျိုးနွယ်စုအတွက် ကောင်းကောင်း ရယူတတ်ပါသည်။ ရှေးယခင်ကကဲ့သို့ မဟုတ်တော့ဘဲ လုပ်ပိုင်ခွင့်သည် ပြဋ္ဌာန်းဥပဒေအပေါ် ပို၍မှီခိုအားထားလာရပါသည်။ ကြေးရတတ် အိမ်ထောင်စုအချို့မှာ လယ်မြေကို မှတ်ပုံတင်လာနိုင်ခဲ့ပါသည်။ ဓလေ့ထုံးစံစည်းမျဉ်းများကို သီးခြားခွဲထုတ်ပြီး ကြည့်မြင်ရန်မဖြစ်နိုင်တော့ပေ။ ကျယ်ပြန့်လာသော အခြေအနေတွင် ၎င်းကို အရပ်ဒေသအလိုက် မြေယာအား စီမံထိန်းကျောင်းခြင်း မူဘောင်ဟု ခေါ်ဝေါ်သတ်မှတ်သွားရပေတော့သည်[၃၈]။

လုပ်မြေနှင့် ပတ်သက်၍ **'ဆက်စပ်ပေါင်းစည်းမှု'** နှင့် **'တစ်ပိုင်းတစ်စ'** စနစ်များအနက် မည်သည့်စနစ်ကို ပိုမိုးသည်ဆိုစေ၊ မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်စနစ်များကား ပြောင်းလဲလာပါသည်။ အပြောင်းအလဲ လမ်းကြောင်းနှင့် ရလဒ်များကား ဒေသအခြေအနေကိုလိုက်၍ ကွဲထွက်သွားပါသည်။

## ၄(၅)။ ထုံးတမ်းစဉ်လာ လုပ်ကိုင်ခွင့်စနစ်နှင့် ပြဋ္ဌာန်းဥပဒေ၏လုပ်နည်းလုပ်ဟန်များ

မပါမဖြစ်အလည့်ကျ မြေလုပ်စနစ်တွင် ကျေးရွာအားလုံးသည် ထုံးတမ်းစဉ်လာဥပဒေအရ မည်သည့်မြေယာသည် ရွာပိုင်ဖြစ်သည်၊ မြေယာ၌ မည်သို့အမှတ်အသားများရှိသည်၊ စိုက်ပျိုးဖို့၊ အမဲလိုက်ဖို့၊ တောထွက် ပစ္စည်းရှာဖို့၊ မည်သည့်မြေယာဒေသမှာ ဆောင်ရွက်နိုင်သည် စသည်တို့ကို နားလည်ထားပြီး ဖြစ်သည်။ တောင်ယာလုပ်သူတို့သည် သစ်တောများကို အမျိုးအစားအလိုက် သိကြသည်။ မြေလုပ်ထား၍ တောင်ယာခုတ်ထွင် စိုက်ပျိုးရမည့် သစ်တော၊ တောင်ယာ မလုပ်ရဘဲ ဖယ်ထား၍ အမဲလိုက်ခြင်း၊ သစ်ခုတ်ခြင်း၊ အခြားသစ်တော ထွက်ကိုယူခြင်းတို့ကို လုပ်ဆောင်နိုင်သည့် သစ်တောဟူ၍ ခွဲခြားသတ်မှတ် လေ့ရှိပါသည်။ ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့် စနစ်အရ အလုံးစုံသော သစ်တောဧရိယာနှင့် လယ်ယာမြေများအပေါ် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ စီမံဆောင်ရွက်သော လုပ်မြေများသည် ကျေးရွာမြေများ မြစ်ကြပါသည်။

တောင်ပေါ်ဒေသ၌ မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ထုံးတမ်းစဉ်လာနှင့် ပြဋ္ဌာန်းဥပဒေတို့သည် အခါခပ်သိမ်း တစ်ထပ်တည်းကျလေ့မရှိပေ။ ပထမအချက်အရ တောင်ပေါ်ရှိ ကျေးရွာနယ်နိမိတ်နှင့် အိမ်ထောင်စုပိုင်မြေယာတို့သည် အစိုးရ၏ မှတ်တမ်းများ၌ မရှင်းလင်းလှပေ။ ကြေး/မြေ ဌာန၏ ကွင်းဆင်းမှတ်စုစာအုပ်၌ ကျေးရွာနယ်နိမိတ်ကို မြေမြင်ရှိထင်ရှားသော အမှတ်အသားများ ခန့်မှန်းအကွာအဝေးများဖြင့် ဖော်ပြထားရှိနိုင်ပါသည်။ သို့သော် ကွင်းနင်းမြေပုံ ရေးဆွဲထားခြင်းမရှိတတ်ပေ။ မည်သည့်တောင်ယာမြေ တစ်ကွက်တစ်လေမျှကို ကွင်းနင်း မှတ်သားခြင်း၊ မြေပုံဆွဲထားခြင်းမရှိပေ။

ထုံးတမ်းစဉ်လာစနစ်တွင် အလည့်ကျမြေလုပ်ထားနိုင်ရန် မြေယာကျယ်ကျယ်ဝန်းဝန်းကို ကျေးရွာမြေအဖြစ် မှတ်သားကြပါသည်။ ၎င်း၏ အပိုင်းအခြားတစ်ခုကို နှစ်အလိုက် သီးနှံစိုက်မည့်အကွက်၊ မြေလုပ်ထားမည့်အကွက် စသည်တို့အဖြစ် သတ်မှတ်ကြပါသည်။ လုပ်မြေ ဆိုရာ၌လည်း အပြီးပစ်ထားသော အကွက်မဟုတ်ဘဲ ရွာဘုံမြေ သို့မဟုတ် အိမ်ထောင်စုတစ်ခုချင်းပိုင် ဖြစ်နိုင်ပါသည်။ ရွာလုပ်မြေဆိုလျှင် စားကျက်ဖြစ်စေ၊ သစ်တောဖြစ်စေ သုံးကြပါသည်။ သို့ရာတွင် အစိုးရဌာနများအနေဖြင့်မူ စိုက်ပျိုးမြေဟု အတန်းအစားခွဲထားသော မြေယာသည် မှတ်ပုံတင်ဦးပိုင် ပေါက်ထားသူမရှိဘဲ လက်တလောမြေလုပ်ထားပါက မြေယာကို အမြည့်အဝအသုံးချခြင်း မပြုသော မြေရိုင်းအဖြစ် သတ်မှတ်ပါသည်။ ဖော်ပြပါ မြေရိုင်းများသည် အစိုးရက စိုက်ပျိုးရေးတိုးချဲ့မှုကို တွန်းအားပေးနေသော အချိန်တွင် ၁၉၉၁ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများချထားစီမံမှု အက်ဥပဒေအရ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ခွဲဝေပေးမည့် မြေစာရင်းတွင် ပါဝင်နေလေ့ရှိပါသည်။

ဤအချက်သည် အသေးစားတောင်သူများ၏ မြေယာရရှိနိုင်မှုနှင့် ဝမ်းရေးဖူလုံမှုတို့အပေါ် အနုတ်လက္ခဏာ ဆောင်သော ရလဒ်များ ထွက်ပေါ်လာစေသည်။ အမှန်စင်စစ် သီးနှံစိုက်ပျိုးခြင်းနှင့် မြေလုပ်ခြင်းဆိုင်ရာ ထုံးတမ်း စဉ်လာမြေယာဥပဒေကို အလေးထားစဉ်းစားဝေးရမည့် စည်းမျဉ်းမူဘောင်များ အားနည်းနေခြင်းကြောင့် ယနေ့တောင်တန်းဒေသရှိ အသေးစားတောင်သူများအမို့ ပြဿနာကြီးများ ရင်ဆိုင်ရခြင်း ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ဝမ်းစာဖူလုံရေးအပေါ် ရိုက်ခတ်ဝေတော့မည်။

---

၃၈။ Cotula, Lorenzo (တည်းဖြတ်)၊ ၂၀၀၇၊ စာ - ၁၀၅

**စနစ်အပြောင်းအလဲကို တွေးမျှော်ကြည့်ခြင်း** **ကြေးမျှင်းဘောင် (က)**

ချင်းပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာအချို့သည် စပါး ပြောင်းဖူး၊ ဟင်းသီးဟင်းရွက်စိုက်ရန် သို့မဟုတ် သီးနှံ သစ်တောတွဲဖက်စိုက်ရန် ရွာဘုံအကွက်တို မိုးကောင်းသောတ် သို့မဟုတ် ရေသွင်းစိုက်ကွက် များအဖြစ် လှေကားကစ် လယ်ယာများ ဖော်တုတ်လာကြပါသည်။ NGO အဖွဲ့ဝန်တမ်းတစ်ဦးအနေဖြင့် ဤလုပ်ငန်းစဉ်ကို အားပေးထောက်ခံပြီး မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်အပေါ် ရိုက်ခတ်သက်ရောက်နိုင်မှု အလားအလာကို အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်။

အမြဲတမ်း စိုက်ပျိုးရေးစနစ်ဖြစ်ထွန်းလာရေးလုပ်ဆောင်ချက်များမှ စိတ်ဝင်စားစရာအချက်များ တွက်ပေါ် လာသည်။ ပတပအချက်မှာ မြေယာပိုင်ဆိုင်မှုကိစ္စဖြစ်သည်။ စုပေါင်းမြေလုပ်ထားသော အကွက်များကို တစ်ဦးပိုင် အမြဲတမ်း အတွက်ပြုလုပ်သောအခါ အိမ်ထောင်စု၏ ပိုင်ဆိုင်လုပ်ပိုင်ခွင့်ကို သတ်မှတ်ရမည်ဖြစ်သည်။ အရှားအားဖြင့် လုပ်ပိုင်ခွင့်ကို နှုတ်ပြောဖြင့် သတ်မှတ်တတ်သည်။ သို့မဟုတ် လယ်သမားနှင့် လယ်သမားကိုယ်စားပြုသက်သေ နှစ်ဦး၊ ရွာလူကြီး သို့မဟုတ် သက်ကြီးဝါကြီးတို့အကြား ထုတ်ဖော် ကြေညာသမှု ပြုရပါမည်။ ကြေညာချက်တွင် နယ်နိမိတ်သတ်မှတ်ချက် ဖော်ပြရပါမည်။ ရွာနှင့် လယ်သမား၏ ကိုယ်စားလှယ်တို့အလွယ်တကူ မှတ်မိလွယ်သော မြေပြင်အမှတ်အသားများကို အငြင်းပွားမှု ဖြစ်လာခဲ့ လျှင် သိမြင်တင်ရှားအောင် ဖော်ပြထားရပါမည်။ ဤမှုက်မြင် သတ်သေ၏ နှုတ်ပြောသဘောတူညီချက်သည် ထုံးတမ်းစဉ်လာ ဥပဒေအရ ဥပဒေတွဲ့သို့ ချုပ်နှောင်ထားသော မြေယာလုပ်ပိုင်ခွင့်ကို ချမှတ်ပေးပြီး ဖြစ်ပါသည်။

အမြဲတမ်းစိုက်ကွက်အဖြစ်ချမှတ်ရန် ကျေးရွာကသဘောတူညီရန် လိုပါမည်။ ဤအချက်မပါလျှင် အငြင်းပွားမှု ဖြစ်နိုင်ပါသည်။ အမြဲတမ်းစိုက်တွက်ကို နေရာပေးရမည်ဖြစ်ဆောကြောင့် ကျေးရွာသည် ရွှေ့ပြောင်းတောင်ယာစနစ်အတွက် မြေယာကို ပြန်လည်ဖွဲ့စည်းရပေမည်။ မြေယာမှာ အတန့်အသတ်ဖြစ်လာ၍ ကျပ်တည်းသော အိမ်ထောင်စုများအတွက် ဝမ်းရေးဖူလုံမှုကို ခြိမ်းခြောက်မှု ပြုနိုင်ပါသည်။

အမြဲတမ်းစိုက်တွက်သို့ ပြောင်းလဲပေးခြင်းသည် ယခင်တ မြေယာဈေးကွက်မရှိခဲ့ရာမှ ယာခုတန်ဖိုး တစ်ခုဖြစ်ပေါ် လာသည်။ လယ်စပါးဖြစ်စေ၊ သစ်သီးခြံဖြစ်စေ လှေကားတစ်လယ်ယာတွင် အတည်တကျ အမြဲတမ်း စိုက်လာနိုင်ပါမည်။ ဤအချက်သည် ကျေးရွာအတွင်း လူတန်းစားခြားနားမှုများ ဖြစ်ပေါ်လာစေ၍ အမြဲတမ်း စိုက်ကွက်များ ပြုလုပ်နိုင်သူသည် အိမ်ထောင်စုပိုင်ဝစ္စည်းများ ပိုများလာ၍ တုတ်လုပ်မှုလည်း တိုးတက်လာမည်။ အမြဲတမ်းစိုက်ကွက်များပြုလုပ်ရန် မတတ်နိုင် သူအဖို့ ထုတ်လုပ်မှုတန်ဖိုး မယက်နိုင်တော့ပေ။

ကျပ်တည်းခက်ခဲသော အိမ်ထောင်စုများသည် ၎င်းတို့၏ မြေယာရယူမှုပိုမိုကောင်းလာစေရန် NGO အဖွဲ့အနေ ဖြင့် ခင်းရဲသောအိမ်ထောင်စုများအား အလုပ်လုပ်၍ စားစရာရရှိရန် စီမံပေးနိုင်သည်။ သို့မဟုတ် အမြဲတမ်း စိုက်ကွက်များ ထူထောင်ရန် ပံ့ပိုးပစ္စည်းများ သက်သာအောင်ချမှတ်ပေးနိုင်သည်။ တုတ်လုပ်မှုအမယ်တိုးမြှင့်၍ အားသွန်ခွန်စိုက်လုပ်နိုင်ရန် စရိတ်ကျဉ်းလက်လှမ်းမှီနည်းပညာများကိုလည်း သွတ်သွင်းပေးနိုင်သည်။ စကျေးရွာတ စီမံသော မြေယာဖွံ့ဖြိုးရေးစီမံတိန်း၌ ကျပ်တည်းသော အိမ်ထောင်စုများပါသာ တူညီမှု ပါဝင်လာစေရန် NGO အဖွဲ့သည် ကျေးရွာအတွင်းစုပေါင်းဆွေးနွေး၍ ကျပ်တည်းသော အိမ်ထောင်စုများပါ ပါဝင်လာနိုင်ရေး၊ ၎င်းတို့ကို ဦးစားပေး၍ အမြဲတမ်း စိုက်တွက်နှင့် ရေရရှိအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စတို့ကို ကြိုးပမ်းခြင်းမပြုရသေးသော်လည်း အမြဲတမ်းစိုက်ပျိုးခြင်းနှင့် နည်းပညာများဖြင့် ပိုမိုအား တည့်ဆောင်ရွက်နိုင်ခြင်းသည် စားနပ်ရိက္ခာဖူလုံစေခြင်းသို့ ရှေ့ခြေတစ်လှမ်းတိုးနိုင်သည် သာမထ အနာဂတ်အတွက် ခိုင်မာ သေချာသော မြေယာလုပ်ပိုင်ခွင့်စနစ်အတွက် အုတ်မြစ်ချ ပေးနိုင်မည်ဟု NGO အဖွဲ့အနေဖြင့် ယုံကြည်အားထားမိပါသည်။







# ၅ ပြဋ္ဌာန်းဥပဒေများ - မြေယာနှင့် သစ်တောဥပဒေအကျဉ်းချုပ်

တောင်တန်းဒေသလုပ်ပိုင်ခွင့်ဆိုင်ရာ မြန်မာဥဝဒေများကို အကောင်းဆုံးနားလည်ရန် သမိုင်းခေတ် (၄) ခေတ်ကို နောက်ခံထားပြီး ကြည့်ပါမည်။ ၁၈၂၄ မှ ၁၉၄၈ ခုနှစ်အထိ ဗြိတိသျှကိုလိုနီခေတ်၊ ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အထိ ကိုလိုနီခေတ်လွန် လွတ်လပ်ရေးရပြီးကာလ၊ ၀၉၆၂ မှ ၀၉၈၈ ခုနှစ်အထိ ပြင်ပလွှမ်းမိုးမှုများကို ထံခါးပိတ်ပြီး ကိုယ်ပိုင်ဟန်ဖြင့် ထူထောင်ထားသော ဆိုရှယ်လစ်ခေတ်ကာလနှင့် ၁၉၈၈ မှ ယနေ့အချိန်အထိ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်ကာလတို့ ဖြစ်ပါသည်။ ဤအခန်းသည် သမိုင်းခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့သော မြေယာနှင့် သစ်တောဥပဒေတို့ကို အကျဉ်းချုပ်တင်ပြထားပါသည်။

## ၅(၁)။ ဗြိတိသျှကိုလိုနီခေတ် တစ်ဆင့်ခံအုပ်ချုပ်ရေးနှင့် မြေယာအမျိုးအစားခွဲခြားမှု

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို တစ်ဆင့်ချင်း စိုးမိုးအုပ်ချုပ်သွားဝါသည်။ ၀၈၂၄ ခုနှစ်တွင် ရခိုင်နှင့် တနင်္သာရီကို အစပြုခဲ့ပြီး ၁၈၅၂ ခုနှစ်တွင် မြန်မာပြည်အောက်ပိုင်း၊ မြစ်ပကျွန်းပေါ်နှင့် တမံးရိုးတနိုးဒေသအားလုံးကို သိမ်းပိုက်ခဲ့ကာ ၁၈၈၆ ခုနှစ်တွင် အထက်ဗမာပြည်နှင့် တောင်တန်းဒေသအပါအဝင် ယနေ့မြန်မာနိုင်ငံ၏ နယ်နိမိတ်အတိုင်းအတာ တစ်ခုလုံးကိုအပြီး သိမ်းပိုက်ခဲ့ပါသည်။ ဤကာလအတွင်း တောင်တန်းဒေသ၏ ယနေ့ မြေယာလုပ်ကိုင်ခွင့်အပေါ် ရိုက်ခတ်ခဲ့သော ဝေါလစီများသည် ကိုလိုနီစနစ်၏ နယ်ခြားဒေသအုပ်ချုပ်ရေးနှင့် သစ်တောကြိုးပိုင်း သတ်မှတ်ချက်များအပါအဝင် ဗြိတိသျှတို့၏ ပိုင်နက်အတွင်း မြေယာအားလုံးကို အမျိုးအစား ခွဲခြားပေးခဲ့သောဖြစ်ရပ်များမှ ပေါ်ပေါက်မြစ်ထွန်းလာခဲ့ပါသည်။

ကိုလိုနီစနစ်သည် ဗမာလူမျိုးတို့အများစုနေရာဒေသများတွင် တိုက်ရိုက်အုပ်ချုပ်၍ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုတို့ကို တစ်ဆင့်ခံအုပ်ချုပ်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်နှင့် မြေပြန့်လွင်ပြင်များတွင် တိုက်ရိုက် အုပ်ချုပ်မှုစနစ်အရ ရှိရင်းစွဲ ကျေးလက်အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ကိုလိုနီအုပ်ချုပ်ရေးအရာရှိများဖြင့် အစားထိုးခဲ့ပါသည်။ တောင်တန်းဒေသတွင် တစ်ဆင့်ခံအုပ်ချုပ်ရာတွင် နယ်စပ်ဒေသအုပ်ချုပ်ရေး ပုံစံဖော်ပြီး ကျေးရွာလူကြီးနှင့် စော်ဘွားစနစ်ကို အရှိအတိုင်းထားကာ ၎င်းတို့အပေါ်မှ ဗြိတိသျှဝန်ရှင်တော်မင်းကြီးက တိုက်ရိုက်အုပ်ချုပ်ပါသည်။ ဤပေါ်လစီ၏ အကျိုးဆက်မှာ တောင်တန်းဒေသတွင် ထုံးတမ်းစဉ်လာဥပဒေများ တည်တန့်ခဲ့၍ ၎င်းနှင့်အညီ စီရင်အုပ်ချုပ်ခဲ့သည်မှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်အထိ ဖြစ်ပါသည်။

အခွန်အကောက် ကောက်ခံလိုသောကြောင့် ဗြိတိသျှအစိုးရသည် ကွက်စိတ်မြေတိုင်းတာခြင်း၊ ကြေးတိုင်စိုက်ခြင်း၊ မြေခွန်စည်းကြပ်ခြင်း တို့ကို ၁၈၇၈ ခုနှစ်မှစ၍ အောက်ဗမာပြည်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မြေအမျိုးအစား ခွဲခြားသတ်မှတ်ခဲ့ပါသည်။ စိုက်ပျိုးအခွန် စည်းကြပ်မှု ရှုထောင့်မှ မြေကို အမျိုးအစားခွဲခြားရာတွင် စိုက်ပျိုးနိုင်သောမြေ (အခွန်စည်းကြပ်ခြင်း)နှင့် စိုက်ပျိုးခြင်းမပြုနိုင်သောမြေ (အမည်ခံမှု သို့မဟုတ် အခွန်လုံးဝ လွတ်ကင်းခြင်း) ဟု ခွဲခြားပါသည်။ စိုက်ပျိုးနိုင်သောမြေကို စပါးစိုက်လယ်မြေနှင့် ယာမြေ၊ ဥယျာဉ်ခြံမြေ၊ တောင်စောင်းများ၌ စိုက်ပျိုးလုပ်ကိုင်သော တောင်ယာမြေဟူ၍ ထပ်မံခွဲခြားပါသည်။ စိုက်ပျိုးခြင်းမပြုနိုင်သော မြေတွင် သစ်တောမြေ၊ စားကျက်မြေ၊ ရွာမြေ၊ အိမ်ယာမြေကွက်တို့ ပါပင်သည်။ (ယနေ့လက်ခံကျင့်သုံးနေသော မြေအမျိုးအစား ခွဲခြားသတ်မှတ်ချက် အသေးစိတ်ကို အခန်း ၆ (၃) ဇယား ၄ ၌ ကြည့်ပါ။)

ထူးခြားချက်တစ်ရပ်အနေဖြင့် သီးသန့်ကြိုးပိုင်းသစ်တောနှင့် သီးသန့်မဟုတ်သော သစ်တောများအပါအဝင် ကျယ်ပြန့်လှသော မြေအမျိုးအစားခွဲခြားထားမှုသည် ကိုလိုနီခေတ်ကာလမှအစပြုခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့အထိ အပြောင်းအလဲမရှိ တည်တန့်ခဲ့ပါသည်။ မြေကို စိုက်ပျိုးမြေ၊ သစ်တောမြေ၊ ယာမြေ သို့မဟုတ် မြေရိုင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းသည် မြေယာလုပ်ကိုင်ခွင့်ရရေးအတွက် မည်သည့်ဌာနများထံ မည်သို့သော နည်းလမ်းများဖြင့် လျှောက်ထားရမည်ဆိုသော လုပ်ငန်းရပ်များတွင် သီးခြားစီဖြစ်သွားစေခဲ့ပါသည်။ ထို့အတူ မြေအမျိုးအစားခွဲခြားပေးလိုက်မှုသည် ယနေ့တောင်တန်းဒေသအပေါ် အကြီးအကျယ်ရိုက်ခတ်စေခဲ့ပါသည်။

တည်ဆဲအောက်ဗမာပြည် အခွန်ကောက်ခြင်းစနစ်ကိုသုံးထားသော အထက်ဗမာပြည်မြေနှင့် အခွန်တော် ဥပဒေသည်လည်း ၀၈၈၉ ခုနှစ်တွင် တောင်ပေါ်ဒေသ၌ ကျင့်သုံးခဲ့ပါသည်။ စပါးနှင့် တောင်ယာအပါအ၀င် စိုက်ပျိုးနိုင်သော မြေအားလုံးကို အခွန်ကောက်ယူလိုက်ခြင်းပင် ဖြစ်ပါသည်။ ဤဥပဒေသည် ယနေ့အထိ အသက်ဝင်နေဆဲ ဖြစ်ပါသည်။ တရားပင်မြေတိုင်းထားသော မြေပုံများ မရှိသမြင့် ကျေးရွာတွင် တစ်အိမ်ချင်းအလိုက် နှစ်စဉ် အခွန်စည်းကြပ်ရန် မြေ၏ အကျယ်အဝန်းနှင့် အဆင့်အတန်းကို မှတ်သားထားသော ကျေးရွာ၏ အခွန်စာရင်းသည် ဝေးလံသော တောင်ပေါ်ရွာများ၌ မြေယာအမှုအခင်းများ ဖြစ်ပေါ်လာလျှင် မြေအသုံးချပိုင်ခွင့်ကို ဆုံးဖြတ်ပေးရန် အရေးဝါသည့် အထောက်အထားတစ်ခု ဖြစ်လာပါသည်။

၁၈၅၆ ခုနှစ်တွင် သစ်တောဌာနကို ဖွဲ့စည်းခဲ့သည်။ ကျွန်းသစ်ထုတ်လုပ်မှု တစ်မျိုးတည်းသာ ဇောင်းပေးထားခြင်း မဟုတ်သော်လည်း ၎င်းကို အဓိကအားပြုထားပြီး ရေရှည်စီးပွားဖြစ် သစ်ထုတ်လုပ်ရေးကို အားပေးရန် စနစ်တကျရေးဆွဲချမှတ်သော သိပ္ပံနည်းကျသစ်တောဝညာရပ်လည်း ပေါ်ထွန်းခဲ့ပေသည်။ ဤရည်မှန်းချက် ပန်းတိုင်ကိုရောက်ရေးအတွက် ကျွန်းသစ်နှင့် အခြားအဖိုးတန်သစ်မာများကို ထုတ်ရန်ကြိုးဝိုင်းသစ်တောစနစ်ကို ချမှတ်ခဲ့ ပါသည်[၃၉]။ ဤကြိုးဝိုင်းတောမှာ သစ်တောဌာနအတွက် သီးသန့်သုံးရန် ဖြစ်ပါသည်။ ကျေးရွာများနှင့် ဒေသတွင်းသုံးနိုင်ရန်အတွက်မှ **"ဒေသသုံး သစ်တောနယ်မြေ"** သတ်မှတ်၍ ခွင့်ပြုပေးခဲ့ပါသည်။ ၁၈၈၁ ခုနှစ်နှင့် ၁၉၀၂ ခုနှစ် သစ်တောနည်းဥပဒေများဖြင့် သစ်တောဌာနသည်အားဖြည့်ပြီး ကြိုးဝိုင်းကာကွယ်တောကို အထက်ဗမာပြည်ထိ တိုးချဲ့သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ကြိုးဝိုင်းသစ်တောကို ထိန်းချုပ်သည်သာမက ဂေဟစနစ် ပျက်စီးလွယ်စေ၍ဖြစ်စေ၊ ကျွန်းသစ်များပါ၀င်ပေါက်ရောက်နေလျှင်ဖြစ်စေ၊ ထိုဒေသအတွင်းရှိ ရွှေ့ပြောင်းတောင်ယာ စိုက်နည်းစနစ်ကိုလည်း ထိန်းချုပ်ခဲ့ပါသည်။ ၁၈၇၆ ခုနှစ်တွင် အဖိုးတန်သစ်မာအမျိုးအစားတွင် ပါဝင်သည့် သစ်မျိုးစိတ် ၁၅ မျိုးကို သီးသန့်ကြိုးဝိုင်းစာရင်း၌ ထည့်သွင်းပါသည်[၄၀]။ အဓိပ္ပါယ်မှာ ထိုသစ်တို့ကို သစ်တောဌာန ခွင့်ပြုချက်ရမှသာ ခုတ်ယူခွင့်ရပါသည်။ ၀၉၁၀ ခုနှစ်တွင် ဗြိတိသျှတို့ အုပ်စိုးသော စတုရန်းမိုင် ၀၇၀၀၀၀ အကျယ်၊ နိုင်ငံဧရိယာ၏ ၁၅ ရာနှုန်းသည် ကြိုးဝိုင်းတောဧရိယာဖြစ်လာကာ ယင်းတို့၏ တစ်ဝက်မှာ အထက်ဗမာပြည်၌ တည်ရှိပေသည်[၄၁]။

## ၅(၂)။ လွတ်လပ်ရေးခေတ် - နိုင်ငံပိုင်မြေယာပြုလုပ်ခြင်း

မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ ပါလီမန်ဒီမိုကရေစီခေတ်၏ အဓိကကျသောဆောင်ရွက်ချက်မှာ ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ (၁၉၄၈ ခုနှစ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ) ကို ထုတ်ပြန်၍ နိုင်ငံတော်သည် မြေအားလုံးကို ပိုင်ဆိုင်သူဖြစ်လာပါသည်။ ဤဥပဒေ၏ အဓိကပစ်မှတ်မှာ ကိုလိုနီခေတ်ကာလ မြစ်ဝကျွန်းပေါ်ဒေသ၌ တောင်သူလယ်သမားတို့၏ မြေယာအများအပြားကို သိမ်းပိုက်ရယူနိုင်ခဲ့သော အိန္ဒိယနိုင်ငံသား ငွေတိုးချေးစားသူ ချစ်တီးများလက်မှ မြေယာများ ပြန်လည်သိမ်းယူနိုင်ရေးပင် ဖြစ်ပါသည်။ ဤဥပဒေအရ တောင်သူလယ်သမားသည် အာမခံအခွင့်အရေး သုံးမျိုးရပါသည်။ (၁) မြေယာ လုပ်ကိုင်နိုင်ခွင့် သို့မဟုတ် မြေယာကို လက်ရှိထားနိုင်ခွင့်၊ (၂) ယင်းသို့ လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်များကို ခံစားနိုင်ခွင့်နှင့် (၃) ထိုလယ်ယာမြေကို ခွဲစိတ်နိုင်ခွင့် သို့တည်းမဟုတ် လွှဲပြောင်းပေးနိုင်ခွင့်၊ အခွေပေးနိုင်ခွင့်တို့ ဖြစ်ပါသည်။ ဤသို့ဖြင့် ပါးအစည်းတစ်စည်းမှ ကြိုက်ရာပါးကို လိုသလိုသုံးနိုင်သကဲ့သို့ တောင်သူလယ်သမားသည် မြေယာအား စီရင်အသုံးချခွင့်ကို ရဝါသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ၁၉၅၄ ခုနှစ်တွင် လယ်ယာမြေနိုင်ငံပိုင် မြုလုပ်ရေးဥပဒေသများ ထုတ်ပြန်ခဲ့ပါသည်။ ထိုဥပဒေညွှန်ကြားချက်များမှာ စာမျက်နှာ (၂၀)ခန့်ရှိ ပြည့်စုံသော ဥပဒေမူဘောင်များပါ၀င်ကာ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်၍ ပြန်လည်ဝေငှခြင်းနည်းလမ်းများကို ဖော်ပြထားပါ သည်။ မြေရှင်ကြီးစနစ်ကို ဖျက်သိမ်းရန်နှင့် မြစ်ဝကျွန်းပေါ်တွင် ပြဿနာကြီးမားစွာဖြစ်ခဲ့ရသည့် တောင်သူလယ်သမားမဟုတ်သူများထံ မြေယာအများအပြား ရောက်ရှိသွားခြင်းကို တားဆီးရန် ရည်ရွယ်ချက်ကြီးမားလှသော အစီအစဉ်များကို ချမှတ်ပြီး လယ်လုပ်သူလက်ထဲ လယ်ယာများကို ဝေငှချထားပေးခဲ့ပါသည်။ ပထမ (၅)နှစ် ကာလအတွင်း လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ခဲ့ပြီးသော မြေယာဧက ၃. ၄ သန်းအနက် ဧက ၁. ၅ သန်းကို ဝေငှ ပြီးစီးခဲ့ပြီး လက်တွေ့ဆောင်ရွက်နိုင်စွမ်း မရှိသောအခြေအနေရောက်မှ ရပ်ဆိုင်းထားခဲ့ပါသည်[၄၂]။

---

၃၉။ Bryant, Raymond ၊ ၀၉၉၇ ၊ စာ - ၇

၄၀။ 'ကြိုးဝိုင်းသစ်တော' ဟူသော ဝေါဟာရသည် သစ်တောဧရိယာတစ်ခု၏ အတန်းအစားကို သတ်မှတ်ခြင်းဖြစ်ကြ Reserved tree ထိန်းသိမ်းသစ်ပင်ဆိုသည်မှာ သစ်တောပင်မျိုးစိတ်တစ်ခု၏ အတန်းအစားကို ရည်ညွှန်းပါသည်။ (သစ်တောဖြစ်စေ၊ သစ်ပင်မျိုးစိတ်ဖြစ်စေ) တစ်မျိုးမဟုတ်တစ်မျိုးမှာ အထူးစီမံခန့်ခွဲမှုအတွက် အတန်းအစားသတ်မှတ်ထားခြင်းဖြစ်ပါသည်။ သစ်တောဦးစီးဌာနကသာ ခုတ်သိမ်းခွင့်ရပါသည်။ မကြာသေးမီကမှ ကျွန်းကို ထိန်းသိမ်းသစ်တောပင်မျိုးစိတ်စာရင်းမှ ဖယ်ရှား၍ ပုဂ္ဂလိကတစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီအနေဖြင့် ၎င်းကို အထူးခွင့်ပြုမိန့်တောင်းခံရန်မလိုဘဲ စိုက်ပျိုးခြင်း ၎င်းကို ခုတ်သိမ်းခြင်း ပြုနိုင်ပြီ ဖြစ်ပါသည်။

၄၁။ Bryant, Raymond (၁၉၉၇)၊ စာ - ၉၈

၄၂။ စံသိန်း (၂၀၀၈)၊ စာ - ၃၄

လယ်ယာမြေနိုင်ငံပိုင်သိမ်းရန်နှင့် လယ်ယာမြေဝေငှရန် စသောအက်ဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ဗဟိုမြေယာကော်မတီမှအစပြု၍ ခရိုင်ကျေးရွာ သို့မဟုတ် ရပ်ကွက်မြေယာကော်မတီအထိ ရွေးကောက်တင်မြှောက်၍ဖြစ်စေ၊ အခြားနည်းနှင့်ဖြစ်စေ ခန့်ထားဖွဲ့စည်းခဲ့ပါသည်။ အုပ်ချုပ်မှုအပြောင်းအလဲအမျိုးမျိုး အောက်တွင် မြေယာကော်မကီ၏ဖွဲ့စည်းဆောင်ရွက်မှုများ အပြောင်းအလဲရှိစေကာမူ တရားရုံးများတွင် ကျင့်သုံးခြင်းမဟုတ်ဘဲ ဤမြေယာကော်မတီကသာ မြေယာမှုခင်းများကိုစီရင်၍ မြေအသုံးချရေးအခွင့်ပိုင်ဆိုင်မှုအား အပြီးတိုင်ဆုံးဖြတ်ပေးခဲ့ပါသည်။ ထိုဝဉီက နိုင်ငံရေးဘက်သို့ အထူးယိမ်းခဲ့သော အခြေအနေရှိခဲ့သဖြင့် ရွေးကောက်ခံရသော ဥပဒေပြုအဖွဲ့သည် မြေယာမှုခင်းများကို တရားမရုံးများတွင် စီရင်ဆုံးဖြတ်ခြင်းမပြုရန် ဤအက်ဥပဒေဖြင့် ပိတ်ပင်တားမြစ်ခဲ့ပေသည်။ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပါ တည်တန့်နေသော အချက်တစ်ချက်မှာ နိုင်ငံတော်သမ္မတသည် သို့တည်းမဟုတ် နိုင်ငံတော်သမ္မတကခန့်အပ်သည့် အာဏာပိုင်သည် အက်ဥပဒေပုဒ်မ ၃၉ (လန ၃၉) တွင် ဖော်ပြထားသည့်အကိုင်း စိုက်ပျိုးမြေအမျိုးအစားမှ စိုက်ပျိုးခြင်းမပြုသော မြေအမျိုးအစားသို့ ပြောင်းလွှပေးနိုင်ပါသည်။ ဤသတ်မှတ်ချက်သည် စိုက်ပျိုးမြေမှ အခြားအသုံးမြူမသို့ပြောင်းလဲ၍ မြေအမျိုးအစား သတ်မှတ်ရေးကြိုးပမ်းလုပ်ဆောင်ချက်များကို ခက်ခဲရှုပ်ထွေးစေခဲ့ပါသည်။ (အခန်း ၇ (၃) ကို ကြည့်နိုင်ပါသည်)။

သစ်တောရေးရာတွင် လွတ်လပ်ရေးရပြီးနောက် သစ်တောစီမံခန့်ခွဲမှုစနစ်နှင့် သိပ္ပံနည်းကျသစ်တော လုပ်ငန်းဆိုင်ရာ ကိုလိုနီအစိုးရ၏ နည်းဗျူဟာများကို ဆက်ခံကျင့်သုံးခဲ့ပါသည်။ ထိုကာလအတွင်းမှတ်သားစရာ ကောင်းသော ပေါ်လစီညွှန်ကြားချက်များမှာ အပုပိုင်းဒေသသစ်တောပြန်လည်ထူထောင်ရေးနှင့် ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေးကို တားမြစ်ရေးတို့လည်း ပါဝင်ပါသည်[၄၃]။ အခြားကဏ္ဍများကဲ့သို့ သစ်တောရေးရာတဏ္ဍကို နိုင်ငံပိုင်ပြုလုပ်၍ ပုဂ္ဂလိကသစ်ထုတ်လုပ်ခြင်းကို အစားထိုးရန် နိုင်ငံပိုင်သစ်လုပ်ငန်းကို ထူထောင်ခဲ့ပေသည်။ သို့ဖြစ်စေကာမူ သစ်တောထိန်းသိမ်းမြင်း။ သစ်တောစီမံမြင်း၊ သစ်ထုတ်လုပ်သင့်သော သစ်တောကို ရွေးချယ်သတ်မှတ်ပေးခြင်းစသော တာဝန်ရပ်များကို သစ်တောဦးစီးဌာနက ဆက်လက်ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

## ၅(၃)။ ဆိုရှယ်လစ်ခေတ် - ပုဂ္ဂလိကတစ်ဦးချင်းသုံးစွဲခွင့်နှင့် ဒွန်တွဲနေသော နိုင်ငံပိုင်လုပ်ငန်း

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်ပြီး ဥပဒေနှင့် ညွှန်ကြားချက်များ ဆက်တိုက်ထုတ်ပြန်လာခဲ့ရာ (၁၀)နှစ်ကြာပြီးနောက် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို စတင်ကိုင်တွယ်ကာ ကြွင်းကျန်နေသော မြေရှင်စနစ်ကိုအပြီး ဖျက်သိမ်းရန်နှင့် လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ခိုင်မာရန် ဦးတည်ဆောင်ရွက်လာခဲ့ပါသည်။ ဥပဒေဖြင့် အာဏာသက်ရောက်ရန် ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၅ ခုနှစ် သီးစားခများ ဖျက်သိမ်းသည့်ဥပဒေများကို ထုတ်ပြန်ခဲ့၍ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးကို ထပ်မံခိုင်မာစေကာ တောင်သူလယ်သမား၏ မြေယာအသုံးချနိုင်သည့် အခွင့်အရေးကို အာမခံပြုပေးခဲ့ပါသည်။ ဤဥပဒေများသည် မြန်မာနိုင်ငံ၏ တစ်မူထူးခြားသော ဆိုရှယ်လစ်စနစ်ကို ပုံဖော်လိုက်သကဲ့သို့ ရှိနေပါသည်။ နိုင်ငံ၏ အဓိကအားအကြီးဆုံး စီးပွားရေးမဏ္ဍိုင်ဖြစ်သည့် လယ်ယာကဏ္ဍတွင် စပေါင်းလယ်ယာစနစ်သို့မသွားဘဲ အခြားဆိုရှယ်လစ်နိုင်ငံများနှင့် မတူကွဲပြားစွာဖြင့် ပုဂ္ဂလိကတောင်သူတစ်ဦးချင်းထုတ်လုပ်မှုကို ဖွင့်လှစ်ပေးခဲ့ပါသည်။ အခြားသော စီးပွားရေးကဏ္ဍများတွင်မူ ပြည်သူပိုင်သိမ်းပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအဖြစ် ဆောင်ရွက်ကျင့်သုံးစေခဲ့ပါသည်။

၁၉၆၃ နှင့် ၁၉၆၅ ခုနှစ် သီးစားချထားရေးဥပဒေသည် သီးစားချထားရေးနှင့် မြေယာလုပ်ကိုင်ခွင့် ချထားရေးအခွင့်အာဏာများကို ကျေးရွာတောင်သူများနှင့် ဖွဲ့စည်းပေးထားသော ကျေးရွာအုပ်စု မြေယာကော်မတီကို အပ်နှင်းပေးခဲ့ပါသည်။ တောင်သူလယ်သမား မဟုတ်သူများသည် မြေယာကို လက်ဝယ်ထားရှိမှုသည် တရားမဝင်ဝေ။ ၀၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်မှု ဥပဒေသည် မည်သည့်တရားမရုံးကမျှ လယ်ယာမြေ၊ ကျွဲ၊ နွားနှင့် လယ်လုပ်ကိရိယာတို့ကို တောင်သူလယ်သမားထံမှ သိမ်းယူနိုင်ခွင့်မရှိကြောင်း၊ တောင်သူကို လယ်ယာမလုပ်ရန် တားမြစ်ပိုင်ခွင့်မရှိကြောင်း အမိန့်ဒီဂရီချမှတ်ထားပါသည်။ စိတ်ပင်စားဖွယ် ကောင်းသည်မှာ ရော်ဘာခြံများကို ဤဥပဒေမှ ကင်းလွတ်ခွင့်ပြုထားခြင်းဖြစ်သည်။ ရော်ဘာခြံများသည် ခြံကျယ်ကျယ်ဖြင့် စီးပွားဖြစ်ထုတ်လုပ်ရသော လုပ်ငန်းအဖြစ် ယူဆထားဟန်ရှိပါသည်။ အထက်တင်ပြပါ ဥပဒေများကို ယနေ့တွင်မူ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးချင်မှ ကျင့်သုံးပေမည်။ သို့ရာတွင် ဥပဒေစာအုပ်ထဲတွင် ယနေ့ထိ သက်ပင်နေဆဲဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သော ဥပဒေသည် တောင်ပေါ်ဒေသမြေယာလုပ်ပိုင်ခွင့်ကို ဆုတ်ကိုင်ထားနိုင်ရန်အတွက် အသုံးပြုသင့်သည့် နည်းလမ်းကောင်းတစ်ခု ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေသည် ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံအဖြစ် ကြေညာ၍ နိုင်ငံတော်သည် မြေနှင့် သဘာဝသယံဇာတအားလုံးကို ပိုင်ဆိုင်သည်ဟူသောမှုကို ခိုင်မာစေခဲ့ပါသည်။

---

၄၃။ Bryant (၁၉၉၇)၊ စာ-၁၆၃

## ၅(၄)။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ် ဈေးကွက်စီးပွားရေးကာလ

၁၉၈၈ ခုနှစ်အရေးအခင်းအပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှုအဖွဲ့၊ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဈေးကွက်စီးပွားရေး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား စီးပွားရေးအခွင့်အလမ်းတံခါးဖွင့်ရေးတို့ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အတွင်းရေးမှူး (၁) ဦးဆောင်မှုအောက်တွင် အဖွဲ့ဝင် ၂၀ ဦးပါဝင်သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အဖွဲ့ကို ဖွဲ့စည်း၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး အစီအစဉ်များကို ကြပ်မတ်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်သည် ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အား တစ်ခုသဖွယ် ရှုမြင်သုံးသပ်ကြပါသည်။ ဆိုရှယ်လစ်ခေတ်၏ တံခါးပိတ်ဝါဒနှင့်မတူဘဲ နိုင်ငံတကာနေအရင်းအနှီးကို အခွင့်အရေး ရယူလိုသည့်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၁၉၈၈ ခုနှစ်တွင် ထုတ်ပြန်ကာ ပြည်တွင်းပြည်ပ ကုမ္ပဏီများအကြား ပုဂ္ဂလိကလုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်း ဖွဲ့စည်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကို ဖွင့်လှစ်ပေးခဲ့ပါသည်။

တံခါးဖွင့်စီးပွားရေးဆီသို့ တက်လှမ်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်ကြိုးပမ်းနေသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရသည် ဆိုရှယ်လစ်ခေတ်၏ တစ်ဦးချင်းလုပ်ပိုင်ခွင့်ကို စွဲကိုင်ပြီး ဝမ်းစာဖူလုံရုံ စိုက်ပျိုးခြင်းစနစ်မှ သိသိသာသာ လမ်းခွဲလိုက်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်သော စိုက်ကွက်ကြီးကြီးတွင် လုပ်ကိုင်လာမှုများကို အားပေးလာခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး[၄၄] စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းတို့အတွက် မြေယာကို စီးပွားဖြစ်အသုံးချနိုင်ရန် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ဖက်စပ်၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကို မြေယာသုံးခွင့်လျှောက်ထားစေ၍ မြေနေရာချထားပေးရေးလုပ်ငန်းစဉ်များကို အဆိုပါကော်မတီက ကိုင်တွယ် စီမံပေးခဲ့သည်[၄၅]။ ဗဟိုကော်မတီသည် နိုင်ငံသားများကို မြေယာစိုက်ပျိုးပြုခွင့်နှင့် မြေယာအသုံးပြုခွင့်အတွက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဟု အတန်းအစားခွဲထားသော မြေယာများကို တစ်ကြိမ်လျှင် ဧက ၅၀၀၀ အထိ ချပေးနိုင်၍ သတ်မှတ်ထားသော နှစ်ရှည်ပင်စိုက်ရန် စုစုပေါင်းဧက ၅၀၀၀၀ ထိ ချထားပေးနိုင်ပါသည်။ အလားတူပင် ဥယျာဉ်ခြံအတွက် ဧက ၃၀၀၀၊ ရာသီသီးနှံအတွက် ဧက ၁၀၀၀၊ မွေးရေလုပ်ငန်းအတွက် ဧက ၂၀၀၀၊ ရာသီသီးနှံအတွက် ဧက ၁၀၀၀၊ ရေလုပ်ငန်းအတွက် ဧက ၂၀၀၀၊ တိရစ္ဆာန်မွေးမြူရေးအတွက် တိရစ္ဆာန်အမျိုးအစားအလိုက် ဧက ၅၀၀ မှ ၅၀၀၀ ကြားအထိ ချထားပေးနိုင်ပါသည်။

ဤညွှန်ကြားချက်များအရ စီးပွားဖြစ်လုပ်ငန်းကျယ် စိုက်ပျိုးမွေးမြူရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ချထားပေးခဲ့ရာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအထိ မြေဧကပေါင်း ၁၇၂၈၂၆၉ ထိ ရောက်ရှိခဲ့ပါသည်[၄၆]။ တစ်ချိန်ထဲတွင် လုပ်မြေမှအပ စိုက်ပျိုးနိုင်သော မြေရိုင်းဟု စာရင်းပေါက်ထားသော မြေဧကမှာ ၁၉၉၁ ခုနှစ် ဧက ၂၀၆၅၀၀၀၀ ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၁၄၃၀၄၀၀၀ ဧက သို့ သိသိသာသာကျဆင်းသွားကြောင်း အစိုးရ၏ထုတ်ပြန်သော စာရင်းဇယားများအရ သိရပါသည်[၄၇]။ ၁၇ နှစ်ကာလ အတွင်း ဧက ၆၃၄၆၀၀၀ ကွာခြားသွားသည်ကို တွေ့ရပေရာ မြေယာအသုံးချပုံသိသိသာသာ ပြောင်းလဲသွားသည်ဟု ဆိုရပေမည်။ သစ်တောရေးရာကဏ္ဍ တွင်လည်း အစိုးရသည် ပုဂ္ဂလိကကုမ္ပဏီများကို ၁၉၈၉ ခုနှစ်တွင် သစ်ထုတ်ခွင့်ချပေးခဲ့ပြီး သစ်ထုတ်လုပ်မှု ပုဂ္ဂလိကလုပ်ငန်းကို ပြန်လည် အသက်သွင်းပေးခဲ့ပါသည်။ ထိုနှစ်တွင်ပင် ကန့်သတ်ထိန်းသိမ်းထားသော သစ်အမျိုးအစားစနစ်လည်း နိဂုံးချုပ်သွား၍ ပုဂ္ဂလိကအကျိုးအလို့ငှာ တစ်ဦးချင်းက ကျွန်းသစ်နှင့် အဖိုးတန်အခြားသစ်မာများကို စိုက်ပျိုးနိုင်ပြီး ဖြစ်ပါသည်။

သစ်တောဧရိယာကို တစ်နိုင်ငံလုံးမြေဧရိယာ၏ ၃၀ ရာနှုန်းထိ တိုးချဲ့ရန်ဟူသော သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် အညီ ကြိုးဝိုင်းသစ်တောစနစ် တိုးချဲ့မှုသည် ၁၉၉၀ ခုနှစ်တွင် ဧကပေါင်း ၂၅၀၆၂၀၀၀ ထိ ရှိရာမှ ၂၀၀၈ ခုနှစ်တွင် ၄၁၄၀၄၀၀၀ ဧကအထိ တိုးတက်ကျယ်ပြန့်သွားပါသည်[၄၈]။ ကြိုးဝိုင်းသစ်တော တိုးချဲ့ဧရိယာအသစ်များသည် ပြည်တွင်းပဋိပက္ခရပ်စဲသွားသော တောတောင်ဒေသတွင် အများအပြား ပေါ်ပေါက်ခဲ့ပါသည်။

၁၉၀၂ ခုနှစ် သစ်တောအက်ဥပဒေအပေါ် ဦးစားပေးလွှမ်းခြုံလိုက်သော ၁၉၉၂ခုနှစ် သစ်တောဥပဒေနှင့် ၁၉၉၅ ခုနှစ်၏ သစ်တော ရေးရာပေါ်လစီသည် သစ်တောရေးရာဝန်ကြီးဌာနကို ဦးတည်ချက်အသစ်ဆီသို့ ရွှေ့ရှုစေခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ထုံးမိစံမီ၊ စံသတ်မှတ်ချက်များကို ရင်ဘောင်တန်းလိုက်နိုင်ရန် ပေါ်လစီအဆိုအမိန့်များသည် ရေရှည်တည်တန့်သော ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသား လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ဟန်ချက်ညီ၍ ပတ်ဝန်းကျင် စိုပြေတည်တန့်မှုစသော အယူအဆများပေါ် အခြေခိုတ်ထားပါသည်။

---

၄၄။ sic, culturable တို cultivable ဟုလည်း ဖေးသားနိုင်ပါသည်။
၄၅။ မြန်မာနိုင်ငံအစိုးရ၏ စက်တင်ဘာလ ၁၉၉၃
၄၆။ စိုတ်/စီ (၂၀၁၀)၊ စာ - ၈၂
၄၇။ ဗဟိုစာရင်းအင်းအဖွဲ့ (CSO)၊ ၂၀၀၉၊ စာ- ၈၄
၄၈။ CSO (၂၀၀၉)၊ စာ - ၈၄

သစ်တောဥပဒေနှင့် ပေါ်လစီသည် ရေရှည်တည်တန့်စွာ ထုတ်လုပ်ရေး၊ ပြည်သူလူထုပါဝင်လာ၍ လူမှုအဖွဲ့အစည်း၏ သစ်တောဖြစ်လာရေး၊ ပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာ၍ သားရဲတိရစ္ဆာန်ထိန်းသိမ်းလာနိုင်ရေး နိုင်ငံတကာနှင့် ကတိကဝတ်များရှိသည်ကို စောင့်ထိန်းရေးစသည့်တို့အပေါ် သစ်တောရေးရာဥပဒေနှင့် ပေါ်လစီ သည် အထူးဖောင်းပေးထားပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့သည် ဇီဝမျိုးကွဲစုံလင်မှု ညီလာခံမှုချမှတ်ချက်များအပါအဝင် နိုင်ငံတကာစာချုပ်များကို အတည်ပြုအသိအမှတ်ပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောပြုန်းတီးမှုနှင့် ပျက်သုန်းမှုကြောင့် ဖြစ်ပေါ်လာသော ဓာတ်ငွေ့ထုတ်မှုများကိုလျှော့ချရန် ကမ္ဘာ့ကုလသမဂ္ဂ၏ နိုင်ငံတကာပူးပေါင်းမှုအစီအစဉ်များ **(UN-REDD)** တွင် မြန်မာနိုင်ငံပါဝင်ရန် **UNDP** နှင့် **UNEP** တို့နှင့် စတင်ဆွေးနွေးနေပါသည်။ သစ်တောပေါ်လစီသည် သစ်တောရေးရာကဏ္ဍ၌ ပြည်သူလူထုပါဝင်လာစေမှုကို ဖောင်းဝေးထား၍ ရလဒ်အဖြစ် ၁၉၉၅ ခုနှစ်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက် ထွက်ပေါ်လာကာ ကျေးရွာနေစီမံခန့်ခွဲသူများကို အကျိုးပြုသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစီမံထိန်းသိမ်းအသုံးချမှုတို့ကို သင့်တင့်လျောက်ပတ်သော အစီအစဉ်များ ချမှတ်ရေးအတွက် အားပေးခဲ့ပါသည်။ ၂၀၀၅ ခုနှစ် အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် အကြီးတန်းသစ်တောအရာရှိတစ်ဦး၏ အဖွင့်အမှာစကားအရ သစ်တောရေးရာစီမံခန့်ခွဲမှုသည် -

"အထွက်နှုန်းတည်ငြိမ်အောင် စီမံခန့်ခွဲမှုစနစ်မှ အများပြည်သူပါဝင်သော ဝေဟာစနစ်စီမံခန့်ခွဲမှုဆီသို့ ပါရာဒိုင်း အရွေ့အပြောင်းသည် ဖြစ်ပေါ်လာခဲ့သည်။ ၁၉၉၅ ခုနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောရေးရာ ညွှန်ကြားချက် (CFC) သည် မြန်မာ့သစ်တောရေးရာသမိုင်းတွင် ထိုးဖေါက်ကျော်လွှားမှုကြီးတစ်ခုပင် ဖြစ်ပေတော့သည်[၄၉]"

စီးပွားရေးဦးတည်ချက်ကြီး (၄) ရပ်အနက် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံအစိုးရသည် ကြိုးပမ်းဆောင်ရွက်နေပေသည်[၅၀]။ လယ်ယာကဏ္ဍတွင် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ နိုင်ငံခြားသုံးငွေ တိုးတက်ရရှိရေးအတွက် ပိုလျှံသော စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်ရေးသော ရည်ရွယ်ချက်များကို ချမှတ်ခဲ့ပါသည်။

လယ်ယာကဏ္ဍတွင် ကျင့်သုံးလျက်ရှိသော စိုက်ပျိုးရေးမူဝါဒများအနေဖြင့်[၅၁]

- စိုက်ပျိုးထုတ်လုပ်မှုတွင် လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးခြင်း
- စိုက်ပျိုးမြေများကို တိုးချဲ့ဖေါ်ထုတ်ရေးနှင့် လယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း။
- ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံများ၊ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာသုံး စက်ကိရိယာများ၊ အခြားသွင်းအားစုများ၊ ဖြန့်ဖြူးသည့် လုပ်ငန်းများတွင် ပုဂ္ဂလိကမှ ပါဝင်လာစေရေး အားပေးဆောင်ရွက်ခြင်း။
- လယ်ယာသီးနှံများ အထွက်တိုးရေးအတွက် လိုအပ်သော သုတေသနလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရန် အားပေးခြင်းတို့ကို ဖေါ်ပြထားပါသည်။

မြေယာစီမံခန့်ခွဲမှုကော်မတီသည် ပြည်နယ်/တိုင်းဒေသကြီးများ၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်အဆင့်ဆင့်အလိုက် ဆက်လက်တည်ရှိသက်ပင်နေပါသည်။ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ထွေအုပ်) မှ အရာရှိ၊ သစ်တောဦးစီးဌာနအရာရှိ၊ ကြေးတိုင်နှင့် ပြေစာရင်းဦးစီးဌာနမှအရာရှိတို့ ပါဝင်ပါသည်။ ကျေးရွာအဆင့်တွင်မူ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက)၊ ထွေအုပ်မှစာရေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကျေးရွာမန်နေဂျာနှင့် ကြေး/မြေဌာန၏ မြေတိုင်းစာရေးတို့ပါဝင်ပါသည်။ စိုက်ပျိုးရေးနှင့် သစ်တောပန်ထမ်းများသည် သက်ဆိုင်ရာပန်ကြီးဌာန အုပ်ချုပ်ရေးလိုင်းအတိုင်း အစီရင်ခံ၍ ကျေးရွာမြို့နယ်ကောင်စီဥက္ကဋ္ဌများက ထွေအုပ်သို့ အစီရင်ခံရပါသည်။ ပြည်နယ်/တိုင်းဒေသကြီးများ၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် မြေယာစီမံခန့်ခွဲမှုကော်မတီ၏ ဥက္ကဋ္ဌဖြစ်၍ မြေယာမှုခင်းများကို ဖြေရှင်းရန်နှင့် အပြီးတိုင်အဆုံးအဖြတ်ပေးရန် တာဝန်ရှိပေသည်။ ထို့ကြောင့် မြေယာကော်မတီသည် လက်ရှိ မြေယာဥပဒေအရ စိုက်ပျိုးရေးနှင့် သစ်တောရေးရာမြေယာလုပ်ပိုင်ခွင့်ကို စီမံထိန်းကြောင်းပေးသော အခွင့်အာဏာပေးနိုင်စွမ်းရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် မြေယာနှင့် သဘာဝအရင်းအမြစ်အားလုံး၏ မူလပိုင်ရှင်ဖြစ်၍ ဖွင့်ဆိုထားသော စကားရပ်မှာ အောက်ပါအတိုင်း မြစ်သည်။

---

၄၉။ ကျော်ထွန်း၊ ဖေဖော်ဝါရီ ၂၀၀၉ ခုနှစ်၊ စာ - ၂၀

၅၀။ FAO နှင့် UNDP ၂၀၀၄ ခုနှစ်၊ စာ ၀၆-၀၇

၅၁။ စိုက်/စီ (၂၀၁၀)၊ စာ - ၅၆

**နိုင်ငံတော်သည် -**

(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ် မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်၊

(ခ) နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းရမည်၊

(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်[၁၂]။

## ၅(၅)။ ပြဋ္ဌာန်းဥပဒေများအား အနှစ်ချုပ်စိစစ်သုံးသပ်ခြင်း

မြန်မာ့တောင်တန်းဒေသနှင့် အကျုံးဝင်သော မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်ဥပဒေများကို အနှစ်ချုပ် ထုတ်နုတ်သုံးသပ်ရာ အောက်ပါ အချက်များကို တွေ့ရှိရပါသည်။

## သမိုင်းခေတ်များကို ကျော်ဖြတ်၍ ပေါ်လစ်ပြောင်းပြန်ဖြစ်လာခြင်း

လွန်ခဲ့သော အနှစ် ၂၀၀ ကာလကို ကျော်ဖြတ်ပြီးနောက် တောင်ပေါ်ဒေသရှိ မြေယာလုပ်ကိုင်ခွင့် စည်းမျဉ်းများနှင့် လက်တွေ့လုပ်ဆောင်ချက်များသည် အလုံးစုံပြောင်းလဲခဲ့သည်။ ရှေးရိုးရာမြေယာလုပ်ကိုင်ခွင့်စနစ်ကို အထောက်အကူပေးထားသော အနှစ် ၁၀၀ ကျော် ကိုလိုနီအုပ်ချုပ်ရေးကာလမှ နှစ်ဆယ်ရာစုနှစ်လည် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ခဲ့သောခေတ်ကိုပါ ကျော်ဖြတ်ခဲ့ပြီး အနှစ် ၃၀ ခန့် တံခါးပိတ် ဆိုရှယ်လစ်စနစ် ကာလအထိ ကြာရှည်တည်တန့်ခဲ့သော တောင်ပေါ်ဒေသမြေယာစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကို ရုတ်ချည်းပြောင်းလဲသွားပြီးနောက် လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုအတွင်း အပြောင်းအလဲများကို တွေ့ကြုံလိုက်ရပါသည်။

## အနိမ့်ပိုင်းလွင်ပြင်များတွင် ပြဋ္ဌာန်းဥပဒေများကို ဖန်တီးခဲ့သည်၊ တောင်ပေါ်ဒေသတွင် ထုံးတမ်းစဉ်လာဥပဒေများ လွှမ်းမိုးကျန်ရစ်ခဲ့သည်။

သမိုင်းကြောင်းအရ သိထားစရာကောင်းသော အချက်တစ်ချက်မှာ မည်သည့်ပြဋ္ဌာန်းဥပဒေမျှ တောင်ပေါ်ဒေသကို ရိုက်ခတ်ရန် ရည်ရွယ်ရေးဆွဲခဲ့ခြင်းမဟုတ်ပေ။ ၎င်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေများဖြစ်သော်လည်း အနိမ့်ပိုင်းမြစ်ဝကျွန်းပေါ်နှင့် လွင်ပြင်များ၏ မြေယာပြဿနာများကို ရည်စူးရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ နိုင်ငံလုံးဆိုင်ရာ မြေယာဥပဒေများသည် သမိုင်းကြောင်းအရ တောင်ပေါ်ဒေသနှင့် ဆက်စပ်မှုသက်ခြင်းမရှိပေ။ အမျိုးမျိုးသော ရိုးရာမြေယာလုပ်ပိုင်ခွင့်စည်းမျဉ်းများနှင့် ထုံးတမ်းစဉ်လာဥပဒေများသည် တောင်ပေါ်ဒေသ၏ သီးသန့်နေရာများ သို့မဟုတ် သီးသန့်လူမျိုးစုများအတွက် အထူးစည်းကမ်းများဖြင့် တစ်ဝိတ်တစ်ဒေသ သတ်မှတ်ထားခြင်းဖြစ်၍ ဗြိတိသျှကိုလိုနီခေတ်၊ ဆိုရှယ်လစ်ခေတ်နှင့် ယနေ့တိုင်အတိုင်းအတာ တစ်ခုအထိ ကျင့်သုံးနေဆဲ ဖြစ်ပါသည်။ ဆိုရှယ်လစ်ခေတ်တစ်လျှောက်လုံး ဤစည်းမျဉ်းများ တည်တန့်နေရခြင်းမှာလည်း အလုပ်ကျမြေလုပ်အနားပေးပြီး စိုက်ပျိုးရသောမြေများမှာ တန်ဖိုးကြီးကြီးမားမားမရှိ၍တစ်ကြောင်း ထိုအရပ်ဒေသအတွင်း မငြိမ်သက်မှုများကြောင့် အစိုးရ၏အုပ်ချုပ်ရေး အာဏာသက်ရောက်ရန် လက်တွေ့ဆောင်ရွက်ဖို့ခက်ခဲသောကြောင့်တစ်ကြောင်းလည်း ဖြစ်ပါသည်။

သို့ရာတွင် ၁၉၉၁ ခုနှစ် မြေရိုင်းများဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်လာပြီးနောက် ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်ခဲ့ချိန်တွင် ပြဋ္ဌာန်းဥပဒေများကိုအခြေခံ၍ ချမှတ်လာသဖြင့် တောင်ပေါ်ဒေသ၌ မြေယာအသုံးချမှုနှင့် လုပ်ပိုင်ခွင့်အပေါ် ပြင်းထန်စွာအကျိုးသက်ရောက်လာစေခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်၏ ဖိအားနှင့် အခြား အကြောင်းတရားများကြောင့် ထုံးတမ်းစဉ်လာဥပဒေသည် ချိနဲ့လာခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် တောင်ယာစနစ်တွင် အလှည့်ကျ မြေလုပ်အနားပေးရန် လိုအပ်ချက်များနှင့် ကျေးရွာဘုံစားကျက်ကွင်းနှင့် သစ်တောအပေါ် အထူးတလည်အမှီပြုရသော တောင်ယာစနစ်အတွက် အလုံးစုံလွှမ်းခြုံထားသော မြေယာဥပဒေမူဘောင်များကိုလည်း ချမှတ်ထားပြီးခြင်း မရှိသေးပေ။

---

၁၂။ မြန်မာနိုင်ငံအစိုးရ (၂၀၀၈)၊ စာ - ၁၀

## မြေယာအားလုံးကို နိုင်ငံတော်ကပိုင်သည်။ သို့သော် တောင်သူသည် မြေယာပိုင်ဆိုင်သကဲ့သို့ အခွင့်အရေးရှိသည်။

မြေယာအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ပါသည်။ သို့ရာတွင် တောင်သူလယ်သမားသည် အမြဲကကျသော အခွင့်အရေးသုံးရင်ကို ထိန်းသိမ်းထားနိုင်သည်။ ၎င်းတို့မှာ မြေယာအသုံးချပိုင်ခွင့်၊ မြေယာကို အမွေဆက်ခံမှုမှ တစ်ဆင့်လွှဲပြောင်းပိုင်ခွင့်နှင့် မြေယာမှရရှိသော အကျိုးအမြတ်များကို ခံစားပိုင်ခွင့်ကိုဖြစ်ပါသည်။ ဥပဒေအရတောင်သူသည် မြေယာကို အသုံးချခွင့်ရှိသည်။ သို့သော် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ခွဲခြမ်းစိတ်ဖြာ လွှဲပြောင်းခြင်းကို ခွင့်မပြုပေ။ ပေါ်လစီအရ မြေယာအသုံးချခွင့်များကို အမွေဆက်ခံခွင့်ရှိသည်။ လက်တွေ့တွင်မူ လွှဲပြောင်းနေကြသည်။ အချို့လက်တွေ့ဖြစ်ရပ်များတွင် မြေယာအသုံးပြုမှု အခွင့်အရေးကို ပုဂ္ဂလိကပိုင်ဆိုင်သကဲ့သို့ ငှားရမ်းခြင်း၊ အရောင်းအဝယ်လုပ်နေခြင်းတို့ကို တွေ့ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြေယာအားလုံးကို နိုင်ငံတကာက ပိုင်ဆိုင်သည်ဟု အခိုင်အမာ ဖွင့်ဆိုထားသည်။ သို့သော် ပုဂ္ဂလိကပိုင်ဆိုင်မှု အယူအဆကိုလည်း ထင်မံကျားကန်၍ ညွှန်းဆိုထားသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုကို အကာအကွယ်ပေးထားသော အခြေပါယ်များကိုလည်း ဖော်ပြထားသည်။ တစ်ချိန်တည်းတွင်ပင် ကိုင်းပြည်၏ စီးပွားရေးသည် ဈေးကွက်စီးပွားရေးစနစ်ဟု အခိုင်အမာပြုထားပြန်ပါသည်[၅၃]။

## ဆိုရှယ်လစ်စီးမျဉ်းဘောင်များမှ ဈေးကွက်စီးပွားရေးသို့ ပြောင်းလဲခြင်း

ယနေ့ထိ စွဲကိုင်ထားသော ဆိုရှယ်လစ်ခေတ်၏ အခြေခံမူမှာ ၎င်းတို့အသုံးချခွင့်ရသော မြေယာကို ရောင်းချခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်ဟု ဆိုပါသည်။ သို့ရာတွင် တောင်ပေါ်ဒေသ၏ တောင်ယာလုပ်ကိုင်သူများမှာ ဈေးကွက်စီးပွားရေး၏ ဖိအားနှင့် ရင်ဆိုင်နေရပါသည်။ မြေယာကို စီးပွားရေးအရ ဖော်ထုတ်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ချထားသောအခါ မြေတန်ဖိုးလည်း တက်လာပါသည်။ တောင်ဝေါ်ဒေသရှိ တောင်ယာလုပ်သူများအတွက် ၎င်းကို၏ ထုံးတမ်းစဉ်လာဥပဒေအရ မြေယာအသုံးပြုပိုင်ခွင့်ကို အသိအမှတ်ပြု မခံရသဖြင့် မြေယာပေါ် မှ တန်ရာကန်ကြေးမရသလို တစ်ဖက်လည်း မြေယာကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ခွင့်မပြုသဖြင့် မြေယာ၏ တန်ဖိုးတက်လာမှုဝေါမှ အကျိုးခံစားခွင့်မရပေ။ ဈေးကွက်စီးပွားရေး၏ အကျိုးပြုနိုင်သော အလားအလာများကို ငြင်းပယ်ခံရပါသည်။ ထို့အပြင် တောင်ယာစိုက်ပျိုးသူများသည် စိုက်ပျိုးရေးသွင်းအားစုများအတွက် ချေးငွေရယူနိုင်မှု အခွင့်အလမ်းများလည်း မရှိသဖြင့် လယ်ယာမြေမှ အထွက်တိုးရေးနှင့် အကျိုးအမြတ်အများဆုံးရအောင် စွမ်းဆောင်နိုင်စွမ်းမရှိတော့ပေ။

---

၅၃။ မြန်မာနိုင်ငံအစိုးရ (၂၀၀၈)၊ ပိုင်ဆိုင်မှုနှင့် စီးပွားရေးစနစ်များကို ဆွေးနွေးထားသော အချက်များအား အခန်း ၁နှင့် ၈ တွင် ကြည့်ရှုပါရန်



# ၆ အသေးစားတောင်သူများ၏ မြေယာ လုပ်ပိုင်ခွင့်နှင့် ပေါ်လစီညွှန်ကြားချက်များ

အချို့သော အမျိုးသားရေးရာ အရေးကြီးပေါ်လစီနှင့် ရှုမြင်သုံးသပ်ချက်များသည် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စေတနာကောင်းဖြင့် ရည်ရွယ်ချမှတ်ခဲ့သော်လည်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မမျှော်လင့်ဘဲ အပျက်သဘောဆောင်သော ရလဒ်အချို့ထွက်ပေါ်လာခဲ့ပါသည်။ အကောင်အထည်ဖော်ပုံ ညံ့ဖျင်းလျှင် ဤပေါ်လစီညွှန်ကြားချက်များသည် တောင်ပေါ်သားအသေးစား တောင်သူလုပ်သူများ၏ မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်ကို အန္တရာယ်များ ကြုံရစေနိုင်ပါသည်။ တစ်ခါတစ်ရံ တောင်ပေါ်ဒေသတွင်သာမက တစ်နိုင်ငံလုံးပါ အကျိုးသက်ရောက်သွားနိုင်စေပါသည်။ ဤပေါ်လစီညွှန်ကြားချက်များနှင့် ရှုမြင်သုံးသပ်ချက်များသည် လက်ရှိအကောင်အထည်ဖော်နေသော ဈေးကွက်စီးပွားရေးစနစ်အား ပိုမိုမြစ်ထွန်းလာရေးနှင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်အပေါ် အဆိုးမြင်နေခြင်းတို့ ပါဝင်ပေသည်။ မြေယာအမျိုးအစား ခွဲခြားသတ်မှတ်မှုများသည်လည်း အချို့အရပ်ဒေသများ၌ အသေးစားတောင်သူများ၏ မြေယာလုပ်ပိုင်ခွင့် လုံခြုံမှုကို လျော့လျဲစေခဲ့ပါသည်။

## ၆(၁)။ ဈေးကွက်စီးပွားရေးနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း

အကြီးစားစီးပွားဖြစ် ထုတ်လုပ်လာခြင်း၊ စက်ယန္တရားများသုံးလာခြင်း၊ မြေယာများကို စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများသို့ ချထားပေးခြင်းတို့ကို အထူးဦးစားပေးနေသော ဈေးကွက်စီးပွားရေးသို့ ဦးတည်လိုက်သောအခါ မြန်မာ့အသေးစားတောင်သူများအပေါ် ရိုက်ခတ်မှု ကျယ်ပြန့်စွာဖြင့် အရေးပေါ်အန္တရာယ်များ ကျရောက်လာနိုင်ပါသည်။ ဈေးကွက်စီးပွားရေးဆီသို့ တွန်းအားပေးလာသောအခါ စိုက်ပျိုးရေးနှင့် သစ်တောအတွက် မြေယာအသုံးချမှု အခွင့်အရေးများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအား ချထားပေးပါသည်။ သဘာပအရင်း အမြစ်များကို စီးပွားဖြစ်ထုတ်လုပ်လာခြင်းသည် လက်ရှိခေတ်၏ ၁၉၈၉ ခုနှစ်တွင် စတင်ခဲ့ပါသည်။ အရှေ့ပိုင်းနယ်စပ်ဒေသများတွင် ထိုင်းကုမ္ပဏီများအား သစ်တောရေးရာ ခွင့်ပြုချက်များကို ချမှတ်ပေးခဲ့ပါသည်။ နိုင်ငံမြောက်ပိုင်းဒေသများတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကူအညီအမြဲတမ်း မပါသော်လည်း စီးပွားဖြစ် စိုထ်ပျိုးရေးလုပ်ငန်းကြီးများသည် ကွင်းကျယ်စိုက်ကွက်များကို ဖေါ်ထုတ်လုပ်ကိုင်လာပါသည်။ အကျိုးဆက်မှာ တောင်ပေါ်ဒေသတွင် နှစ်ရှည်သီးနှံ စီးပွားမြစ်ကွင်းကျယ်စိုက်ပျိုးထုတ်လုပ်မှုများ မကြုံစဖူးပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ ယင်းသို့ ကောင်းသော အလားအလာများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ဆောင်ကြဉ်းလာသလို အသေးစားတောင်သူများ၏ မြေယာလုပ်ကိုင်ခွင့် အတွက် အဟန့်အတားများကိုလည်း ဖြစ်ပေါ်လာစေပါသည်။

စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ကုတ်ပြန်ချက်အရ ၂၀၁၀ ခုနှစ်တွင် မြေဧက ၁.၇ သန်းကျော်ကို ပုဂ္ဂလိကကုမ္ပဏီ ၂၁၆ ခုကို ချပေးခဲ့ပါသည်[၅၄]။ (အောက်ပါဇယား ၃ ကို ရှုပါ။) ကချင်ပြည်နယ်၊ ရှမ်းတောင်နှင့် ရှမ်းမြောက်တို့တွင် ပုဂ္ဂလိကကုမ္ပဏီ ၃၂ ခုအား အကြီးစား စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ရန် စုစုပေါင်းမြေ ၃၉၃၂၉၂၊ ၆၅၇၇၂ နှင့် ၄၀၉၃၇ ဧကအသီးသီးကို အဆိုပါဒေသများ၌ ချထားပေးခဲ့ပါသည်။ ချထားမြေများ၏ အများစုမှာ အစိုးရက **"စိုက်ပျိုးနိုင်သော မြေရိုင်း"** ဟု အမျိုးအစား ခွဲခြားသတ်မှတ်ထားသော မြေများဖြစ်ပါသည်။ သို့ရာတွင် တောင်ပေါ်ဒေသ အချို့အရပ်များရှိ ကိုယ်တွေ့ဖြစ်ရပ်များအရ မြေရိုင်းအဖြစ် ချမှတ်ထားသော မြေများသည် ကျေးရွာများ၏ အလှည့်ကျလုပ်မြေများ သို့မဟုတ် စားကျက်ကွင်းများအဖြစ် သတ်မှတ်ထားသော မြေများ ဖြစ်နေတတ်ပါသည်။ ဤအချက်မှာ တရုတ်နှင့် ထိုင်းနယ်စပ်တွင် ပို၍ ကြုံရပါသည်။ ထိုဒေသများ၌ မြေကို တရားမပင် နားလည်မှုလမ်းကြောင်းများဖြင့် ချထားခဲ့ခြင်းကြောင့် မြစ်ပါသည်။

၅၄။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန (စိုက်/စီ)၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ၂၀၁၀၊ စာ - ၈၂

ဇယား (၃)။ ။ အကြီးစား စီးပွားဖြစ် စိုက်ပျိုးရေးအတွက် မြေယာချထားမှု (၃၁. ၁. ၂၀၀၀)

| ပြည်နယ်/ တိုင်းဒေသကြီး | ကုမ္ပဏီအရေအတွက် | ချထားပေးမြေဧက |
|---|---|---|
| ကချင် | ၁၁ | ၃၉၃၂၉၂ |
| ကရင် | ၁ | ၂၁၆၁ |
| စစ်ကိုင်း | ၂၇ | ၉၅၅၅၇ |
| တနင်္သာရီ | ၃၇ | ၆၇၁၀၅၃ |
| ပဲခူးအရှေ့ | ၉ | ၅၈၅၉ |
| ပဲခူးအနောက် | ၇ | ၁၃၉၁၃ |
| မကွေး | ၃၈ | ၂၀၂၄၉၂ |
| မန္တလေး | ၁၆ | ၀၀၃၀၀ |
| ရခိုင် | ၁၄ | ၂၆၀၂ |
| ရန်ကုန် | ၇ | ၃၀၉၇၈ |
| ရှမ်း (တောင်) | ၁၂ | ၆၅၇၇၂ |
| ရှမ်း (မြောက်) | ၉ | ၄၀၉၃၇ |
| ဧရာဝတီ | ၂၈ | ၀၉၃၃၅၃ |
| **စုစုပေါင်း** | **၂၁၆** | **၁၇၂၈၂၆၉** |

ဇစ်မြစ်။ စိုက်/စီ၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ၂၀၁၀၊ စာမျက်နှာ ၈၂

လယ်ယာစီးပွားရေးခြံကျယ်ကြီးများ (အဝှးသဖြင့် ရော်ဘာခြံများ) ကို တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် တချင်နှင့် ရှမ်းအရှေ့နှင့် ရှမ်းမြောက်တို့တွင် ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ဖြင်းသည့် ဈေးကွက်စီးပွားရေး၏ အောင်မြင်မှု နမူနာများပင် ဖြစ်ပါသည်။ ဤတွင် ခြံကျယ်ကြီးများ ထူတောင်လာခြင်းသည် မြန်မာ့အစိုးရ၏ ပေါ်လစီတွန်းအား ကြောင့်လည်းပါသည်။ နောက်တစ်ကြောင်းမှာ တရုတ်တို့၏ ဘိန်းဖျက်သိမ်းရေး အကူအညီပေးမှုပေါ်လစီကြောင့် ဖြစ်ပါသည်။ မြန်မာနယ်စပ်မှ ဝရက်ပြည်ကွင်း ဘိန်းဖြူစိုးခင်မှု ရပ်တန့်စေရန်နှင့် နယ်စပ်ဒေသ တည်ငြိမ်လာရေး ကိုရည်စူး၍ တရုတ်တို့ကရင်းတို့၏ စီးပွားရေးလုပ်ငန်းရှင်များကို ပံ့ပိုးမှုများနှင့် အခွန်ကင်းလွတ်ခွင့်များပေးကာ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းများကို မြန်မာနိုင်ငံဘိန်းစိုက်ဒေသများအတွင်း ချမှတ်ဆောင်ရွက်စေခဲ့ပါသည်။ အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စီးပွားရေးသက်သက်သာဖြစ်လာပြီး တိန်းစိုက်သော ရရစားစား ဒေသခံတောင်သူများကို အကျိုးမြှုပြင်းမရှိလှပေ[၅၅]။

အသေးစားတောင်သူများအတွက် ဈေးကွက်စီးပွားရေးသို့ ဦးတည်သော အလားအလာကောင်းကစ်ခုမှာ လူတိုင်းရင်းနှီးငွေရှိ၍ မြေအသုံးချခွင့်ကို လျှောက်ထားနိုင်ခွင့်ရှိရပါမည်။ သို့ရာတွင် အသေးစားကောင်သူများအနေဖြင့် အရင်းအနှီးမတတ်နိုင်ကြပါ။ သင့်တင့်သော နှုန်းထားဖြင့် ချေးငွေအလုံအလောက်ရယူနိုင်စွမ်းလည်း မရှိကြပါ။ နေရာကိုင်းမှာ ဖြစ်ပျက်နေကြအကိုင်းပင် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ ပင်လာလျှင် အသေးစားကောင်သူများဘည် ၎င်းတို့၏ လုပ်စားကိုင်စားနေကျ မြေယာများ လက်လွှတ်ကြရတော့သည်။

ကန်လရိုက်စိုက်ပျိုးရေးသည် ဈေးကွက်စီးပွားရေးတယ်သို့ အသေးစားတောင်သူများအား ဆွဲသွင်းနိုင်သော အခွင့်အလမ်းတစ်ခု မြစ်ပါသည်။ သို့ရာတွင် ကန်တရိုက်စိုက်ပျိုးရေးသည် အသေးစားတောင်သူများအား အကျိုးအမြတ်အများခံးရစေ၍ ဆုံးရှုံးမှုအန္တရာယ် အနည်းဆုံး မြစ်စေသော နားလည်မှုများဖြင့် ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံအဖို့ ယနေ့တိုင်လျှင် ဘင်ခန်းစာကောင်းများ ရှာဖို့လိုနေပါသည်။ အမြားနိုင်ငံများတွင်လည်း ဈေးကွက်စီးပွားရေးထဲသို့ အသေးစားတောင်သူများပါလာ၍ ၎င်းကို၏ တုတ်လုပ်မှုစွမ်းအား မြင့်တင်ပေးရေးဆိုင်ရာအလားတူပြသနာကို ကျော်လွှားဖို့ကြိုးစားနေကြသဖြင့် အခြားပါနိုင်ငံများ၏ သင်ခန်းစာများကိုလည်း စောင့်ကြည့်လေ့လာသင့်ပါဘည်။ ဘောင်ခတ်ထားသော ဖြစ်ရင်မှန်လေ့လာမှုဘည် မြင်ကွင်းနှစ်ခုကို ဖော်ပြထားပါဘည်။ ပထမဖြစ်ရပ်မှန်တွင် ကောင်သူက ကုမ္ပဏီထံမှ မြေအသုံးချခွင့်ကို ငှားရမ်းပါသည်။ နှစ်စဉ်သီးနှံဖြင့် မြန်ပေးရပါမည်။ တောင်သူကို ၎င်းတွက်ကုန်အတွက် ဈေးကွက်တို အာမခံပေးပါသည်။ သွင်းအားစုကို ကုမ္ပဏီကအကြွေးဖြင့် ပေးပါသည်။ ဤစာချုင်ကင် တောင်သူအားမြေယာရယူခွင့်အတွက် အစီစဉ်များမပါရှိပါ။ ဒုတိယဖြစ်ရပ်မှန်တွင် တောင်သူက ၎င်း၏ ကိုယ်ပိုင်မြေပေါ်ကွပ် လုပ်ကိုင်ပါသည်။ ဘွင်းအားစုနှင့် ဈေးကွက်အကွက် ရယူနိုင်ပါသည်။ ယင်းကဲ့တို့ ကန်ကရိုက်စိုက်မျိုးရေးစနစ်တွင် ပုံစံအမျိုးမျိုးရှိနိုင်ပါတည်။ တောင်သူ့ ရှုဒေါင့်ကကြည့်လျှင် အကောင်းဆုံးကန်ထရိုက်အစီအစဉ်ဘည် တောင်သူအဖို့ မြေယာနှင့် လုပ်သားကို ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်နိုင်ခွင့်ရရှိရေးပင်ဖြစ်ဘည်။ ကုမ္ပဏီရှုဒေါင့်မှကြည့်လျှင် တောင်သူဖြေယာပိုင်ခိုင်လျှင် ကုမ္ပဏီအနေဖြင့် မြေဖိုးရင်းနှီးရန် မလိုတော့ဘဲ စိုက်ပျိုးရေးတွက်တုန်ကို လိုသလောက် ကြိတ်ခွဲနိုင်သော အခြေအနေရှိပါဘည်။

---

၅၅။ Kramer, Tom (၂၀၁၉)

ကြေးမျဉ်းဘောင် (ခ)

**တောင်သူ၏ ဖြစ်ရပ်မှန်လေ့လာချက်၊ ရှမ်းပြည်နယ်တွင် တောင်သူနှင့် ကန်ထရိုက်စိုက်ပျိုးခြင်း ကုမ္ပဏီမြေယာတွင် ပြောင်းဖူးစိုက်ခြင်း။**

ရန်ကုန်အခြေစိုက် အလတ်စားစိုက်ပျိုးရေးလုပ်ငန်းကုမ္ပဏီတစ်ခုသည် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ကျေးရွာသုံးရွာတွင် အစေ့ထုတ်ပြောင်းဝါမျိုးကို ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပါသည်။ ၁၉၉၁ ခုနှစ် မြေလွတ် မြေလပ်မြေရိုင်းချထားခြင်းဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီသည် အစိုးရထံမှ မြေရိုင်းဧက ၁၂၀၀ ကို အနှစ် ၃၀ ဂရန်ဖြင့် ငှားရမ်းပါသည်။ ကုမ္ပဏီသည် ဒေသဆိုင်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အာဏာပိုင်များ၏ အကူအညီကိုရယူ၍ ကြေးမြေဌာနတွင် မြေယာမှတ်ပုံတင်ခြင်းကို ၁၉၉၆ ခုနှစ်၌ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ မြေခွန်နှုန်းမှာ တစ်ဧကလျှင် ၁၀၀ကျပ်နှုန်းဖြင့် နှစ် ၃၀ အတွက် ကျသင့်ငွေကို ကြိုတင်ပေးသွင်းခဲ့ပါသည်။ နှစ် ၃၀ ပြည့်ပြီး စာချုပ်ပါအတိုင်းကုမ္ပဏီသည် မြေယာအားလုံးကို ဖေါ်ထုတ်ပြီးလျှင် အခွန်ပြန်အမ်းငွေကို ကုမ္ပဏီကပြန်လည်ရရှိမည် ဖြစ်ပါသည်။ ပထမ ၅ နှစ်တွင် ဝင်ငွေခွန်ကို ပေးဆောင်ရန် မလိုပါ။ ကုမ္ပဏီသည် နှစ်စဉ်ဧရိယာကို တိုးချဲ့ခဲ့ရာ သုံးနှစ်အကြာတွင် ဧက ၉၀၀ ကို စိုက်ပျိုးပြီး ဖြစ်ပါသည်။ မြေလှပ်ထားခြင်းမရှိဘဲ နှစ်စဉ်ဆက်တိုက်စိုက်ပျိုးရမည် ဖြစ်ပါသည်။

ကုမ္ပဏီတွင် လုပ်အားနှင့် လယ်ယာအရင်းအနှီးမရှိပါ။ အနီးပတ်ဝန်းကျင်ရွာများမှ တောင်သူများကို ဖိတ်ခေါ်၍ ၎င်းမြေပေါ်တွင် ငှားရမ်းလုပ်ကိုင်စေပါသည်။ ကုမ္ပဏီကထိုင်းနိုင်ငံ၏ စီပီပြောင်းဖူးမျိုးစေ့နှင့် ထိုင်းဓာတ်မြေဩဇာကို ပံ့ပိုးပါသည်။ တောင်သူက သီးနှံရိတ်သိမ်းအပြီး သီးနှံဖြင့်ပြန်ဆပ်ရမည်ဖြစ်သည်။ ကုမ္ပဏီက ပေါင်းလိုက်စရိတ်လည်း ထုတ်ပေးပါသည်။ သီးနှံပေါ်ချိန်တွင် တောင်သူက ကုမ္ပဏီသို့ ပေါက်ဈေးဖြင့် ရောင်းပါသည်။ တောင်သူတစ်ဦးသည် မြေ ၅ ဧကမှ ဧက ၄၀ အထိ သုံးစွဲခွင့်ရပါသည်။ ပြောင်းဖူး ၁ ဧကပေါ်မှ ပြောင်းဖူးစေ့ ၁ တန် ထွက်ပါသည်။ မြေငှားခအနေဖြင့် တောင်သူက ကုမ္ပဏီသို့ တစ်ဧကအတွက် ပြောင်းဖူးစေ့ပိဿာ ၃၀ (၄၉ ကီလိုဂရမ်) ပေးသွင်းရပါသည်။

**ရှမ်းပြည်တောင်ပိုင်း၌ တောင်သူ၏ မြေယာပေါ်တွင် စပျစ်စိုက်ရန် ကန်ထရိုက်အစီအစဉ်**

နိုင်ငံခြားဖက်စပ်ကုမ္ပဏီတစ်ခုသည် ဝိုင်ထုတ်လုပ်မှုအတွက် စပျစ်စိုက်ရန် မြေယာငှားရမ်းရရှိပါသည်။ စပျစ်လိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းရန် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို ချဉ်းကပ်ပါသည်။ ထိုရွာများသည် ၁၉၅၀ ခုနှစ်လောက်ကထဲက စပျစ်ကို စိုက်ပျိုးနေကျဖြစ်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်း၍ ကုမ္ပဏီသည် တောင်သူများကို အထွက်တိုးစနစ်များကိုသင်တန်းပေး၍ စပျစ်မျိုးကောင်း အခံပင်များကို အခမဲ့ဖြန့်ချိပါသည်။ ယနေ့အထိ တောင်သူ ၃၅ ဦးနှင့် ကုမ္ပဏီသည် အလုပ်လုပ်ကိုင်၍ တောင်သူက ၎င်းတို့ပိုင်သော မြေဧက ၅၀ ပေါ်မှ စပျစ်စိုက်ပေးပါသည်။ တောင်သူကဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဝယ်ယူသုံးစွဲလိုပါက ကုမ္ပဏီမှ အတိုးမဲ့ ငွေချေးပြီး ထွက်ကုန်ကို ပြင်ပပေါက်ဈေးထက် အနည်းငယ်ပို၍ ဝယ်ယူပါသည်။ ဤကန်ထရိုက်စနစ်သည် ကုမ္ပဏီအတွက် စပျစ်ပိုမိုဝယ်ယူရရှိကာ ဒေသခံတောင်သူများအနေဖြင့်လည်း ၎င်းတို့၏ ကိုယ်ပိုင်မြေထွက်ပေါ်တွင် စိုက်ပြီး ဝင်ငွေပိုမိုရရှိစေပါသည်။

## ၆(၂)။ ရွှေ့ပြောင်းတောင်ယာစနစ်အပေါ်ထားရှိသော သဘောထားများ

တောင်တန်းဒေသဖွံ့ဖြိုးရေးအတွက် လက်ရှိချမှတ်ထားသော ပေါ်လစီ၏ ဦးတည်ချက်များမှာ အောက်ပါရည်မှန်းချက်များကို ပြည့်မီရေးအတွက် တောင်ပေါ်ဒေသ၏ ခေတ်မီမြေယာဖေါ်ထုတ်ခြင်းစီမံကိန်းပင် ဖြစ်ပါသည်။

- တောင်ယာခုတ်မီးရှို့သော ရွှေ့ပြောင်းတောင်ယာစနစ်ကို လှေကားထစ်လယ်ယာနှင့် အစားထိုး၍ တောင်ပေါ်ဒေသ၏ ကျေးလက်ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်
- တောင်ပေါ်ဒေသရှိ လူအပေါင်း အတည်တကျ အခြေစိုက်၍ နေထိုင်နိုင်ရန်
- ဘိန်းစိုက်ပျိုးရေးကို လှေကားထစ်လယ်ယာစိုက်ပျိုးမှုဖြင့် ဖယ်ရှားကာ တောင်တန်းဒေသ၏ လူနေမှုဘဝကို မြှင့်တင်ပေးရန်
- သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရန်[၅၆]

တောင်တန်းဒေသတွင် လှေကားထစ်လယ်ယာဖေါ်ထုတ်ခြင်းဖြင့် မြေယာဖေါ်ထုတ်ခြင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် စက်မှုလယ်ယာဌာနကို တာဝန်ပေးဆောင်ရွက်ခဲ့ရာ ၂၉၇၁၁ ဧက ဖေါ်ထုတ်ပြီးခဲ့ကြောင်း ဆိုင်ရာဌာနက အစီရင်ခံတင်ပြခဲ့ပါသည်။ တောင်တန်းဒေသဖွံ့ဖြိုးရေးအတွက် လှေကားထစ်လယ်ယာသည် အကောင်းဆုံးအစီအစဉ်တစ်ခုဖြစ်ပေသည်။ သို့ရာတွင် တောင်ပေါ်သားအများစုနှင့် နေရာဒေသတိုင်းအတွက် ဖြစ်နိုင်ချေ မရှိပေ။ တစ်စိတ်တစ်ဒေသ ဖြေရှင်းပေးနိုင်သည့် အစီအစဉ်တစ်ရပ်သာ ဖြစ်နိုင်ပါသည်။

၅၆။ စိုက်/စီ (၂၀၁၀)၊ စာ-၈၂

ရေရှည်တည်တန့်၍ ထုတ်လုပ်မှုစွမ်းရည်ကောင်းသောစနစ်တစ်ခုကို ထိန်းသိမ်းနိုင်ရေးအတွက် တောင်ပေါ်ဒေသ၏အလှည့်ကျလုပ်မြေထားရှိခြင်းစနစ်ကို မည်သို့ပံ့ပိုးပေးရမည်ဆိုသော အမေးပုစ္ဆာမှာ အရှေ့တောင်အာရှ တစ်ခွင်လုံးအငြင်းပွားစရာများ ဖြစ်နေပါသည်[၅၇]။ ဒေသတစ်ခုလုံးတွင် တောင်ယာစိုက်ပျိုးခြင်းကို ပိတ်ပင်ဟန့်တားလိုသော ပေါ်လစီအယူအဆများမှာ တောင်ယာစိုက်ပျိုးရေး၏ ဆက်စပ်ပေါင်းစည်းမှုစနစ်အပေါ် အဆိုးမြင်နေသော ရလဒ်များကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ဝါသည်[၅၈]။ သစ်တောပြုန်းတီးစေမှုနှင့် အထွက်ညံ့ဖျင်းမှုအတွက်လည်း အကောင်းမြင်နိုင်စရာမရှိပေ။ အမှန်စင်စစ်မှ လေ့လာချက်များမြုလုပ်ကြည့်ရာ အလှည့်ကျမြေလုပ်အနားပေးစနစ် (အခါ တောင်ယာစနစ်) သည် အပူပိုင်းဒေသသစ်တောများ၌ ဂေဟစနစ်တည်ငြိမ်ရေးအတွက် သီးနှံစိုက်ပျိုးရေးလုပ်ကိုင်ခြင်းသည် ထိရောက်မှု အကောင်းဆုံးသောနည်းလမ်းအဖြစ်တွေ့ရှိရ၍ တောင်ယာလုပ်သူများသည် ၎င်းတို့၏နည်းပညာနှင့် အလေ့အကျင့်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အား လိုက်လျောညီထွေ ပြောင်းလဲသွားအောင် ဆောင်ရွက်သွားကြပါသည်။ စံထားအပ်သော အမြေအနေမှာ အလှည့်ကျလုပ်မြေထားခြင်းစနစ်သည် သစ်တောလုပ်မြေကာလကို ကြာရှည်ထားရှိပြီး စိုက်ကွက်အရွယ်ကို ငယ်ငယ်ထားနိုင်လျှင် ဝေဟစနစ်တည်ငြိမ်ကောင်းမွန်စေပါသည်။ မြေယာလိုအပ်ချက်များလာ၍ မြေဆီလွှာညံ့ဖျင်းလာလျှင် တောင်ယာခုတ်သူတို့သည် အခြားမြေကောင်းနေရာကို ရှိးရာအစဉ်အလာအတိုင်း ရွှေ့ပြောင်းသွားကြပြီး တောဂျက်သွားသော နေရာကို ပြန်လည်ဝေါက်ရောက်လာအောင် မြေလုပ်ထားလိုက်ပါသည်။ ယခုအခါ လူဦးရေတိုးပွားလာခြင်းကြောင့် သာမကဘဲ ကြိုးပိုင်းသစ်တောဧရိယာကို ပိုမိုတိုးချဲ့သတ်မှတ်လာခြင်း၊ လယ်ယာစီးပွားရေး လုပ်ငန်းရှင်များ၏ စိုက်ကွင်းများ ထူထောင်လာခြင်း၊ ကျေးရွာများကို ပြန်လည်နေရာချထားခြင်း စသောအကြောင်းများကြောင့် မြေယာရှားပါးကျပ်တည်းမှု ပိုမိုဖြစ်ပေါ်လာခဲ့ပါသည်။ တောင်ယာလုပ်ကိုင် စားသောက်သူများအတွက် ရေရှည်တည်တန့်ပြီး ဘက်စုံစိုက်ပျိုးရေးနှင့် သစ်တောတွဲဖက်လုပ်ကိုင်မှု စနစ်များကို ရှာဖွေဖော်ထုတ်ဝေးဖို့ လိုအပ်နေပြီ ဖြစ်ပါသည်။ ဤတွင် ခိုင်မာသောမြေယာလုပ်ပိုင်ခွင့် လုံခြုံမှု လိုအပ်နေပြီ ဖြစ်ဝါသည်။

ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း အလေ့အထအပေါ် အဆိုးမြင်မှုသည် မြေယာလုပ်ကိုင်ပိုင်ဆိုင်မှုအား တိုက်ရိုက်ဝတ်သက်ရိုက်ခတ်နေပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို အထက်အာဏာပိုင်များက အားပေးလိုမှု မရှိသောအခါ သက်ဆိုင်ရာအစိုးရဌာနများရှိ အမှုထမ်းများအနေဖြင့် တောင်ပေါ်ကျေးရွာအစုအဖွဲ့၏ သစ်တော လုပ်မြေထားရှိသော ထုံးတမ်းစဉ်လာအခွင့်အရေးကို အသိအမှတ်ပြုရန် ဝန်လေးကြလေသည်။ အရှည်သဖြင့် မြေယာလုပိကိုင်ခွင့်လုံခြုံမှုမရှိဘဲ တောင်ယာလုပ်သူအဖို့လည်း ၎င်း၏ ဘက်စုံစိုက်ပျိုးရေးနှင့် သစ်တောတွဲဖက်လုပ်ငန်း ထုတ်လုပ်မှုတိုးတက်ရန်နှင့် ဇီဝမျိုးကွဲအဖုံဖုံစုံလင်ကြွယ်ဝအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ထိုးထွင်းကြံဆ လုပ်ဆောင်လိုစိတ်ရှိနိုင်မည် မဟုတ်ပေ။

**သစ်တောရေးရာဝန်ကြီးဌာန၏ အနှစ် ၃၀ မဟာစီမံကိန်းအဆိုပြုလွှာ၌ 'ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမြေများတွင် သစ်တာပြန်လည်ထူထောင်သည့်လုပ်ငန်း ဖော်ဆောင်ရာတွင် တောင်ယာခုတ်သူများအား ပညာပေးစည်းရုံးခြင်းနှင့် သက်သာချောင်ချိရေး ဆောင်ရွက်ပေးခြင်း နည်းများသာမက ယင်းတို့အနေနှင့် ရင်းနှီးမြှုပ်နှံခြင်း ပြုလုပ်လျက် ဖွံ့ဖြိုးတိုးတက်စေသည့် ဝင်ငွေတိုး အခွင့်အလမ်းများကိုလည်း ဖန်တီးပေးခြင်း'ဆိုသောအချက်ကို တင်ပြခဲ့ပါသည်။**

မကြာသေးမီက ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်အပေါ် အစိုးရဌာနများနှင့် ပညာရှင်များ၏ အသိအမြင်မှာ ကမ္ဘာနှင့်အဝှမ်း ပြောင်းလဲသွားခဲ့ရာ အသိသစ်အမြင်သစ်များကို အိုင်စီမော့ဒ် (ခေါ်) တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ထင်ဟပ်ဖော်ပြထားပါသည်။ အိုင်စီမော့ဒ်အနေမြင် ရွှေ့ပြောင်းတောင်ယာစနစ်/အလှည့်ကျ မြေလုပ်စနစ်ကို ရပ်တန့်သွားရန် ဟန့်တားသည့် ပေါ်လစီများသည် ထိရောက်အောင်မြင်မှုမရှိကြောင်း အသိအမှတ်ပြုလာရကာ ထိုစနစ်အပေါ် ပိတ်ပင်ဟန့်တားခြင်းဖြင့်လည်း အခြေအနေမှာ ပိုဆိုးလာသဖြင့် ဟိမဝန္တာအရှေ့ပိုင်းဒေသ၏ မြန်မာနိုင်ငံအပါအဝင် (၅)နိုင်ငံမှ အစိုးရဌာနများနှင့် NGO ကိုယ်စားလှယ်များသည် ၂၀၀၂-၂၀၀၄ ခုနှစ်ကာလအတွင်း ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး၏ အကျိုးသက်ရောက်မှုနှင့် တောင်ယာလုပ်သူ၏ ထိုးထွင်းကြံဆကြိုးပမ်းချက်များကို လေ့လာခဲ့ပြီး အစိုးရဌာနများအတွက် ပေါ်လစီထောက်ခံချက်များ ဖော်ထုတ်ခဲ့ပါသည်[၅၉]။

ရွေးချယ်ထားသော (၅) နိုင်ငံအတွင်း လေ့လာခဲ့သော အရပ်ဒေသ(၂၀)၏ မြစ်ရပိုမှန်ပေါ်[၆၀]အခြေခံ၍ ကောက်ချက်ချရာ ရွှေ့ပြောင်းတောင်ယာစနစ်တွင် တောင်ယာလုပ်သူ၏ တီထွင်ကြံဆမှုများသည် သစ်တောပြန်လည်ဖုံးလွှမ်းလာမှုနှင့် ဇီဝမျိုးကွဲမျိုးစုံထိန်းသိမ်းနိုင်မှုပိုကောင်းလာကြောင်း၊ တစ်ချိန်ထဲမှာပင် စိုက်ပျိုးရေးနှင့် သစ်တောထုတ်လုပ်မှုကောင်းအောင် ထိန်းသိမ်းထားနိုင်ကြောင်း သိရှိလိုက်ရပါသည်။ ဤလေ့လာချက်သည် အမြင်သစ်သို့ပြောင်းပေးနိုင်သဖြင့် အားတက်စရာဖြစ်လာပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်ကို တိုတောင်းသော သီးနှံစိုက်ပျိုးကာလအဖြစ် ရှုမြင်ဆောင်ရွက်မည့်အစား သစ်တောလုပ်မြေကာလကို ကြာရှည်စွာထားရှိ ထိန်းသိမ်းနိုင်သော အခြေအနေဖြစ်နိုင်ရန်

---

၅၇။ ဆက်စပ်ပေါင်းစည်းမှုနှင့် တစ်ပိုင်းတစ်စနစ်နှစ်ခုအကြောင်းကို အခန်း ၃(၃)၌ ကြည့်နိုင်ပါသည်။ ဆက်စပ်ပေါင်းစပ်သောစနစ်မှာ အတွေ့အကြုံများလှသော ဒေသခံအစုအဖွဲ့သည် တောင်ယာမြေကို လိုက်လျောညီထွေ ပြုပြင်စီမံထားခြင်းကို ရည်ညွှန်းပါသည်။ ပတ်ပန်းကျင်၏ အထောက်အပံ့ပေးနိုင်မှုပေါ် အခြေခံ၍ တောင်ယာမြေကို ရေရှည်တည်တန့်အောင် စိုက်ပျိုးပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ပြင်ပမှ ဝင်ရောက်အခြေချကာစ လူများသည် လတ်တလောတင်သွင်းလာသောနည်းစနစ်များကို သုံး၍ ပတ်ဝန်းကျင်၏ ဖိအားများကို ရင်ဆိုင်လာရသောအခါ တစ်ပွဲတိုးလုပ်ဆောင်လာကြပါသည်။ ရေရှည်တည်တန့်ရန် ခက်ခဲလာစေတော့သည်။

၅၈။ ဥပမာအားဖြင့် Cairns (၁၉၅၅) Kerkhoff and Sharma (၂၀၀၆)၊ Warner (၁၉၉၁)၊ စာ-၁၇-၁၈နှင့် ဤအစီရင်ခံစာ၏ အခန်း ၃ ၌ ကြည့်ရှုနိုင်ပါသည်။

၅၉။ Kerkhoff, E. (ခုနှစ်မပါ)၊ ကားကော့ဖ်အီးအီးနှင့် အီးရှားမား (၂၀၀၆) ကိုလည်း ကြည့်ပါ။

၆၀။ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာနှင့် နီပေါနိုင်ငံများ

စစ်ဆေးပြီးသေချာခိုင်မာစေကာ တောင်ယာသမားက သစ်တောဧရိယာကို ထိန်းသိမ်းစောင့်ရှောက်၍ သစ်တောလုပ်မြေမှ ဘက်စုံအကျိုးပြုမှုကို ရရှိစေသည်အပြင် မြေဆီသြဇာ ပြန်လည်ပြည့်ဖြိုးလာစေသည်အထိ ဆောင်ရွက်နိုင်ကြောင်း အမြင်ပြောင်းလဲစေခဲ့ပါသည်။ မြစိရပ်မှန်လေ့လာချက်အရ တောင်ယာသမားသည် ၎င်း၏တောင်ယာစနစ်ထဲသို့ သစ်တောကြီးများကို မည်သို့မည်ပုံ ကည့်သွင်းပေါင်းစပ်ကာ ဘက်စုံသီးနှံသစ်တောရောနှောစနစ်ကိုစီမံ၍ ဇီဝမျိုးကွဲမျိုးစုံ ဖြစ်ပေါ်မှုကို ထိန်းသိမ်းအားပေးနိုင်ကြောင်း သိရှိလာခဲ့ရပါသည်။ ဤလေ့လာရေးအစီရင်ခံစာသည် တောင်ယာအလေ့အထကို ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးစနစ်အစား အလှည့်ကျဘက်စုံသီးနှံသစ်တော ရောနှောထုတ်လုပ်ခြင်းနည်းစနစ်အဖြစ် ပြောင်းလဲသွားသော အမြင်သစ်များကို ဖေါ်ထုတ်လိုက်ပါသည်[၆၁]။

ထိုမှတဖန် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေးနှင့် ဆက်နွယ်သော လက်ရှိပြဿနာများကို တွေ့ရှိရသည်မှာ မလျော်မကန် မြေယာအသုံးချမှု၏ရလဒ်နည်းတူ ချမှတ်သောပေါ်လစီများ၏ တန်ပြန်အကျိုးသက်ရောက်မှုများသည်လည်း ဆိုးကျိုးများကို ဖြစ်ပွားစေပါသည်။ အိုင်စီမော့ဒ် တွေ့ရှိချက်များကို ဆွေးနွေးရန်နှင့် တိကျပြတ်သားသော ပေါ်လစီထောက်ခံချက်များကို ချမှတ်ပေးနိုင်ရန်အတွက် ၂၀၀၄ ခုနှစ်က ပေါ်လစီစကားများ ပြောကြားသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါသည်။ တက်ရောက်သောပုဂ္ဂိုလ်များ၏ ထောက်ခံတင်ပြချက်များမှာ လက်ရှိကိုင်တွယ်နေသော ပေါ်လစီများကို ပြန်လည်သုံးသပ်ရန်၊ ရှင်းလင်းပြတ်သားလှသည့် ရွှေ့ပြောင်း တောင်ယာစနစ်ကို ဟန့်တားသည့် ပါးလုံးသိမ်းပေါ်လစီ လုပ်နည်းလုပ်ဟန်များကို ဖယ်ရှားရန်၊ ထထိရှိအကျိုးပြု ပေါ်လစီများကို ခိုင်ခိုင်မာမာ အကောင်အထည်ဖေါ်ရန် စသည်တို့ ပါပင်သည်[၆၂]။

## ပေါ်လစီ မဆီလျော်မှု၏ ရိုက်ခတ်မတ်သက်မှုများ

ရွှေ့ပြောင်းတောင်ယာစနစ်ကို အဆိုးမြင်မှုကြောင့် ပေါ်လစီအားလုံး၏ အခြေခံမှုများမှာ ထိုစနစ်ကို အတည်တကျ အမြဲတမ်းစိုက်ပျိုးရေး သို့မဟုတ် မြေကိုအတည်တကျထား၍ ဆောင်ရွက်သော လုပ်ငန်းစဉ်များနှင့် အစားထိုးရန်ပင် ဖြစ်ပါသည်။ အဆိုပါ ချဉ်းကပ်နည်းမှာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေး၏ အားသာချက်များကို မရရှိစေနိုင်ပေ။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းကို အတည်တကျစိုက်ပျိုးခြင်း သို့မဟုတ် သစ်တောထားရှိခြင်းဖြင့် အစားထိုးပါက ဖြစ်ပေါ်လာမည့် ရလဒ်များမှာ -

၁။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရန် ရရှိနိုင်သော မြေဧရိယာစုစုပေါင်းမှ ပိုမို ယုတ်လျော့နည်းပါးလာပြီး လုပ်မြေကာလတိုးတောင်းလာ၍ ထုတ်လုပ်မှုကျဆင်းလာကာ ပမ်းစာမဖူမလုံဖြစ်လာနိုင်ခြင်း

၂။ လုပ်ကိုင်ပိုင်ဆိုင်ခွင့်အနေဖြင့် လူတိုင်းအညီအမျှ ဝေစုရနိုင်စေသော ဘုံပိုင်ဆိုင်မှုမှ ပုဂ္ဂလိကတစ်ဦးပိုင်သို့ ပြောင်းလဲပါက မြေမဲ့ယာမဲ့နှင့် ဆင်းရဲမွဲတေစေမှုသို့ ကျရောက်သွားနိုင်ခြင်း

၃။ ဒေသခံအစုအဖွဲ့နှင့် စည်းမျဉ်းများအတွက် အဆင့်သင့်ပြင်ဆင်ထားမှု မရှိသေးသော ဖြင်ပဈေးကွက်နှင့် နိုင်ငံရေးအင်းအားစုတို့အပေါ် မှီခိုမှုပိုမိုအားပြုရမည်ဖြစ်ရာ ၎င်းတို့၏ကိုယ်ပိုင်ရပ်တည်နိုင်စွမ်း ကျဆင်းလာခြင်း

၄။ သင့်လျော်သောအစားထိုးနည်းစနစ်လည်း မတွေ့ရှိသေးသလို လက်ရှိတောင်ယာ စိုက်ပျိုးနည်းမှာလည်း ကပျက်ယပျက်ဖြစ်လာလျှင် ထိုဒေသတွင် ပတ်ပန်းကျင် ပျက်သုဉ်းလာနိုင်ခြင်း

Kerkhoff and Sharma ၂၀၀၆ ခုနှစ်စာ ၇၄

အချက်အချာကျသည့် ထောက်ခံချက်များအနက် ပေါ်လစီချမှတ်သူများသည် မြေယာလုပ်ကိုင် ပိုင်ဆိုင်ခွင့်ပြဿနာကို ကိုင်တွယ်ပေးရန်နှင့် သုတေသနနှင့် တိုးချဲ့ပညာပေးရေးလမ်းကြောင်းမှ အလှည့်ကျလုပ်မြေ နည်းစနစ်များအပေါ် အကျိုးသက်ရောက်ရိုက်ခတ်မှုတို့ကို လေ့လာဆန်းစစ်ပေးရန်တို့လည်း ပါဝင်ပါသည်။ နောက်ထပ် ထောက်ခံအကြံပြုထားသည်မှာ စီမံခန့်ခွဲမှုစွမ်းရည်နှင့်စနစ်၏ ရေရှည်တည်တန့်နိုင်မှုတို့သည် ဆက်စင်မတ်သက်နေသောကြောင့် ထုံးထမ်းစဉ်လာ စည်းမျဉ်းဘောင်သတ်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ပေးရန် ဖြစ်ပါသည်။ အစီရင်ခံစာက ဖေါ်ပြချက်အရ အောင်မြင်သော စနစ်တစ်ခုဖြစ်ရန်အတွက် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးရေး စနစ်သည် တောတောင်သျှုမြောင် စိုက်ကွင်းစိုက်ကွက်အလုံးစုံ (ရေဝေရေလဲဒေသအစိတ်အပိုင်းတစ်ခု) ကို ခြုံငုံထားသော အလှာတစ်ခုမှနေ၍ ဒေသခံအစုကို အခြေခံထားသော စီမံခန့်ခွဲမှုစနစ်မျိုး လိုအပ်သည်ဟု ဆိုပါသည်။ ထိုမှတစ်ဖန် အရင်းအမြစ်များ အသုံးချရန် ထိန်းကျောင်းပေးနိုင်မည့် ခိုင်မာသော ဒေသခံအစုအဖွဲ့အချင်းချင်းတွင်လည်း ခိုင်မာသောဆက်သွယ်ရေးလမ်းကြောင်းများ ထားရှိရန်လိုအပ်ပါသည်။ ထိုစည်းမျဉ်း ဘောင်သတ်အဖွဲ့အစည်းများသည် ဒေသအတွင်းအခိုင်အမာ ပြုထားရှိမက၊ စံတန်ဖိုးများ၊ ယုံကြည်မှုများနှင့် မလေ့ထုံးစံများ တူညီစွာဖလှယ်နိုင်ရပါမည်။ အဆိုပါ ရပ်ရေးရွာရေး စည်းကမ်းထုံးစံများ မရှိပါလျှင် အစုအဖွဲ့များကို ရစ်ပတ်ဖွဲ့နှောင်ထားသော လူမှုယဉ်ကျေးမှု အလေ့အထများ လျော့ပါးလာ၍ သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲနိုင်မှုသည် ဖိအားပေးခံလာရတော့မည် ဖြစ်ပါသည်[၆၃]။

---

၆၁။ Kerkhoff, E.E. and E. Sharma ၂၀ပ၆၊ အမှာစာ

၆၂။ Kerkhoff, E.E. and E. Sharma ၂၀၀၆၊ အကျဉ်းချုပ်

၆၃။ Kerkhoff, E.E. and E. Sharma ၂၀၀၆၊ စာ - ၅၇

အကျိုးဆက်ဖြစ်စဉ်မှာ မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်ပေါ်လစီသည် ထုံးထမ်းစဉ်လာစည်းမျဉ်းတို့ကို ချိန့်အောင်လုပ်မည့်အစား အားပေးထောက်ခံမှု လိုအပ်ပါသည်။ ထုံးတမ်းစဉ်လာ စည်းမျဉ်းများကို ချိန့်စေသော အစိုးရ၏ပေါ်လစီအကျိုးဆက်တစ်ခုမှာ တောစ်ယာလုပ်သူ၏ သစ်တောလုပ်မြေအား ထုတ်လုပ်မှုကောင်းအောင် အလှည့်ကျစိမ်ထားရှိမှုကို အသိအမှတ်မပြုခြင်းခြင့် ထိုတောင်သူ၏ အကျိုးခံစားမှုကိုသာမက လက်ဝေခံအောက်အဆင့်များတွင် ရရှိနိုင်သောအကျိုးခံစားမှုများကိုပါ လျစ်လျူရှုမိရာရောက်ပေမည်။ နောက်တစ်ချက်မှာ ဘုံပိုင်ဆိုင်မှုနယ်ဝယ်များအတွက် ဥပဒေမူဘောင်များ ချမှတ်ထားပေးရန် ပျက်ကွက်မှုများ ဖြစ်သွားနိုင်သည်။ သို့မဟုတ် လုပ်မြေအပါဝင် ရိုးရာစဉ်လာအတိုင်း လုပ်ဆောင်နေသော နယ်ဝယ်တစ်ခုကို လျစ်လျူရှုရာ ရောက်ပေမည်။ အိုင်စီမော့ဒ်၏ အစီရင်ခံစာသည် လေ့လာထားသမျှ နိုင်ငံ (၅) နိုင်ငံစလုံးတွင် အမျိုးသားရေးရာ ဥပဒေမူဘောင်အတွင်း၌ ဘုံပိုင်ဆိုင်မှုနယ်ဝယ်များကို ထည့်သွင်းထားနိုင်အောင် ဆထိစပ်ဆောင်ရွက်နိုင်ရေးသည် စိန်ခေါ်မှုတစ်ခုသဖွယ်ရှိနေကြောင်း နိဂုံးချုပ်၌တင်ပြထားပါသည်။ အလှည့်ကျ လုပ်မြေစနစ်ကို ရေရှည်တည်တန့်အောင် ထုံးထွင်းကြီဆ ဆောင်ရက်မှုများ အပေါ် အဖွဲ့အစည်းများက အချက်အချာကျကျ ထောက်ခံအားပေးခြင်းဖြင့် ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့်နှင့် စပေါင်းမြေယာအသုံးချမှုကို အသိအမှတ်ပြုပေးရာ ရောက်ပေလိမ့်မည် ဖြစ်ပေသည်[၆၄]။

## “နိုင်ငံတကာညီလာခံများနှင့် အလှည့်ကျ လုပ်မြေစနစ်ကို ထောက်ပံ့ပေးနိုင်သည့် ရန်ပုံငွေရရှိရေး အခွင့်အလမ်းများ”

ရွှေ့ပြောင်းတောင်ယာစနစ်အပေါ် ပေါ်လစီ မီးမောင်းထိုးကြည့်ပုံကို ၎င်းအားဖျက်သိမ်းဖယ်ရှားခြင်းမှ ရေရှည်တည်တန့်စေသော သစ်တောလုပ်မြေ စိမ်ခန့်ခွဲခြင်းနှင့် ဘက်စုံထုတ်လုပ်ပေးနိုင်စေသော လယ်သမား၏ တီထွင်ထိုးထွင်းမှုများကို အားပေးခြင်းသို့ ပြောင်းလဲပေးနိုင်ပါက ပေါ်လစီချမှတ်သူများအပို့ အလှူရန်ပုံငွေရနိုင်သလို ပဂ္ဂလိကကဏ္ဍနှင့် ကာဗွန်ဓာတ်ငွေ့ အရောင်းအဝယ်လုပ်ငန်းဖြစ်လာက ဆင်းရဲသားများအား တမ်နည်းတစ်ဖုံ အကျိုးပြုလာစေပါမည်။ အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ(ယူအင်) အဖွဲ့အစည်းတို့၏ ပူဝေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှု အစီစဉ်တစ်ခုတွင် ပါဝင်ရန် ပြင်ဆင်နေပါသည်။ ထိုအစီစဉ်မှာ သစ်တောများခုတ်၍ သစ်တောပျက်သုဉ်းသွားပြီးနောက် ဓာတ်ငွေ့ထုတ်လုပ်မှုများ လျှော့ချရေးဆိုင်ရာ ပူပေါင်းဆောင်ရွက်ရေး **(UN- REDD)** ဖြစ်ပါသည်[၆၅]။ ထိုအစီစဉ်တွင် သစ်တောစောင့်ရှောက်သော တောင်သူများအား ၎င်းတို၏ပတ်ပန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ဆောင်မှုအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားမှုများပေးရန် အရေးကြီးသောလုပ်နည်းလုပ်ဟန်များ ပေါ်ထွက်လာရန် အလားအလာရှိပေသည်။ စက်မှုလုပ်ငန်းများ (အထူးသဖြင့် စက်မှုနိုင်ငံကြီးများ) သည် ကာဗွန်ဓာတ်ငွေ့ ဝယ်ယူသုံးစွဲသူအနေဖြင့် တည်မြဲသစ်တောများတွင် ကာဗွန်ဓာတ် သိုလှောင်ပေးထားခြင်း (သို့မဟုတ် ကာဗွန်ဓာတ်စုပ်ယူ ထိန်းချုပ်ပေးခြင်း) အတွက် သက်ဆိုင်ရာအစိုးရများကို တာဝန်အရဖြစ်စေ၊ အလိုက်တသိ စိတ်ဓာတ်ဖြင့်ဖြစ်စေ ငွေပေးချေရမည်ဖြစ်၍ ဤကိစ္စတွင် **REDD** အစီစဉ်သည် ကြားပွဲစားလုပ်ပေးမည် ဖြစ်ပါသည်။ အဓိက အနှစ်သာရမှာ ဤကိစ္စမျိုးသည် စက်မှုနိုင်ငံကြီးများ၏ ငွေကြေးကို သစ်တောများ ကာကွယ်ထိန်းသိမ်းဝေးသော အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ စီးဆင်းရောက်ရှိစေမည့် သဘောဖြစ်သည်။ ထို့ကြောင့် ကာဗွန်ဓာတ်များ စုပ်ယူထိန်းချုပ်ထားနိုင်သော သစ်တောများကို ကာကွယ်ထိန်းသိမ်းဝေးမည့် ဒေသခံအစုအဖွဲ့များ အတွက် နောင်အနာဂတ်တွင် ငွေဝေးချေမှုများ ဖြစ်လာနိုင်ဖွယ်ရာရှိပါသည်။

ငွေပေးချေမှုသည် သာနာညီမျှမှုမရှိဘဲ ဆောင်ရွက်လျှင် ကာဗွန်ဓာတ် ထိန်းသိမ်းပေးခြင်းလုပ်ငန်းမှ ရလာသောအကျိုးခံစားမှုသည် ဆင်းရဲသားများက မရောက်ရှိဘဲဖြစ်မည်ကို အချို့သော **REDD** စောင့်ကြည့် အကဲခတ်သူများအနေနှင့် စိုးရိမ်မကင်း ဖြစ်ကြပါသည်။ ဟိမဝန္တာဒေသ၏ အရှေ့ပိုင်းတစ်ခွင်လုံးရှိ တောင်တန်း တောင်ကုန်းများတွင် အလှည့်ကျလုပ်မြေစနစ်သည် အဓိကလွှမ်းမိုးနေသော စိုက်ပျိုးရေးစနစ်ဖြစ်၍ စိုက်ပျိုးမြေနှင့် သစ်တောမြေ ဟက်တာ ၀၀ သန်းခန့်ပေါ် ဆောင်ရွထ်နေကြပါသည်။ လုပ်ကိုင်ဆောင်ရွက်နေကြသူ အများစုမှာလည်း အလွန်ဆင်းရဲသည်ဟူသော အုပ်စု၌ ပါဝင်နေကြသည်[၆၆]။ ကမ္ဘာ့ဘက်စုံသီးနှံ သစ်တောဗိမာန်၏ ဦးစီးဆောင်ရွက်မှုများအရ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်းနှင့် ကျေးလက်ဆင်းရဲမှု လျော့ပါးသက်သာစေခြင်းအတွက် ဆောင်ရက်နေသော ဖွံ့ဖြိုးရေးအစီစဉ်ထဲတွင် ဝတ်ဝန်းကျင်ဆိုင်ရာ ပန်ဆောင်မှုအား ဆုချီးမြှင့်ခြင်းကို ထည့်သွင်းအကောင်အထည်ဖော်မှုသည် အောင်မြင်မှုများရလာသည်ကို တွေ့ရပါသည်[၆၇]။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ **ILO** ကြီးမှူးကျင်းပခဲ့သော ၁၉၈၉ (အမှတ်စဉ် ၁၆၉) ဇာတိရင်းချာလူများနှင့် လူမျိုးနွယ်စုတို့၏ ညီလာခံသည် ဇာတိရင်းချာလူမျိုးတို့၏ အခွင့်အရေးအနေဖြင့် ၎င်းတို့၏ သီးခြားပေါ်လွင်သော ယဉ်ကျေးမှုသွင်ပြင် အမှတ်အသားများကို ထိန်းသိမ်းကာကွယ်ခွင့်ရှိကြောင်း ထိုယဉ်ကျေးမှု အစဉ်အလာသည်လည်း ၎င်းတို့၏ စိုက်ပျိုးရေးဘပနှင့် ဆက်နွယ်ဝတ်သက်နေကြောင်း တင်ပြခဲ့ပါသည်[၆၈]။

---

၆၄။ **Kerkhoff, E.E. and E. Sharma** ၂၀၀၆၊ စာ - ၆၄

၆၅။ အင်တာနက် ဝက်ဘ်ဆိုက် http://www.un-redd.org

၆၆။ **Kerkhoff, E.E. and E. Sharma** ၂၀၀၆၊ အမှာစာ

၆၇။ ဆင်းရဲသားအကျိုးပြု ပတ်ဝန်းကျင်ဝန်ဆောင်မှု လုပ်ငန်းများအတွက် မျှဝေရင်းနှီးမြှုပ်နှံခြင်းနှင့် အသုံးချခြင်း (အာယူပီအီးအက်စ်)၊ ကမ္ဘာ့သီးနှံသစ်တောရောနှောစနစ်ဆိုင်ရာ ဗိမာန်၊ ICRAF SEA .www.rupes.worldagroforestry.org

၆၈။ **Aryal, K.P. and E.E. Kerkhoff** (၂၀၀၈)

၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဇာတိရင်းချာလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းကို ထောက်ခံသောအားဖြင့် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ ထောက်ခံမဲပေးခဲ့ပါသည်။ ဥပဒေကြောင်းအရ တာဝန်မရှိသော်လည်း ဤစာချုပ်စာတမ်းသည် ဇာတိရင်းချာလူမျိုးများအနေဖြင့် ၎င်းတို့၏ အစုအဖွဲ့များ၊ စည်းမျဉ်းစည်းကမ်းများ၊ ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများကို ထိန်းသိမ်းခြင်းနှင့် အားဖြည့်ပေးခြင်း အခွင့်အရေးများရှိသလို ၎င်းတို့၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခွင့်ရှိပေသည်။ အလားတူပင် လူမရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်းတို့ကိုယ်ပိုင်စိတ်ကူးပုံရိပ်ကို ဖော်ဆောင်ရန်နှင့် ၎င်းတို့၏ ကွဲပြားသော သွင်ပြင်အတိုင်းရပ်တည်သွားနိုင်ရန် ၎င်းတို့တွင်ရှိသော အခွင့်အရေးနှင့်ပတ်သက်ရာကိစ္စရပ်အားလုံးအတွက် အပြည့်အဝထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ခွင့်ပေးရန်နှင့် ယင်းသို့ဆောင်ရွက်ခြင်းကိုအားပေးရန် ထပ်လောင်း၍ အလေးအနက်ဖော်ပြသွားပါသည်[၆၉]။

မြန်မာနိုင်ငံ၏ ပေါ်လစီရုပ်လုံးဖော်သူများနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြု ပဋိပက္ခများသည် တောင်ယာစိုက်ပျိုးသူများနှင့် ဒွန်တွဲပြီး လုပ်ကိုင်နိုင်ရန် အမြဲသဘောဆောင်သော ချဉ်းကပ်မှုများဖြင့် အကက်ဖော်ပြပါ ရည်မှန်းချက်များကို ထည့်သွင်းစဉ်းစား၍ အကောင်အထည်ဖော်နိုင်ပေသည်။ သို့မှသာ တောင်တန်းဒေသ၏ ပတ်ဝန်းကျင်ကာကွယ်ခြင်းနှင့် အသေးစားတောင်သူတို့၏ ဝမ်းစာဖူလုံမှုကို ဈေးကွက်စီးပွားရေးစနစ်နှင့် ချိပ်ဆက်ဆောင်ရွက်ပေးခြင်းတို့အတွက် ဆီလျော်စွာတွဲစပ်မှု မရှိနိုင်သည့်ကြားမှ ဖြစ်မြောက်အောင် ဆောင်ရွက်လာနိုင်သည့် အခြေအနေကောင်းသို့ ရောက်ရှိစေမည် ဖြစ်ပါသည်။

## ၆(၃)။ မြေအသုံးချရေးစီမံကိန်းနှင့် မြေအမျိုးအစားခွဲခြားခြင်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တန့်သော ဖွံ့ဖြိုးရေးစီမံကိန်းသည် မြေသယံဇာတအသုံးချရေးအတွက် ကျယ်ပြန့်သော ပေါ်လစီမူဘောင်များအတွင်း ရှင်းလင်းလွယ်ကူသော လုပ်ငန်းစဉ်များပါဝင်အောင်ရေးဆွဲချမှတ်ထားနိုင်ပါမှ အမှန်တကယ် အကျိုးရလဒ်ကောင်းများ ထွက်ပေါ်စေပါမည်။ မြေအသုံးချရေးစီမံကိန်းသည်ပင်လျှင် ပါဝင်ပတ်သက်သူအလုံးစုံနှင့် အကျုံးဝင်ရန်လိုအပ်ပေသည်။ ခေတ်နှင့်အညီစနစ်တကျပြုပြင်စီရင်အပ်သောဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ၊ မြေယာအသုံးပြုမှုလုပ်နည်းလုပ်ဟန်များကို စုစည်း၍ စိုက်ပျိုးရေး၊ သစ်တော၊ စက်မှုကဏ္ဍ၊ အသီးသီးဖွံ့ဖြိုးရေးနှင့် ဇီဝမျိုးကွဲမျိုးစုံထိန်းသိမ်းစောင့်ရှောက်ရေး ရည်ရွယ်ချက်များကို အထောက်အကူပြုစေနိုင်သော တစ်လုံးတစ်စည်းတည်းသော ပေါ်လစီတစ်ရပ်လိုအပ်လာ၍ ၎င်းသည် မြေယာစီမံခန့်ခွဲမှုနှင့် မြေယာလုပ်ပိုင်ခွင့်စနစ်တို့ တိုးတက်ကောင်းမွန်လာစေရန်လည်း အုတ်မြစ်သဖွယ် ထောက်ပံ့ပေးရပါမည်။

လက်ရှိမြေအသုံးချရေးအစီအစဉ်နှင့် ဆောင်ရွက်ချက်များသည် သက်ဆိုင်ရာအစိုးရဌာန အချင်းချင်းတွင် လည်းကောင်း၊ တိုင်းဒေသတစ်ခုမှ တစ်ခုတွင်လည်းကောင်း ညှိနှိုင်းဆက်စပ်ဆောင်ရွက်မှု အားနည်းနေပါသည်။ ကွဲပြားခြားနားသော ဝန်ကြီးဌာနများအလိုက် မြေယာအပေါ် စီရင်ပိုင်ခွင့်အာဏာသည် ၎င်းတို့၏ အခွင့်အာဏာရှိသော ကဏ္ဍအတွင်းသာ ဆောင်ရွက်ကြရပြီး လမ်း၊ တံတား၊ မြို့ပြ၊ အဆောက်အအုံ၊ သတ္တုတွင်း၊ စိုက်ခင်းကျယ်များနှင့် သစ်တောရေးရာဆိုင်ရာ မြေအသုံးချမှုအပြောင်းအလဲကိစ္စရပ်များ၌ ဆက်စပ်ညှိနှိုင်းမှု ရှိကောင်းမှ ရှိပေမည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော စိုက်ပျိုးရေးမဟာစီမံကိန်း (၂၀၀၀ မှ ၂၀၃၁ ထိ) တွင်လည်း "မြန်မာနိုင်ငံ၏ မြေသယံဇာတများကို အသုံးချရာတွင် အခြားကဏ္ဍများ ဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေး၊ မြို့ရွာအိုးအိမ်ဖွံ့ဖြိုးရေး၊ သစ်တောကဏ္ဍ၊ ဓာတ်သတ္တု ဖော်ထုတ်ရေး စသည့် စီးပွားရေးဌာနများနှင့် ဆက်စပ်လျက်ရှိပါသည်။ ထိုလုပ်ငန်းဌာနများ၏ မြေသယံဇာတခွဲဝေ အသုံးပြုမှုကို ညှိနှိုင်းဆက်ဝစ်ပေးနိုင်မည့် မြေအသုံးချရေးအာဏာပိုင်အဖွဲ့ (Land Use Bureau) ကဲ့သို့ သော အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သွားသင့်ပါသည်။"ဟု အကြံပြုတင်ပြထားဝါသည်။ ယင်းသို့သော မြူရို (သို့မဟုတ်) ကော်မရှင် တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ဝေရာတွင် အထက်အပုဒ်များ၌ ဖော်ပြသွားသကဲ့သို့လည်း လင်းညွှန်မူဝါဒများနှင့် တစ်လုံးတစ်ဝည်းတည်းသော ပေါ်လစီတစ်ရပ် လိုအပ်လာပေသည်။**

ထို့မှတစ်ပါး မြေယာစီမံကိန်းများချမှတ်ရာတွင် ကိုလိုနီခေတ်ကာလကတည်းက ချမှတ်ခဲ့သော ဥပဒေမူဘောင်များနှင့် မြေအမျိုးအစားခွဲခြားသတ်မှတ်ထားရှိမှုများအပေါ် ယနေ့အချိန်ထိအခြေခံဆောင်ရွက်နေပါသည်။ အဆိုပါ မြေအမျိုးအစားခွဲခြားမှုများသည် လက်ရှိမြေအသုံးချရေးကို ကောင်းစွာကိုယ်စားမပြုနိုင်သလို ပတ်ဝန်းကျင် ဂေဟစနစ်အပြောင်းအလဲကိုလည်း ထင်ဟတ်နိုင်ခြင်း မရှိတော့ပေ။ ဥပမာအားဖြင့် အချို့သစ်တောကြိုးပိုင်းများသည် တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အားလုံးစိုက်ပျိုးမြေအဖြစ် ပြောင်းလဲသွားသည်ကိုလည်း တွေ့ရပါသည်။ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းကြီးများသည်လည်း သစ်တောကြီးဖြစ်နေပါသည်။ ကြံ၊ ဆီအုန်း စသော စက်မှုကုန်ကြမ်းသီးနှံများကို တိုးချဲ့စိုက်ပျိုးမြင်းသည်လည်း ကျယ်ပြန့်သော မြေအသုံးချရေး လျာထားနယ်နိမိတ်ဘောင်အပြင်ဘက်၌ ဆောင်ရွက်နေပုံရပါသည်။

မြေအသုံးချပုံမှာ ရေ၊ မြေ ရာသီဥတု၊ ဂေဟစနစ်တို့ သင့်လျော်မှုအပေါ် တွက်ချက်အခြေခံပြီး စီမံကိန်းချမှတ်ထားခြင်းမျိုး မဟုတ်၍ ကုတ်လုပ်မှုစွမ်းရည်အပြည့်အဝကို တွက်ချေကိုက်စွာရယူနိုင်မည် မဟုတ်ပေ။ ဆိုးဝါးသော မြင်ကွင်းတစ်ခုမှာ ပေါင်းစပ်ညှိနှိုင်းထားခြင်းမရှိဘဲ ဆောင်ရွက်လိုက်သော မြေယာစီမံခန့်ခွဲမှုသည် မြေယာပျက်သုန်းနိုင်သော အန္တရာယ်ကို ကြုံနိုင်၍ ရေရှည်တည်တန့်နိုင်စွမ်း ကျဆင်းစေပါသည်။ တစ်ချိန်ထဲမှာပင် အသေးစားတောင်သူများ၏ လိုအပ်ချက်ကိုထည့်သွင်းမစဉ်းစားလျှင် မြေယာလုပ်ပိုင်ခွင့် မသေမချာမရေမရာ ဖြစ်လာကာ ဝမ်းစာမဖူလုံရခြင်းသို့ ရှေ့ရှုသွားနိုင်ပါသည်။

---

၆၉။ UN သတင်းဌာန၊ ၁၃ စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်

မြေယာအသုံးချမှု အမျိုးအစားကိုပြောင်းရန် ခက်ခဲလှသော လုပ်နည်းလုပ်ဟန်များသည် ဒေသခံအစုအဖွဲ့များအတွက် ဥပဒေကြောင်းအရ မြေယာလုပ်ပိုင်ခွင့်ရရန် ရှုပ်ထွေးစေပါသည်။ ဥပမာ - စိုက်ပျိုးမြေဟု စာရင်း ပေါက်ထားသော မြေပေါ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းထူထောင်ရေးအတွက် CFC (ခေါ်) သစ်တောစိုက်ခင်းထူထောင်ခွင့် လက်မှတ်ရရန်မလွယ်ပေ။ မြေအမျိုးအစားသတ်မှတ်ချက် ပြောင်းလဲရေးမှာ လက်တွေ့ကျကျပြောရလျှင် မဖြစ်နိုင်ပေ။ (အခန်း ၇ ၌ ဖော်ပြပါ အတွေ့အကြုံ အထွေထွေမြစ်ရပ်မန်ကိုရှုပါ)။

ဇယား ၄။ မြေအမျိုးအစား ခွဲခြားရေး အဓိပ္ပါယ်ဖွင့်ဆိုချက်များ

| | |
|---|---|
| လက်ရှိဧက | တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများ လက်ဝယ်ထားရှိသည့် လက်ရှိဧရိယာစိုက်ပျိုးထားပြီးမြေ (သို့မဟုတ်) လက်ရှိ ပလပ်မြေလည်း ပါဝင်သည်။ မြေမျိုးကြီးအလိုက် အောက်ပါအတိုင်း ခွဲခြားထား ပါသည်။<br>- လယ်မြေ ။ ။ စပါးစိုက်မြေ (မိုးကောင်းသောက် (သို့မဟုတ်) ဆည်ရေသောက်မြေ)<br>- ယာမြေ ။ ။အခြောက်သီးနှံ စိုက်ယာမြေမျိုးကြီး။ လွင်ပြင် (သို့မဟုတ်) မြေမျက်နှာပြင်မညီညာသောမြေ။ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲစသော ယာသီးနှံ (အခြောက်သီးနှံ စိုက်မြေ)<br>- ဥယျာဉ်ခြံမြေ ။ ။သစ်သီးသစ်ပင်၊ နှစ်ရှည်ပင်များ စိုက်သည့်မြေ(ရော်ဘာ၊ ဆီအုန်း၊ မင်းဂွတ်၊ ဒူးရင်း)။<br>- ကိုင်း/ကျွန်းမြေ။ ။ မြစ်ချောင်းကမ်းပါးရှိ နုံးတင်မြေနုများ၊ ရေကျချိန်စိုက်သည်။ ကိုင်းမြေရင့်၊ ကိုင်းမြေနုရှိသည်။<br>- ဓနိမြေ ။ ။ ဆားဝင်နွံပေါက် ရွှံ့မြေ၊ ဓနိစိုက်သည်။<br>- တောင်ယာ ။ ။ တောင်ကုန်း၊ တောင်စောင်းများတွင် အလှည့်ကျ မြေလှုပ်ထား၍ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးသောမြေ။ |
| စိုက်ပျိုးနိုင်သော မြေရိုင်းနှင့်ပလပ်မြေများ | မြေရိုင်းဧရိယာတွင် လူတို့ လုံးဝခုတ်ထွင် မစိုက်ပျိုးရသေးသော မြေများနှင့် မြေဆီထြဇာ တက်လာစေရန် မြေလှုပ်ထားစေရန် မြေလှုပ်ထားသည့်အမြဲ ဦးပိုင်မပေါက်သေးသော တောင်ယာမြေများလည်း ပါပင်သည်။ လယ်/ဆည် ဝန်ကြီး ဌာန၏ စီမံခန့်ခွဲနိုင်မှု အခွင့်အာဏာအောက်၌ တည်ရှိသည်။ သစ်တောဧရိယာပြင်ပတွင် ရှိသည်။ |
| ကြိုးဝိုင်းကာကွယ်တော | အမြဲတမ်းသစ်တောမြေဟု ယနေ့သိရှိကြသည်။ သစ်တောဦးစီးဌာနကသစ်နှင့် အခြားထုတ်ရန်တို့အတွက် စီမံခန့်ခွဲသော မြေ။ အစိုးရသာလျှင် စီရင်ချထားခွင့် ရှိသောမြေ။ |
| သီးသန့်မထားရှိသော သစ်တော | ကြိုးဝိုင်းကာကွယ်တောအောက်၌ မရှိသော သစ်တော။ သို့သော် သစ်တောရေးရာ ဝန်ကြီးဌာန၏ စီရင်ပိုင်ခွင့် အာဏာအောက်မှာ ထားရှိသည်။ ဒေသခံပြည်သူအစု အဖွဲ့ပိုင် သစ်တောညွှန်ကြားချက်ကို ဤအုပ်စု၌ လျှောက်ထားနိုင်သည်။ |
| အခြားမြေ | စိုက်ပျိုးမြေနှင့် သစ်တောမြေ မဟုတ်သောမြေ။ အခြားမြေများတွင် စားကျက်မြေ၊ သင်္ချိုင်းမြေ၊ မီးရထားလမ်းမြေ၊ လမ်းမြေ၊ ဆည်မြောင်း၊ ကန်၊ တာတမံမြေ၊ လေယာဉ်ပျံကွင်း၊ သာသနာမြေ၊ သုသာန်၊ အဆောက်အအုံနှင့် အခြား၊ အမျိုးအစားခွဲခြားခြင်း မပြုနိုင်သော မြေများပါဝင်သည်။ |

**ဖော်ပြ CSO 2009, NCEA 2006 ,FAO 2004, မဟာစီမံကိန်း (လယ်/ဆည်)၊ ၂၀၀၀ ပြည့်နှစ်၊**

ဇယား ၄ ၌ ဖော်ပြပါ မြေအသုံးချမှု အမျိုးအစားခွဲခြားထားပုံသည် ဗဟိုစာရင်းအဖွဲ့ (CSO) မှ ထုတ်ပြန်သော Statistical Year Book ၌ဖော်ပြထားသကဲ့သို့ ရေးသားထားပါသည်။ ထို့အပြင် အဓိပ္ပာယ် ပိုမိုပြည့်စုံရန်အလို့ငှာ လယ်/ဆည် ပန်ကြီးဌာန၏ အခြားစာအုပ်များမှ ထုတ်နုတ်၍ ဖြည့်စွက်ထားပါသည်။ ဧရိယာဧကမှာ မြေ/မြေဌာနက နှစ်စဉ်ကောက်ခံသော ကိန်းဂဏန်းအစီရင်ခံစာကို အခြေခံ ပါသည်[၇၀]။ သစ်တောဟု သတ်မှတ်ထားသော မြေသည် တစ်နိုင်ငံလုံး မြေဧရိယာ၏ တစ်ဝက်နီးပါးရှိပါသည်။ ၂၀၀၈ ခုနှစ် မှတ်တမ်းအရ ကြိုးဝိုင်းကာကွယ်တောသည် ဧက ၄၁. ၄ သန်းရှိ၍ သီးသန့်မထားရှိသော သစ်တောမှာ ဧက ၄၁ သန်း ရှိပါသည်။ တစ်နိုင်ငံလုံး၏ စုစုပေါင်း မြေဧရိယာမှာ ဧက ၁၆၇ သန်းရှိ၍ လက်ရှိလက်ဝယ်ထားဧရိယာမှာ ဧက သန်း ၃၀၊ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းမှာ ဧက ၁၄ သန်း ရှိပါသည်။

တောင်ယာမြေနှင့် ပတ်သက်၍ လက်ရှိရွှေ့ပြောင်းစိုက်ပျိုးသောဧရိယာကို နှစ်စဉ်စာရင်းကောက်ယူ၍ အသားတင်စိုက် ဧရိယာအောက်၌ စာရင်းသွင်းပါသည်။ ဝေးလံဒေသ၌ ဤစာရင်းများမှာ ခန့်မှန်းချက်များဖြစ်ပါသည်။ ထုံးတမ်းစဉ်လာ မြေယာလုပ်ကိုင်ခွင့်အရ ရှိရာအစဉ်အလာ ကျေးရွာ၏ တောင်ယာမြေများသည် စိုက်ပျိုးနိုင်သော မြေရိုင်းအခြားသစ်တောဧရိယာနှင့် တစ်ခါတစ်ရံ ကြိုးဝိုင်းသစ်တောမြေထဲ၌ပင်လျှင် ပါဝင်နေပါသည်။

---

၇၀။ CSO (၂၀၀၉) ကို ဥပမာအဖြစ်ကြည့်ပါ။







# ၄ မြေယာလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရရေးအတွက် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်

စိုက်ပျိုးမြေအဖြစ် အမျိုးအစားခွဲခြားထားသောမြေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာနက တိုင်တွယ်စီရင်ပါသည်။ သစ်တောမြေကို သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက စီမံခန့်ခွဲပါသည်၊ ဌာနအသီးသီးသည် အသေးစားတောင်ယာစိုက်ပျိုးသူကို မြေထာမှတ်ပုံတင်လုပ်ပေးရန် တစ်မျိုးတစ်ဘာသာစီ ဆောင်ရွက်ပေးကြပါသည်၊ စိုက်ပျိုးမြေတိစ္စတွင် ကွင်းနင်းမြေတိုင်းတာခြင်း၊ ကွင်းတွက်မြေပုံတုတ်ခြင်းစသော လုပ်ဝန်းအဆင့်ဆင့်ကို ဆောင်ရွက်၍ နှစ်အပိုင်းလိုက်ပြန်လည် လျှောက်ထားရယူနိုင်သော မြေအသုံးချရေးအာမခံစာရွက်တို တုတ်ပြန်ပေးပါသည်။ သစ်တောမြေတိစ္စတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်မှု ညွှန်ကြားချက်အရ သစ်တောအသုံးပြုလိုသူအုပ်စုသည် အနှစ် ၃၀ ဂရန်တို လျှောက်ထားနိုင်ပါသည်။ အရေးကြီးသောအချက်မှာ မှက်ပုံကင်ခြင်း လုပ်ငန်းသည် မှတ်ပုံတင်လျှောက်ထားစဉ်က တင်ပြထားသော မြေအသုံးချရေးတိုသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ မှတ်ပုံတင်ထားပြီး စိုတ်ပျိုးမြေတို စိုက်ပျိုးရေး (ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံ) အတွက်သာ သုံးရပါမည်၊ မှတ်ပုံကင်ထားပြီး သစ်တောမြေကိုလည်း တက်စုံသီးနှံသစ်တောတွဲဖက်ပုံစံတစ်မျိုးမျိုးကို လတ်ခံကောင်းလတ်ခံနိုင်သော်လည်း အမှန်တတယ် သစ်တောလုပ်ငန်းအတွက်သာ အသုံးပြုရမည်ဖြစ်ပါသည်။

## ၄(၁)။ စိုက်ပျိုးမြေမှတ်ပုံတင်ခြင်း

တောင်ယာမြေသည် တောင်တန်းဒေသတွင် အဓိကတွေ့ရသော စိုက်ပျိုးရေးပုံစံဖြစ်သော်လည်း တောင်ယာမြေအများစုသည် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိပေ။ တောင်ယာမြေသည် မကြာသေးမီအချိန်အထိ စီးပွားရေးတန်ဖိုးအနည်းငယ်သာရှိသည်။ ရာသီသီးနှံကို ယာယီသဘောစိုက်ပျိုးကြပြီး ထုံးတမ်းစဉ်လာဥပဒေဖြင့် ထိန်းကျောင်းထားပါသည်၊ စပါးစိုက်လယ်မြေကိုမူ အဆက်မပြတ်စိုက်ပျိုးသဖြင့် မှတ်ပုံတင်ပြုလုပ်နိုင်ပါသည်။ အထူးသဖြင့် လယ်မြေသည် မြို့ရွာနှင့်နီးကပ်နေလျှင်ဖြစ်စေ၊ လယ်ပိုင်သူသည် အစိုးရတာဝန်ခံအရာရှိများနှင့် နီးစပ်၍ဖြစ်စေ၊ လယ်မြေသည် အမြဲတမ်းတည်တန့်မှုရှိသဖြင့် တန်ဖိုးပိုရှိကာ မြေယာမှတ်ပုံတင်ခြင်းကို လုပ်ဆောင်လေ့ရှိပါသည်၊ သီအိုရီသဘောအရ တောင်ယာမြေကို စိုက်ပျိုးမြေအဖြစ် အမျိုးအစားသတ်မှတ်ထားသော မြေတွင်စိုက်ပျိုးရန် မှတ်ပုံတင်ရမည်ဖြစ်သော်လည်း လက်တွေ့တွင်မူ တောင်ယာမြေကို စိုက်ပျိုးမြေရော သစ်တောမြေ အမျိုးအစားသတ်မှတ်ချက်တို့ပေါ်တွင် စိုက်ပျိုးလုပ်ကိုင်နေကြပါသည်၊

တောင်ယာမြေကို ကြေး/မြေဌာန၏ စီရင်ဆောင်ရွက်မှုအာဏာအောက်တွင်ထားရှိ၍ ကျေးရွာရှိ အိမ်ထောင်စု အားလုံးနှင့် ၎င်းတို့၏စိုက်ပျိုးဧကစာရင်းပေါ် အခြေခံပြီး၊ နှစ်စဉ်မြေခွန်ကောက်ခံလေ့ရှိပါသည်[၇၁]။ မြေယာကိုမူ ကွင်းဆင်းမြေပုံထုတ်ခြင်းမပြုပေ၊ ကြေး၊ မြေဌာနမြေတိုင်းစာရေးသည် ကျေးရွာတစ်ရွာချင်း ကွင်းဆင်းဆောင်ရွက်မှုကို အခြေခံပြီးဖြစ်စေ၊ တောင်သူကပြောလာသော မျိုးစေ့နှုန်းကို အခြေခံပြီးဖြစ်စေ သတ်မှတ်ပေါ်ပြုလာကိုသုံးကာ မြေဧကကို ခန့်မှန်းပါသည်။ ကျေးရွာမှတ်ပုံတင်စာရင်းနှင့် ကွင်းဆင်းမှတ်စုစာအုပ်တွင် နှစ်တစ်ခုအတွင်း ကျေးရွာရှိ စုစုပေါင်းစိုက်ဧကစာရင်းနှင့် အိမ်ထောင်စုအလိုက်သီးနှံစာရင်းတို့ကို မှတ်သားပါသည်၊ ဤစာရင်းသည် အခွန်ကောက်ခံရန်အလို့ငှာဖြစ်သောကြောင့် ကျေးရွာလူကြီးကစု၍ ပေးချေရပါသည်၊ များသောအားဖြင့် ဤစာရင်းမှာ လျှော့၍တင်ပြထားခြင်း ဖြစ်နိုင်ပြီး ခိုင်လုံတိကျမှု သိပ်မရှိပေ။

တောင်ယာမြေကို လုပ်ထားလျှင် စိုက်ပျိုးနိုင်သောမြေဟု ယူဆထားတတ်ပါသည်၊ ကျေးရွာအိမ်ထောင်စုအများစု၏ မြေယာလုပ်ကွက်များအတွက် ကြေး၊ မြေဌာနက ကိုင်တွယ်သော ကွင်းဆင်းမှတ်စုစာအုပ်သည် တစ်ခုတည်းသော တရားဝင်မှတ်တမ်းဖြစ်၍ နှစ်စဉ်စိုက်သော သီးနှံမြေကိုသာ ဖော်ပြပါသည်။

ကွင်းဆင်းမှတ်စုစာအုပ်တွင် ကျေးရွာ၏နယ်နိမိတ်နှင့် ၎င်းရှိထင်ရှားသော အမှတ်အသားများကို ပုံကြမ်းဆွဲပြီး မှတ်လေ့ရှိပါသည်။ အိမ်ထောင်စုအလိုက်တောင်ယာမြေကိုမူ မြေပုံဆွဲထားခြင်းမရှိပေ၊ နောက်ဆက်တွဲ မြေတိုင်းတာသော ဧရိယာထဲ၌လည်း မှတ်တမ်းတင် မြေပုံဆွဲခြင်းလည်း မရှိပေ။ အမှန်တကယ်တွင် ကျေးရွာရှိစိုက်ပျိုးမြေယာ နယ်နိမိတ်သည် တောတောင်အနှံ့တည်ရှိနေကာ အိမ်ထောင်စုတစ်စုချင်းသည် နှစ်စဉ် မြေယာတစ်ကွက်ထက်မက စိုက်ကြပါသည်။ လယ်မြေကိုမူ ရေနီးပြီး ရေဆင်းရေလာကောင်းသောနေရာ၌ ရွေးချယ်ဖော်ထုတ်ပါသည်၊

---

၇၁။ သစ်တောဦးစီးဌာန စိရင်မှုအောက်တွင်ဆိုပါက တောင်ယာစိုက်ပျိုးရေးအတွက် နှစ်စဉ်အခွန်ကောက်နိုင်သည်

ကွင်းဆင်းမှတ်စုစာအုပ်ထဲ၌ မြေယာကိုမှတ်သားသားရုံမျှသာရှိပြီး ၎င်းကို"အဘည်မပြုရသေးသော မြေပုံ"ဟု သာ ယူဆကြပါသည်။ ၎င်းကို ကရားရုံး၌အဟောက်အဟားအမြစ် ဟင်ပြ၍မရပါ။ ဦးပိုင်ကွက်၏ ကည်ရာကို သတ်သက်မှတ်မှက်ဖော်ပြထားနိုင်ခြင်းမရှိ၍ မြစ်ပါသည်။ သို့ရာတွင် စိုက်ပျိုးမြေပေါ်ဘွင် နှစ်စဉ်အခွန်စည်းကြပ်၍ ပေးဆောင်ရသော အိမ်ထောင်စုမှတ်ပုံတင်စာရင်းနှင့်အထ ကွင်းဆင်းမှထိစုစာအုပ်ကို မြေယာစီမံခန့်ခွဲမှုကော်မတီအနေမြင့် မြေယာမှုခင်းကို စီရင်ရာတွင် တစ်စိပ်တစ်ဒေသ အတောက်အလားအဖြစ် သုံးနိုင်ပါသည်။ အိမ်ထောင်စုတစ်စုသည် ပုံစံ ၀၀၃ မှ တစ်ဆင့်မြို့နယ်မြေစာရင်းဌာနကို ၎င်းတို့၏တောင်ယာမြေကို လာရောက်ကွင်းဆင်းတိုင်းထာရန် လျှောက်ထားနိုင်ပါသည်။ ကွင်းဆင်းတိုင်းတာပြီးလျှင် မြို့နယ်မြေစာရင်းအရာရှိသည် တရားဝင်ကွင်းမြေပုံ (ကွင်းတွက်မြေပုံ) ကို ကုက်ပေးနိုင်ပါသည်။ ဤအခဆင့်တွင် မြေယာလို ပုံစံ ၁၀၅ ၌ မှတ်ပုံကင် ပြီးစီးပါသည်။ ပုံစံ ၁၀၅ မှာ ခိုင်မာပြီး ကရားကြောင်းမြင့် မြင်းပယ်ရန် ခက်ပါသည်။

အချို့ကောင်ယာသမားများသည် ကွင်းသွက်မြေပုံနှင့် ပုံစံ ၁၀၅ ရရန် လာရောက်မြေကိုင်းဖို့ လျှောက်ထားစပြုလာပါသည်။ သို့ရာတွင် လူနည်းစုသာရှိသေး၍ ပြင်ပအဆက်အဘွယ်လည်း လိုအပ်ပါသည်။ ကွင်းဆင်းမြေတိုင်း၍ ကွင်းတွက်မြေပုံထုတ်ရန် လိုအပ်ချက်များကြောင့် မြေယာမက်ပုံတင်ခွင့် လျှောက်တားမြင်းမှာ အချိန်ကြန့်ကြာပြီး၊ စရိတ်ကြီးပါသည်။ သို့ရာဟွင် မြေယာများလက်လွှတ်ဆုံးရှုံးသွားနိုင်သော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသော အိမ်ထောင်စုများအဖို့ ဤလျှောက်လွှာတင်ခြင်းလုပ်ငန်းမှာ အထူးအသုံးဝင်ပါသည်။

ဒေသခံတောင်သူများအနေဖြင့် အတည်တကျအမြဲကမ်း မြေယာလုပ်ကွက်ကို ထူထောင်လျှင် မြေယာမှတ်ပုံတင်ရေးအတွက် လျှောက်ထားခြင်းပြုရန်မလိုပေ။ အမြဲထမ်းစိုက်ကွက်တွင် စိုက်ခြင်းသည် နောက်ပိုင်းကွင် အကည်ပြုပေးရန် ခိုင်မာသော အခြေခံကစ်ခုမြစ်ပါသည်။ မြေယာကို လေကားတစ်ကန်သင်းများမြင့် ဖေါ်တုတ်၍ဖြစ်စေ၊ ရာသီ သီးနှံကြားတွင် နှစ်ရှည်သီးနှံပင်ကြီးများဟားရှိ စိုက်ပျိုးပါလျှင် ၎င်းသည် မားမဦးချ (ရိုးရာအစဉ်အလာ ရေ့ပြေးစွန့်တွင်လုပ်ဆောင်ခြင်း သို့မဟုတ် အိုးအိမ်မြေယာတည်ထောင်ခြင်းစနစ်) ပုံစံမြင့် မြေယာအသုံးမြူခွင့်ရှိသည်ဟု ပုသနိုင်ပါသည်။ ဓားမဦးချစနစ်ကို ရေးယခင်ကကည်းက တုံးကမ်းစဉ်လာလုပ်ပိုင်ခွင့်အရ အသိအမှတ်မြုထားပြီး မြစ်ပါသည်။ ကိုလိုနီခေတ်ထာလတွင် မြေယာကို စွန်တွင်ဦးစီးလုပ်ကိုင်၍ စဉ်ဆက်မမြက် ၁၂ နှစ်ကာလအထိ မြေခွန်ပေးဆောင်နေလျှင် တရားဝင်မှတ်ပုံတင်ကားပြီး ဖြစ်သည်ဟု ယူဆတားပြီးဖြစ်ပါသည်။ ဤစနစ်နှင့်အခြား ပုဂ္ဂလိကပိုင်ဆိုင်မှုအားလုံးကို ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်မြုလုပ်ရေးအက်ဥပဒေအရ အမည်ခံဖျက်သိမ်းခံရသော်လည်း မြေယာအငြင်းပွားမှုများနှင့် ဝေခြမ်းရေးကိစ္စများတွင် မြေယာစီမံခန့်ခွဲမှု ကော်မတီအနေမြင့် ဓားမဦးချစနစ်ကိုမူ လည်သွင်းစဉ်းစားလေ့ရှိပါသည်။

**မြေယာလုပ်ကိုင်ခွင့်လုံခြုံစိတ်ချရန် တောင်ပေါ်ဒေသတောင်သူများနှင့် ပူးပေါင်းလုပ်ဆောင်သော အင်ဂျီအို အဖွဲ့ဝင်တစ်ဦး၏ အတွေ့အကြုံအမျိုးမျိုး** **ကြေးမှုံးဆောင် (၈)**

**မြန်မာနိုင်ငံအရှေ့တောင်ပိုင်းအရပ်၌ မြေယာမှတ်ပုံတင်ခြင်း**

လေ့လာခဲ့သော ဤရွာကွင်း အိမ်မြေ ၅၀ ရှိ၍ မြေဆီအဆင့်အတန်းကောင်းမွန်တာ မြေယာရှားပါးစ ဖြုလာပါတည် အနီး ပတ်ပန်းကျင်၌ ရော်ဘာစိုက်ခင်းများလည်း စနေပါသည်။ အချို့သော မြေယာမဲ့အိမ်ထောင်စုများသည် တောင်စောင်းဒေသ စိုက်ပျိုးရေး နည်းပညာကိုသုံး၍ အမြဲတမ်းစိုက်ကွက် တည်ထောင်လိုကြပါသည်။ သို့ရာတွင် မြေယာလိုအပ်ပါသည်။ စီမံကိန်းဝန်ထမ်းများသည် ဤကိစ္စကို ကြေး/မြေဌာနနှင့် သိုင်ပင်ဆွေးနွေးရာ ကျေးရွာဖြေထဲ၌မှတ်ပုံတင်ခြင်းမဖြုသဲ ကျန်ရစ်နေသောဖြေအချို့ကို ရှာတွေ့သွား ပါသည်။ ရွာတိုပြန်ပြီး မေးကြည့်ရာ သိမြေသည် မှတ်ပုံကင်မထားသော်လည်း လူအချို့က တိုမြေကိုစိုက်ပျိုးနေပြီးကြောင်း သိရပါသည်။ NGO ကာပန်ခံသည် တျေးရွာရလကနှင့် ထိုမြေကိုသုံးနေသူများနှင့် ပူးဝေါင်းပြီး ထိုမြေတိုလုပ်ကိုင်လိုမအကွက် မြေအစားလျော်ကြေး ပေးပြီး ရယူစိုက်ပျိုးလိုသော တောင်သူတိုတွေ့ရန် စိစဥ်ပါသည်။ ကျေးရာ ရလကဥက္ကဌနှင့်လည်း ထိပ်တိုက်တွေ့ခဲ့ရဖြန်သည်။ ဥက္ကဌက မြေ ၆ ဧကမှာ သူ့မြေဖြစ်သည်ဟု ပြောလာပါသည်။ သို့ရာကွင် သူတွင် ပိုင်ဆိုင်မှု စာရွတ်စာတမ်းဘာမျှ မရှိပါ။ NGO ဝန်ထမ်းနှင့် မြေမဲ့အိမ်ထောင်စုတို့သည် မြေယာတိုသုံးနေသူအား လျော်ကြေးပေးရန် မှုဧစိုက်ယတ်ပြီး မြေယာကို ကြေး/မြေတွင် မှတ်ပုံတင်လိုက်ကြ ပါသည်။

ဒေသ၌တာဝန်တျသည့် ကြေး/မြေတာဝန်ခံကလည်း NGOနှင့် မြေယာမဲ့သူများတို့ စိတ်အားတက်သန်စွာ ပူးပေါင်းလုပ် ဆောင်ပေးပါသည်။ မြေလုပ်ပိုင်ခွင့် ဦးပိုင်လက်မှတ်ကို မြေယာမဲ့အိမ်ထောဝ်စ ၆ စုအား တတ်ပေးပါသည်။ ၎င်းကိုကို ကျေးရာမှတ်ပုံတင် စာရင်း၌လည်း စာရင်းသွင်းပေးလိုက်ပါသည်။ ဦးပိုင်မှတ်ပုံတင်ရပြီးလျှင် အိမ်လောင်စုများက နာနတ်သီးပင်ကဲ့သို့ ဥယျာဉ်ခြံသီးနှံကို စိုက်ရန်နှင့် ရေရှည်တည်တန့်သော ယောင်ဝေါ်မြေယာ စီမံခန့်ခွဲမှုအတွက် ကွန်ကိုစည်းရိုးဝင်အဖြစ် ပဲမျိုးဂင်သစ်ပင်ကို စိုက်မည် မြစ် ပါသည်။ သီးနှံသစ်ကောရောလျက် တတ်စုခြံတည်ထောင်ရန် ပျိုးခြံကိုလည်း စတင်တည်နေပါသည်။ အချို့တ ရော်ဘာစိုက်နေပါသည်။ သိအပင်များ စိုက်မြပ်းဖြင့် ပုံစံ ၁၀၅ (ကွင်းထွက်ဖြေပုံ) တိုရယူရန် လှယ်တူသွားပြီး အငြင်းပွားမှု ကြုံရလျှင်လည်း မြေယာလုပ်ပိုပ်ခွင့် ခိုင်မာစိတ်ချရပြီး ဖြစ်ပါသည်။

အင်ဂျီအိုအတွက် သင်ခန်းစာရယူလိုတ်သည်မှာ မြေယာမှတ်ပုံတင်မြုလုပိမြင်းသည် စရိတ်ကြီးမြင့်၍ အချိန်ကြာမြင့်သွားတာ စီမတ်နီးဝန်တမ်းအနေဖြင့် ဤလုပ်ငန်းရပ်တို ဦးတည်ချက်တားပေးသော အိမ်ထောင်စုအတွက် ကြုပ်ကြုပ်တည်းတည်းအခြေအနေတွပ် လုပ်ဆောင်ပေးလိုတ်ရပါသည်။ တစ်ချိန်တည်းပင် စာမတတ် ပေမတတ် ဆင်းရဲသားအိမ်တောင်စုအဖို့မှ ဤကိစ္စမျိုးကို ၎င်းကိုကိုယ်တိုင် လုပ်ဆောင်ဖို့ ယုံကြည်မှုရော စွမ်းဆောင်ရည်ပါ မရှိကြပါ။ သာနာည်မှုမှုသည် အထူးအရေးကြီးသော ကိစ္စရပ်မြစ်ကြောင်း ရာသားများကို ဆွေးနွေးရှင်းလင်းမြသရဝါသည်။ ရှားပါးသော မြေယာတို မည်သူရသင့်သည် ဆိုသောအချက်နှင့် ရှင်းသင်းမြသကြရပါသည်။

**ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် မှတ်ပုံတင်ခြင်းလုပ်ငန်း**

ဤကျေးရွာတဲစုသည် ထဘာဝပေါ်တပ်ပင် သစ်ကောကဲ၌ တည်ရှိနေထိုင်ကြပြီး ရွာသားများက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောအဖြစ် မှတ်ပုံဘင်လိုကြပါသည်။ သူတို၏အစီစဉ်မှာ တင်းသုံးနှင့် အမြားသစ် အမျိုးအစားပင်များအပြပ် တန်ဖိုးကြီးသောကြိမ်နှင့် ဝါးတို တပ်ဖြည့်စိုတ်လိုကြသည်။ ၎င်းကိုကို ခုတ်သိမ်းရယူ အတျိုးခံစားရန်ဖြစ်သည်။ NGOအဖွဲ့က သစ်တောသုံးစွဲသူအပ်စု (CFC) ကို ပျိုးခြံတည်ရန်နှင့် တန်ဘိုးရှိ သစ်အမျိုးအစားစိုက်ရန် နည်းပညာနှင့် ပစ္စည်းသွင်းအားစု ပံ့ပိုးပါသည်။

## ၇(၂)။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း

တောင်ပေါ်ဒေသကွပ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်ကောလုပ်ငန်းသည် ကြေး/ဖြေဌာန၏ လုပ်ငန်းစဉ်များနှင့် နိုပ်းစာလျှင် အသေးစားတောင်သူများအဘွက် မြေယာလုပ်ကိုင်ခွပ် အာမခံချက်ရယူမှုတွပ် ပိုမိုအောင်ဖြပ်တမြောက်ကြောပ်း တွေ့ရပါသည်။ အခါပါ ဒေသခံမြည်သုအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချတ်အောက်တွင် ဒေသခံအစုအဖွဲ့များသည် အနှစ် ၃၀ သုံးစွဲခွင့်ကို ယစ်ကောမြေ အဖြစ် အမျိုးအစားခွဲတားသော ဖြေယာပေါ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်ကောအာမခံလက်မှတ် (CFC) ရယူမှုဘစ်ခာင့် လျောတ်ထေားနိုင်ပါသည်။ အာမခံလက်မှတ်ရရေး လျှောက်ထားမှုသည် အခာင့်များစွာပါဂင်သည်။ ၎င်းကိုမှာ ယစ်တောအသုံးမြုသူ အုပ်စုများဖွဲ့ခြင်း၊ သစ်ကောဦးစီးဌာနမှ ပန်သမ်းများဖြပ် မြေတိုပ်းသာဖြပ်း၊ နယ်နိမိဘ်မိုင်းခြားဖြပ်း အနှစ် ၃ပ စီမံခန့်ခဲမှုစီမံချတ်၊ ထိုစီမံချက်နှင့် မြေပုံကို အထတ်အဆင့်ဆင့်တို အကည်မြုချက်ရရန် တင်ဖြမြင်းတိုဖြစ်ပါသည်။ ဒေသခံမြည်သူသစ်တောလုပ်ဝန်း လုပ်ကိုင်ခွင့်လက်မှတ်ကို မြုန်းကီးသွားသော သစ်တောအတွက် မကြာခဏလက်ပေးလေ့ရှိပါသည်။ တာဝန်ရှိသူတိုအနေဖြင့် ဒေသခံမြည်သူအစုအဖွဲ့တို့ အနေဖြင့် သစ်ကောအလှာဖုံးလွှမ်းအောင် မြန်လည်ထူထောင်ရေးတွင် ကူညီသွားမည်ဟု ကြိုဂင်မျှော်မှန်းထားပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်ကို လွန်ခဲ့သော ၁၅ နှစ်ကျော် ၁၉၉၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ၎င်းသည် မော်ကွန်းမှတ်တမ်းတင် ညွှန်ကြားချက်ထစ်ခုဖြစ်ပါသည်။ ဤသည်မှာ အိမ်ထောင်စုများအနေဖြင့် သစ်တောမြေကို တရားဝင်မှတ်ပုံတင်အသုံးပြုခွင့် ပထမဆုံးအကြိမ်ရ လိုက်ခြင်းပင်ဖြစ်ပါသည်။ ဤညွှန်ကြားချက် ထုတ်ပြန်ပြီးနောက် အစိုးရဌာန၊ နှစ်ဖက်အကျိုးတူဖွံ့ဖြိုးရေး အေဂျင်စီများနှင့် NGO တော်တော်များများသည် တိုင်းပြည်၏ တောင်တန်းဒေသ၊ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုံ အပါအဝင် ပထဝီဝင်ကွဲပြားသောနေရာများတွင် ညွှန်ကြားချက်ကိုလျှောက်ထားရန် ဆောင်ရွက်လာကြပါသည်။ အဖွဲ့အစည်း တော်တော် များများသည် အတူပူးပေါင်း၍ တောင်သူလယ်သမား သင်တန်းကျောင်းဖွင့်ခြင်းနည်းလမ်းဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အတွက် တက်ရောက်ပါဝင်လာသောတောင်သူများကို လိုအပ်သောအဆင့်များ သိရှိနားလည်ရန်နှင့် CFC လုပ်ငန်းစဉ် လုပ်ကိုင်နည်းများ မှတစ်ဆင့် ကျေးရွာသားများကို လမ်းညွှန်ပြသခဲ့ပါသည်။ အဆိုပါအဖွဲ့အစည်းများ၊ အစိုးရဌာနများနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း ပါတနာများ၏ စုပေါင်းကြိုးစားမှုကြောင့် မြန်မာနိုင်ငံ၏ မြေဧရိယာ ၄၁၄၅၈ ဟက်တာ (၁၀၁၉၈၇ ဧက) ကို ၂၀၀၉ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သတ်မှတ်ချက်ကို ရယူနိုင်ခဲ့ပါသည်[၇၂]။

ပါဝင်ပတ်သက်ရာဌာနစုံ၊ လူစုံ၏ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဖေဖော်ဝါရီလ ၂၀၀၉ ခုနှစ်တွင် FAO ၊ စားနပ်ရိက္ခာဖူလုံမှုပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့နှင့် UNDP တို့ ပူးတွဲကျင်းပ၍ မြန်မာနိုင်ငံ၌ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ အနာဂတ်နှင့် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံ များကို ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲသည် အောင်မြင်မှုများကို စိစစ်ကြပါသည်။ စိန်ခေါ်မှုနှင့် အဟန့်အတားများကို ဖော်ထုတ်၍ ၁၅ နှစ် ကာလကုန်လွန်ပြီးနောက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လျှောက်ထားမှု ပိုမိုအဆင်ပြေရေးအတွက် ရှေ့ဆက်လက်သွားရမည့် နည်းလမ်းများကိုလည်း စိစစ်သုံးသပ်ခဲ့ ပါသည်။ သစ်တောအသုံးပြုသူအဖွဲ့ဝင်များလည်း ဤဆွေးနွေးပွဲကို တက်ရောက်ခဲ့ပါသည်။ အကျိုးခံစားမှု ရစေလိုသောသူများ၏ တန်ဖိုးရှိသော အတွေ့အကြုံများကိုလည်း ဖလှယ်နိုင်ခဲ့ပါသည်။ ပြည်သူအစုအဖွဲ့ပိုင် သစ်တောညွှန်ကြားချက်အောက်တွင် လုပ်ပိုင်ခွင့် အာမခံချက်ခိုင်မာမှုရရှိခြင်း အကျိုးကျေးဇူးများကို တက်ရောက် လာသော သစ်တောအသုံးပြုသူများက တင်ပြခဲ့သည်မှာ ကျေးရွာသားများသည် ထင်း၊ အိမ်တိုင်နှင့် စားသုံးနိုင်သော သစ်တောထွက်များ ရရှိနိုင်ခြင်းလည်း ပါဝင်ပါသည်။ စုပေါင်းလုပ်ဆောင်ခြင်းကြောင့် လူမှုရေးစည်းရုံးတွဲဖက်မှုလည်း တိုးမြှင့်လာကြပါသည်။ သယံဇာတကို ထိန်းသိမ်းခြင်း အသိဗဟုသုတနှင့် ကျွမ်းကျင်မှုများလည်း ပြည့်ဝလာပါ သည်။ ဒေသခံနှင့် အခြားအသုံးဝင် သစ်ပင်မျိုးစိတ် အချို့ကိုလည်း ပျိုးခင်းထူထောင်လာတတ်ပါသည်။ လယ်မြေအတွက် ရေရရှိမှုကို ကာကွယ်ထိန်းသိမ်းပေးရာလည်း ရောက်လာခဲ့ပါသည်။ သစ်တောသုံးစွဲသူ အဖွဲ့၏ အတွေ့အကြုံဖလှယ်သော အချက်တစ်ခုမှာ သူတို့၏ အစုအဖွဲ့ပိုင် သစ်တောအတွင်း တရားမဝင် သစ်ခုတ်ယူခြင်းကိုလည်း တားမြစ်နိုင်ခဲ့ပါသည်[၇၃]။

ဖော်ပြပါဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ယခုအထိ မျှော်မှန်းထား သလောက် ကျယ်ကျယ်ပြန့်ပြန့်အသုံးချခြင်း မပြုနိုင်သေးပေ။ အဓိကအကြောင်းရင်းမှာ လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူများဖြစ်သည့် ဒေသခံပြည်သူများ၊ သစ်တောဌာနနှင့် NGO/ UN အဖွဲ့များ အားလုံးသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ရရှိရန် ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်များ လိုအပ်နေသေးသောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ပြည်သူအစုအဖွဲ့များနှင့် သစ်တောဌာနဝန်ထမ်းနှစ်ဖက်စလုံးအနေနှင့်လည်း ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ အပြင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကိုလည်း နားလည်ရန် လိုအပ်နေပါသည်။ သစ်တောဌာန ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာအတွက် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေးအတွက် ပစ္စည်း အင်အားနှင့် ဘတ်ဂျက်အပါအဝင် အစုအဖွဲ့ပိုင် သစ်တောများအခြေအနေကို စောင့်ကြည့် အကဲခပ်နိုင်ရေးကိစ္စရပ်များတွင် လိုအပ်မှုတို့ ရှိနေပါသည်။ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအောင်မြင်ရေးအတွက် ဒေသခံတို့ ပါဝင်ပူးပေါင်းဆောင်ရွက်စေသော ချဉ်းကပ်မှုများ လုပ်ဆောင် လာတတ်ရန် အတွေ့အကြုံလည်း ထိုနေကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာသူများ၏ ထောက်ခံအကြံပြုချက်မှာ ဘက်ပေါင်းစုံ တွင် စွမ်းဆောင်ရည်တို ထိုးမြှင့်ပေးရေးပင်ဖြစ်ပါသည်[၇၄]။

သစ်တောစီမံခန့်ခွဲရေးစီမံချက်တစ်ခုဖြစ်ပေါ်လာရေးမှာ အထူးပင်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ၍ ကျေးရွာသားအချင်းချင်းနှင့် အစုအဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများ၊ ဒေသအာဏာပိုင်များအတွင်း အချိန်ကြာမြင့်စွာ ညှိနှိုင်းဆွေးနွေးကြရပါသည်။ ကျေးရွာထားများအနေဖြင့် သစ်တောစီမံခန့်ခွဲမှုအတွက် သမရိုးကျအသိဗဟုသုတ၊ အတွေ့အကြုံများ ရှိပါသော်လည်း သစ်တောဦးစီးဌာန၏ သတ်မှတ်စံနှင့်အညီ အနှစ် ၃၀ စီမံချက်ကို ပေါ်ထုတ်ရေးဆွဲနိုင်ရန် ခက်ခဲနေပါသည်။ ငါသိ သိသော်လည်း စာသိ သိ၍တင်ပြတတ်ရန် လိုအပ်နေပါသည်။ အခြား အထန့်အတားများမှာ ဆောင်ရွက်ခစရိတ်များကြီးမြင့်၍ အချို့မှာ မတတ်နိုင်ကြပါ။ အစုအဖွဲ့ပိုင်သစ်တောမှ လက်တွေ့အကျိုးအမြတ်များ ဘယ်လောက်ရနိုင်မည်ကို ပုံသေတွက်ထား၍လည်း မရပါ။

---

၇၂။ ဒေါက်တာညီညီကျော်၊ ပုဂ္ဂိုလ်ချင်းဆက်သွယ်မေးမြန်းခြင်း၊ ဧပြီ ၇ ရက်၊ ၂၀၁၀ ခုနှစ်

၇၃။ FAO, FSWG, UNDP ၂၀၀၉၊ စာ - ၇၀

၇၄။ FAO, FSWG, UNDP ၂၀၀၉၊ စာ - ၆

တောင်သူများက ၎င်းCFIကို လျှောက်ထားခြင်းမပြုသော အဓိကအကြောင်းရင်းမှာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုအပေါ် ယုံကြည်စိတ်ချမှုမရှိခြင်းပင် ဖြစ်ပါသည်။ တိုက်ပွဲများကြားမှာနေခဲ့ရသော တောင်ပေါ်သားအချို့မှာ ဘက်စုံစိုက်ပျိုးသစ်တောလုပ်ငန်းကို ရင်းနှီးမြှုပ်နှံလိုက်၍ အကျိုးအမြတ်များရစေနိုင်မှုနှင့် ထိုသို့ရအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေကို ကိုယ့်ကိုယ်ကို ယုံကြည်ကိုးစားမှုမရှိဘဲ ဖြစ်နေကြပါသည်။ အခြားအဟန့်အတား ကြီးတစ်ခုမှာ ယုံကြည်မှု ပျောက်နေခြင်းဖြစ်သည်။ ဒေသခံအစုအဖွဲ့များနှင့် သစ်တောဌာနဝန်ထမ်းများသည် အချို့အရပ်ဒေသများတွင် သစ်တောသယံဇာတအသုံးပြုမှုအပေါ် သဘောကွဲလွဲမှုများ အတိတ်ကရှိခဲ့သဖြင့် နှစ်ဦးနှစ်ဖက်၏ စွမ်းအားများကို တန်ဖိုးထားလာရန်အတွက် တွဲလုပ်နိုင်မည့် နည်းလမ်းများကို ရှာဖွေပေးရပေမည်။ အချို့အရပ်ဒေသ၌မူ ဒေသခံအစုအဖွဲ့များသည် အစိုးရဝန်ထမ်းများနှင့် အာဏာပိုင်များကို အစုအဖွဲ့ပိုင်သစ်တော ဝန်ဆောင်မှုများရရှိရေးအတွက် ချဉ်းကပ်ရန် အစွမ်းသတ္တိများနည်းနေကြပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းညွှန်ကြားချက်များသည် စီးပွားဖြစ်ထုတ်လုပ်စေနိုင်မှုအတွက် ကျင့်သုံးနိုင်ပါက ရွာသားများအတွက် ဆွဲဆောင်မှုပိုရှိပြီး ရှုပ်ထွေးလှသော စီအက်ဖ်စီလုပ်ငန်းစဉ်ကို ဖြတ်သန်းနိုင်သော သစ်တောစီမံခန့်ခွဲမှု မက်လုံးများ ဖြစ်ပေါ်လာစေပါမည်။ ထို့မှတဖန်အစုအဖွဲ့ပိုင် သစ်တောထုတ်ကုန်များ၏ အကျိုးခံစားခွင့်ကို သစ်တောသုံးစွဲသူအစုအတွက် အာမခံမှုများရှိဖို့ လိုအပ်ပါသည်။ လွန်ခဲ့သော ၁၅ နှစ် ကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အတွေ့အကြုံများနှင့် လက်တွေ့ကျင့်သုံးသူများ၏ ထောက်ခံအကြံပြုချက်များကို အခြေပြု၍ CFC ကို ဥပဒေအဖြစ်သို့ ရောက်ရှိရန်အားဖြည့် မြှင့်တင်ပေးရန် လိုအပ်လာပေသည်။

## ၇(၃)။ စိန်ခေါ်မှုများ

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်သည် သစ်တောအဖြစ် အမျိုးအစားသတ်မှတ်ထားသော မြေကို အဓိကလျှောက်ထားရပါသည်။ သို့သော် အချို့သောကျေးရွာများတွင် စိုက်ပျိုးမြေအဖြစ် အမျိုးအစားသတ်မှတ်ထားသောအကွက်၌ သစ်တောသုံးရန်မြေရှိနေပါသည်။ အဆိုပါ စိုက်ပျိုးမြေပေါ်တွင် ကျေးရွာက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအတွက်လျှောက်ထားလိုပါက ကြေး/မြေဌာနမှ တစ်ဆင့်လျှောက်လွှာတင်ရပါသည်။ အလွန်ခက်ခဲသော ကိစ္စဖြစ်ပါသည်။ ထိုမြေကို စိုက်ပျိုးမြေမှ သစ်တောမြေ သတ်မှတ်ချက်သို့ ပြောင်းလဲရန်လိုအပ်လာပါသည်။ ပုဒ်မ ၃၉ (လ/န ၃၉)အရ မြေကို အသုံးပြုခွင့်နှင့် အထူးသဖြင့် မြေအသုံးပြုခွင့် ပုံစံပြောင်းလိုပါက မြေယာကော်မတီက ချထားနိုင်ပါသည်။ ၎င်းကော်မတီတွင် အခန်း (၆/၅)၌ ဖော်ပြထားသကဲ့သို့ ကြေး၊ မြေဌာန၊ သစ်တောဌာနနှင့် ထွေ/အုပ်အရာရှိများပါပင်၍ တိုင်း/ပြည်နယ် အဆင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌက အကြီးအမှူးလုပ်ပေးရပါသည်။ ရှည်လျားလှသော အာဏာပိုင်စီရင်မှုကြောင့် ကျေးရွာက ဦးစီးဦးရွက်ပြု၍ စိုက်ပျိုးမြေပေါ် သစ်တောမြေ သတ်မှတ်ချက်ပြောင်းလဲရေး (သို့မဟုတ်) အစုအဖွဲ့ပိုင်သစ်တောထူထောင်ခွင့် တောင်းခံခြင်းမှာ အတည်ပြုချက်ရရန် နှေးကွေးပေလိမ့်မည်။

ကြေး/မြေဌာနနှင့် သစ်တောဌာနများအောက်တွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၏ နောက်ထပ် အခက်အခဲများမှာ ရေဘုယျအားဖြင့် မြေယာနှင့်ပတ်သတ်သော သတင်းအချက်အလက်များမရှိခြင်း၊ ပေးလံသော တောင်ပေါ်ဒေသတွင် ကွက်စိပ်မြေတိုင်းမြေပုံများ ရှားပါးခြင်း၊ မြေပုံထုတ်ရန် နည်းပညာပံ့ပိုးမှု (ဥပမာ-ဂျီပီအက်စ်ကိရိယာသုံးစွဲမှု) နှင့် ဝန်ထမ်းအင်အား ကျွမ်းကျင်မှုတို့ မပြည့်မစုံခြင်းပင် ဖြစ်ပါသည်။



# ၈

# တောင်ပေါ်ဒေသ လုပ်ကိုင်ခွင့် ခိုင်မာမှုအတွက် မူဘောင်တစ်ခု

နာတာရှည်ဖိစီးမှုများနှင့် တမဟုတ်ခြင်း ပြောင်းလဲလာသော အခြေအနေများတွင် လုပ်ကိုင်စားသောက်နေရသော မြန်မာနိုင်ငံရှိ တောင်ပေါ်ဒေသ အိမ်ထောင်စုများသည် စစ်ပွဲ၊ သွင်းအားစု၊ အသိဗဟုသုတ၊ ကျွမ်းကျင်မှု နှင့် စည်းမျဉ်းမူဘောင်များ ရရှိရေးအတွက် အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပံ့ပိုးမှုများ လိုအပ်နေပါသည်။ ၎င်းတို့၏ အိမ်ထောင်စုဝမ်းစာဖူလုံမှုကို အခိုင်အမာပြုဝေးရင်း ရေရှည်တည်တန့်သော မြေယာအသုံးချရေးစနစ်ဆီသို့ ချောမွေ့စွာကူးပြောင်းနိုင်ရန် အကူအညီများ လိုအပ်နေပါသည်။ အဓိကအားဖြင့် ဥပဒေစည်းမျဉ်းဆိုင်ရာ လိုအပ်သောပံ့ပိုးမှုမှာ မြေယာလုပ်ကိုင်ခွင့် အာမခံချက်ရရှိရေးဝင် ဖြစ်ပါသည်။ မြေယာလုပ်ကိုင်ခွင့် ခိုင်မာရေးကိုမြှင့်တင်ပေးနိုင်သော ပေါ်လစီအထောက်အပံ့နှင့် တောင်တန်းဒေသတွင် ဝမ်းစာဖူလုံးရေးအတွက် အခြေခံအုတ်မြစ် တည်ဆောက်ပေးမှုတို့အတွက် တောင်တန်းဒေသ မြေယာစနစ်အတွင် အထောက်အကူပြု မူဘောင်တစ်ခု ပါဝင်ရန်လိုပါသည်။ ထို့အပြင်ကျယ်ပြန့်၍ တစ်လုံးတစ်စည်းသော မြေအသုံးချရေးပေါ်လစီနှင့် စီမံကိန်းလုပ်ငန်းစဉ်များလည်း ပါပင်ရပေမည်။

တောင်ပေါ်ဒေသ မြေယာအာမခံချက်ကို အကောင်းဆုံးအထောက်အပံ့ပြုပေးရန်မှာ တောင်ပေါ်ဒေသရှိ တောင်ယာသမားများသည် သစ်တောမြေနှင့် စိုက်ပျိုးမြေနှစ်မျိုးစလုံးကို အသုံးပြု၍ တစ်ခါတစ်ရံခွန်တွဲ၍ဖြစ်စေ၊ တစ်ခါတစ်ရံအလှည့်ကျဖြစ်စေ သုံးတတ်ကြသည် ဆိုသောအချက်ကို နားလည်မှုပေးပြီး ၎င်းတို့အားလုံးကို အကျုံးပင်အောင် သွပ်သွင်းထားသော ပေါ်လစီမူဘောင်များဖြင့် ထောက်ပံ့ကူညားကန် ပေးရန် ဖြစ်ပါသည်။ ဖြစ်သင့်သော အကောင်းဆုံးပုံစံမှာ ကိုမူဘောင်တွင် စိုက်ပျိုးမြေနှင့် သစ်တောမြေတို့ကို သီးခြားလုပ်ငန်းစဉ်များဖြင့် မှတ်ပုံတင်ခြင်း မပါဝင်စေဘဲ အလှည့်ကျ လုပ်မြေစနစ်အတွက် တစ်မျိုးတည်းသော နည်းစဉ်ပေါ်မပါက်ရေးပင်ဖြစ်ပါသည်။ ၎င်းသည် ရှိရင်းစွဲ အမြဲတမ်း စိုက်ပျိုးရေးနှင့် အမြဲတမ်းသစ်တောသတ်မှတ်ချက်နှင့် တစ်ဆက်တည်း ဖြစ်သွားရန် လိုပါသည်။ စိုက်ပျိုးမြေနှင့် သစ်တောမြေကို မှတ်ပုံတင်ခြင်းနှင့် မူဘောင်ဝင်အောင် လုပ်ဆောင်ပေးရန် လုပ်ငန်းစဉ်များမှာလည်း ရိုးရှင်း၍ လက်တွေ့လွယ်ကူသော စံနမူနာသဖွယ် စိုက်ပျိုးရေး၊ သစ်တောနှင့် ဘက်စုံစိုက်ပျိုးသစ်တောတို့ကို ဆက်စပ်ပေါင်းစည်း အသုံးချနိုင်ရေးဝင်ဖြစ်ပါသည်။

တောင်ပေါ်ဒေသ၌ စားနပ်ရိက္ခာဖူလုံရေးအတွက် ခိုင်မာသောအုတ်မြစ်ကို ချမှတ်နိုင်ရေးသို့ ဦးတည်ကာ မြေယာလုပ်တိုင်ခွင့်ကို ခိုင်မာသေချာစေသည့် ပေါ်လစီနှင့် နည်းလမ်းများသည် အောက်ပါ အရပ်ရပ်များနှင့် ပြည့်စုံရန်လိုပေမည်။

- တောင်ယာစိုက်ပျိုးလုပ်ကိုင်သူများအား စိုက်ပျိုးမြေနှင့် သစ်တောနှစ်ခုစလုံးကို တစ်ခါတစ်ရံခွန်တွဲ၍ဖြစ်စေ၊ တစ်ခါတစ်ရံ အလှည့်ကျထား၍ဖြစ်စေ အသုံးပြုနိုင်ခွင့်ပေးသော အလုံးစုံခြုံငုံစဉ်းစားထားသည့် ပေါ်လစီမူဘောင်များ၊
- ထုံးတမ်းစဉ်လာ မြေယာလုပ်ပိုင်ခွင့် ဥပဒေများကို တရားဝင်အသိအမှတ်ပြု၍ အဆုံးအဖြတ်များ ချမှတ်ရာတွင်လည်း ခလေ့ထုံးတမ်းလာအဖွဲ့အစည်းများက တာပန်ခံ ဆောင်ရွက်ပေးနိုင်စေသော ဥပဒေစည်းမျဉ်းများ၊
- လုပ်ပိုင်ခွင့် အာမခံချက်များသည် သာနာညီမျှမှုရှိ၍ အခွင့်ထူးခံအတွက်မဟုတ်ဘဲ တစ်ရွာလုံးအတွက် အကျိုးပြုရေး၊
- စိုက်ပျိုးမြေနှင့် သစ်တောမြေတို့ကို တရားဝင်မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ရိုးရှင်း၍ လက်တွေ့ကျပြီး စိုက်ပျိုးရေး၊ သစ်တောနှင့် သီးနှံတွဲဖက်သစ်တော (agroforestry) အားလုံးအတွက် မြေယာထို ဆက်စပ်အသုံးချနိုင်ရန် ခွင့်ပြုသော လုပ်ဝန်းစဉ်များ၊
- မြေယာထျူးကျော်သူများ ဝင်ရောက်လာလျှင် တားဆီးခုခံနိုင်ရန် တောင်သူများအား လုံလောက်သော လုပ်ကိုင်ခွင့် အာမခံချတ်များနှင့် နောက်ကြောင်းပြန်ဖြစ်ရပ်များအတွက် ထောက်ပံ့ကူညီနိုင်သည့် လုပ်နည်းလုပ်ဟန် အစီအမံများ၊
- စိုက်ပျိုးရေးနှင့် သစ်တောအခြေပြုအသက်မွေးဝမ်းကျောင်းအတွက် ထွင်းအားစုများရယူနိုင်မှုနှင့် ၎င်းတို့မှထွက်ပေါ်လာသော အကျိုးအမြတ်ကို ခံစားနိုင်ရန်အာမခံမှုများ။

ဤပေါ်လစီမူဘောင်သည် ထုံးတမ်းစဉ်လာမြေယာလုပ်ကိုင်ခွင့် ပုံစံများကိုလည်း တရားဝင်ပုံစံတကျ ဖြစ်ပေါ်စေကာ သင့်လျော်သော အားပေးမှုများရလာသော နေရာတိုင်းတွင် မြေယာအသုံးချရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ရေးထိအထိ ထုံးတမ်းစဉ်လာစည်းမျဉ်း တလနားများ ချပေးနိုင်ပေလိမ့်မည်။ လုပ်ပိုင်ခွင့်အာမခံချက်များသည်လည်း တူူကျော်ဆိမ်းပိုက်မှုများကို တောင်သူအနေဖြင့် ခုခံတားဆီးနိုင်ရန် တတ်စွမ်းမှုများ ပေးရပေမည်။ မြေယာပေါ်တရားမဝင် ကျူးကျော်လာမှုများနှင့် မြေယာခွေင်းကိစ္စရပ်များတွင် နောက်ကြောင်းမြန်ဘောင်းခံနိုင်သော ရှင်းလင်းသည့် လုပ်ငန်းစဉ်များလည်း ဖြည့်စွက်ပေးရပါမည်။

လူဦးရေများရွေ့ပြောင်းကိုးပင်လာမှုနှင့် အခြားသော မိအားများကြောင့် အချို့သော တောင်ပေါ်ဒေသနေရာများတွင် ရှေးရိုးစဉ်လာ မြေယာစီမံခန့်ခွဲမှုစနစ်များနှင့် စည်းမျဉ်းတလနားများ၊ လျော့လျဲပျက်ပြားလာပေရာမြေယာ လုပ်ငန်းစဉ်သည် ဒေထအထိုက် ခုံးဖြတ်မှုနှင့် သာနာညီမျှမှုမရှိသော မြေယာခွဲကမ်းချမှုတို့ကို အမြေခံရန်လိုသဖြင့် ကွဲပြားစုလင်သော စိုက်ပျိုးရေးနှင့် သစ်တောစနစ်ထို့ကို ယည့်သွင်းစဉ်းစားသော အရင်းအမြစ်စီမံခန့်ခွဲမှု အစီအမံများလည်း ပါပင်ရန်လိုအပ်ပေသည်။

တောင်ပေါ်ဒေသနှင့် နိုင်ငံ၏ကျန်နေရာများတွင်ပါ ထာနာညီမျှမှုရှိ၍ ရေရှည်ကြည်ကန့်သော လုပ်ကိုင်ခွင့် အာမခံချက်များရရှိရန် အသင့်အသီးသီးတွင်ရှိ ဝန်ကြီးဌာနများနှင့် အစိုးရဌာနများအချင်းချင်း အထူးတလည် ပေါင်းစပ်ညှိနှိုင်းမှုများ လိုအပ်ပါလိမ့်မည်။ လက်ရှိ မြေယာအမျိုးအစား ခွဲခြားသတ်မှတ်သောစနစ်သည် အမျိုးအစား ခွဲခြားသတ်မှတ်ထားသော စိုက်ပျိုးရေး၊ သစ်တောနှင့် အခြားမြေများအတွက် တာဝန်ရှိသော ဝန်ကြီးဌာနများအတွင်း လုပ်ငန်းတာဝန်များကို ရှင်းလင်းဖြတ်သားစွာ ပိုင်းခြားထားပြီး သက်ဆိုင်ရာစီရင်ခွင့်ရသည့် မြေပေါ်တွင် ဌာနတစ်ခုစီသည် ၎င်း၏ စီရင်လုပ်ကိုင်မှုလုပ်ငန်းစဉ်များအတွက် တာဝန်ယူရပေသည်။ ဤအချက်သည် အမျိုးအစားသတ်မှတ်ထားချက် မူဘောင်အတွင်း မြေယာအုပ်ချုပ်မှုသည် ထိရောက်တွင်ကျယ်မှုရှိပါသည်။ သို့ရာတွင် ဤစနစ်နှင့် မြေအမျိုးအစားခွဲခြား သတ်မှတ်မှုကို့သည် ဒရပ်ဒေသအထိုက်၊ တိုင်းပြည်နယ်အလိုက် မြေအသုံးချရေးစီမံကိန်းကို ရေရှည်တည်တန့်၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေးကို အထောက်အပံ့ မပြုစေတတ်ပေ။

အလုံးစုံကို လွှမ်းခြုံ၍ တလုံးတစည်းကည်းဖြစ်သော မြေအသုံးချရေးပေါ်လစီသည် မြေ၏ ဂေဟစနစ်ဆိုင်ရာ အချက်အလက်များနှင့် လတ်ရှိမြေအသုံးချနေမှုအပေါ် အမြေခံရပေလိမ့်မည်။ ပေါ်လစီသည် ကာလရှည် ရေရှည်တည်တန့်သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များကို အထောက်အကူပြုစေရပေမည်။ ထိုပေါ်လစီအရ မြေအသုံးချရေး စီမံကိန်းချမှတ်ခြင်းသည် လုပ်ငန်းပါပင်ဆောင်ရွက်စေ၍ ကျေးရွာအဆင့်နှင့် တိုင်း/ပြည်နယ်အဆင့် စီမံကိန်းချမှတ်ရေး နည်းစဉ်များကို စည်းပေါင်းစင်ပေးသားရပေမည်။ တာဝန်ရှိသော ဝန်ကြီးဌာနအားလုံး ထိထိမိမိ ပေါင်းစပ်ညှိနှိုင်းမြင်းမှတစ်ဆင့် မြေအသုံးချရေးစီမံကိန်းနှင့် ထိုအစီအစဉ်များ အကောင်အထည် ပေါ်လာမည်ဖြစ်ပေသည်။









# ၄ နိဂုံး

## ၄(၁)။ အသေးစားတောင်သူနှင့် မြေယာလုပ်ကိုင်ပိုင်ဆိုင်မှု

တောင်ပေါ်ဒေသအသေးစား တောင်သူများ၏ မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်မှာ ခြိမ်းခြောက်ခံလာရပြီဖြစ်၍ ရေရှည်တည်တန့်ခိုင်မာသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိုးကျိုးများသက်ရောက်စေနိုင်ပါသည်။ အသေးစားတောင်ယာလုပ်ကိုင်သူများအတွက် မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့် မလုံမခြုံဖြစ်ရသောအကြောင်းရင်းများစွာ ဖြစ်ပေါ်နေ ပါသည်။ တောင်ပေါ်ဒေသ၌ လူဦးရေတိုးလာခြင်း၊ မြေယာများ ခွဲစိတ်မှုများလာခြင်း စဉ်ဆက်မပြတ် စိုက်ပျိုးမှုများလာခြင်းတို့ကြောင့် မြေယာများ ညံ့ဖျင်းလာပါသည်။ အချို့သော ပေါ်လစီများကို မလျော်မကန် အကောင်အထည် ဖေါ်ခြင်းသည် အသေးစားတောင်သူများအတွက် မြေယာဆုံးရှုံးမှုအန္တရာယ်များဆီသို့ ဆိုက်ရောက်စေနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များအား မြေယာအမြောက်အမြားချထားပေးသော ပေါ်လစီအကောင်အထည်ဖေါ်မှုသည် တောင်ပေါ်ဒေသ အသေးစားတောင်ယာသမားများအတွက် လည်း မြေယာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသော အန္တရာယ်များကို ကြုံနိုင်ပါသည်။ မြေယာလုပ်ပိုင်ခွင့် ဆုံးရှုံးလာလျှင် ဆင်းရဲမွဲတေမှု ပိုများလာခြင်း၊ ဒေသကို စွန့်ခွာသွားရခြင်း၊ လူမှုရေးအခြေပျက်လာခြင်း၊ သဘာဝအရင်းအမြစ်များကို နည်းနည်းများများ ထုတ်နုတ်ယူမှု တိုးပွားလာခြင်းစသော ဆိုးကျိုးများဆက်တိုက်ဖြစ်ပေါ်လာပါမည်။

## ၄(၂)။ မြေယာလုပ်ကိုင်ခွင့် လုပ်ငန်းစဉ်

အသေးစားတောင်သူများအတွက် မြေယာလုပ်ကိုင်ခွင့်ရရှိထိန်းသိမ်းထားနိုင်သော လုပ်ငန်းစဉ်များမှာ စိုက်ပျိုးမြေကို မှတ်ပုံတင် ရရှိရေးအတွက် ကြေး/မြေဌာနမှတစ်ဆင့် ဆောင်ရွက်ခြင်းနှင့် သစ်တောမြေအတွက် CFI အောက်တွင် အနှစ် ၃၀ သုံးစွဲခွင့်ဂရန်ရရှိရန် သစ်တောဦးစီးဌာနမှတစ်ဆင့် လျှောက်ထားခြင်းတို့ ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်များသည် အကူအညီပြုပေးပါသည်။ သို့ရာတွင် စနစ်တကျ လျှောက်ထားမှု လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုတစ်ခုတော့ ဖြစ်နေပါသည်။ ထို့ကြောင့် ဤလုပ်ငန်းစဉ်များဖြင့် မြေယာချထားပေးသော ဧရိယာပမာဏ မှာ မြေယာရှိထားသလောက် အပြည့်အဝမရောက်သေးပေ။ အဆိုပါလုပ်ငန်းစဉ်များမှာ တစ်ဖက်က စိုက်ပျိုးရေးခန့်ခွဲမှုအတွက် သီးသန့်စီမံချမှတ် ရေးဆွဲထား၍ အခြားတစ်ဖက်တွင် သစ်တောစီမံခန့်ခွဲမှုအတွက် ချမှတ်ထားခြင်းဖြစ်ပေရာ သီးနှံစိုက်ပျိုးရေး၊ စားကျက်ကွင်းပြုလုပ်ရေး၊ သစ်တောနှင့် ဘက်စုံစိုက်ပျိုးရေး သစ်တောစနစ်နှင့် ၎င်းတို့ကို တစ်လှည့်စီအနားပေးဆောင်ရွက်သော အရပ်ဒေသအလိုက် ထွေပြားကွဲလွဲသော အခြေအနေ များကို လုပ်ကိုင်ခွင့်အထောက်အကူပေးမှုသည် တစ်ဝက်တစ်ပျက်နှင့်ပင် မပြည့်မစုံဖြစ်နေသေးသည်။ ထို့အပြင် အဆိုပါလုပ်ငန်းစဉ်များသည် ထုံးတမ်းစဉ်လာမြေယာလုပ်ကိုင်ခွင့်အတွက် လက်တွေ့ကျကျဥပဒေပြဋ္ဌာန်းထားသော မူဘောင်များပါမလာသေးပေ။

## ၄(၃)။ တောင်ယာလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများ

မြန်မာနိုင်ငံသည် ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ဦးတည်ရွေ့လျားနေပေရာ တောင်ပေါ်ဒေသ အသေးစားတောင်သူ များသည် အခွင့်အလမ်းနှင့် စွန့်စားမှုများကို ရင်ဆိုင်လာရပေသည်။ အခွင့်အလမ်းများမှာ ထွက်ကုန်သီးနှံအတွက် ဈေးကောင်းခြင်းနှင့် သွင်းအားစုများ ပိုမိုရရှိလာနိုင်ခြင်းတို့ ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးအောက်တွင် အခွင့်အလမ်းအများဆုံးရရန် တောင်သူများအနေဖြင့် မြေယာလုပ်ကိုင်ခွင့်အာမခံချက်၊ စိုက်ပျိုးရေးချေးငွေနှင့် စိတ်ကြိုက်သီးနှံရွေးချယ်စိုက်ပျိုးခွင့်တို့ ရရန်လိုပါသည်။ ဤအခြေအနေနှင့် အာမခံမှု အစိုးအာဝါသအောက်တွင် အသေးစားတောင်သူများသည် ဝမ်းစာဖူလုံရန် ခိုင်မာသောအခြေခံများရရှိပြီး နိုင်ငံ၏ ထုတ်လုပ်မှုပန်းတိုင်များကို အထောက်အကူပြု၍ ရောက်ရှိစေပါမည်။

တောင်ပေါ်ဒေသ တောင်သူများသည် ရွှေ့ပြောင်းတောင်ယာစနစ်ကို တည်ငြိမ်မှုရှိလာရန်နှင့် ရေရှည်တည်တန့်သော အလှည့်ကျ မြေလုပ်စနစ်ကို ထိန်းသိမ်းထားနိုင်ရန် သီးခြားအခန်းကဏ္ဍတွင် ပါဝင်ကြရပေမည်။ ၎င်းတို့၏ စိုက်ပျိုးရေးစနစ်အတွင်း တောင်သူကို ထိုးထွင်းကြံဆဆောင်ရွက်လာနိုင်အောင် ကူညီအားပေးရမည်ဖြစ်ပြီး အစိုးရနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်နေသူများသည် အလှည့်ကျမြေလုပ်စနစ်ကို ထုတ်လုပ်မှုပိုမိုကောင်းမွန်လာရေးအတွက် အထောက်အကူအထူးပြုပေးသော ပေါ်လစီများကို ချမှတ်ပေးရန်လိုပါမည်။

လယ်ယာကဏ္ဍအပေါ် မကြာမီကသုံးသပ်ထားသော အစီရင်ခံစာသည် စားဝတ်နေရေးမချောင်လည်သော အိမ်ထောင်စုများအတွက် မြေယာနှင့် အရင်းအမြစ်များ ပိုမိုရရှိရေးကို အောက်ပါအတိုင်း တောက်ခံတင်ပြခဲ့ပါသည်။

ဤနိုင်ငံသည် စိုက်ပျိုးနိုင်သော မြေဧက (၇)သန်း ယခုမကရှိသေးပြီး အချို့ကို စိုက်ပျိုးရေးထုတ်ကုန်အတွက် ဖွံ့ဖြိုးအောင် ဖော်ထုတ် လုပ်ကိုင်၍ ရနိုင်ပါသည်။

ထိုသို့ မြေယာဖော်ထုတ်ရာတွင် မြေမဲ့ယာမဲ့များ၊ အသေးစားတောင်သူများ၊ ကျပ်တည်းသော လယ်ယာမိသားစုများ၊ တိုင်းရင်းသား လူနည်းစုများအတွက် ထိုမြေနှင့် ရေအရင်းအမြစ်များကို ရယူစေနိုင်မှသာ နိုင်ငံတစ်ခုလုံးပေါ် ခြုံငုံ၍ အကျိုးအမြတ်များ ပေါ်ပေါ်လွင်လွင် ရရှိနိုင်မည်ဖြစ်ပါသည်။ လိုအပ်သော ရင်းနှီးငွေနှင့် နည်းပညာ ကျွမ်းကျင်မှုကိုပါ ရယူနိုင်လျှင် ဆင်းရဲသားကျပ်တည်းသော မိသားစုသည် ဆင်းရဲတွင်းသံသရာမှ အချိန်တိုတိုအတွင်း ရုန်းထွက်နိုင်မည်ဖြစ်ပါသည်[၇၅]။

---

၇၅။ FAO, UNDP ၂၀၀၄၊ စာ - ၃၆

# ၁၀ ဆက်လက်ဆွေးနွေးစရာအချက်များ

ပါဝင်ပတ်သက်သူအားလုံးစဉ်းစားထားနိုင်ရန် ဆက်လက်ဆွေးနွေးတိုင်ပင်ရန် အချက်အချို့ကို တင်ပြရန်ရှိပါသည်။ ဤအချက်များကို ဦးစားပေးအစီစဉ်အလိုက်မဟုတ်ဘဲ ဦးတည်ချက် (သို့မဟုတ်) အကြောင်းခြင်းအရာအလိုက် ဖော်ပြပါမည်။ ပါဝင်ပတ်သက်သူများနှင့် စေ့စပ်ညှိနှိုင်းခြင်း၊ NGO ၏ လုပ်နည်းလုပ်ဟန်များ၊ အစိုးရပေါ်လစီ၊ ပုဂ္ဂလိကကဏ္ဍနှင့် စဉ်ဆက်မပြတ်သင်ယူခြင်းစသည့်အချက်များကို အရိပ်အမြွက်မျှ ဖော်ပြပါမည်။

## ၁။ ဘက်ပေါင်းစုံ ပါဝင်ပတ်သက်သူများနှင့် စေ့စပ်ညှိနှိုင်းခြင်းနှင့် စပ်လျဉ်း၍

### ၁(က)။ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်မှုများမှတစ်ဆင့် ပူးပေါင်းပြီး ရှေ့သို့တက်လှမ်းနိုင်ရန် ဘက်စုံပါဝင်သူအားလုံးကို စေ့စပ်ညှိနှိုင်းခြင်း

အသေးစားတောင်ယာလုပ်ကိုင်သူများအတွက် သာနာညီမျှမှုရှိ၍ ခိုင်မာသောမြေယာလုပ်ကိုင်ခွင့်ရရှိရေးကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အစိုးရဌာနဆိုင်ရာများ၊ အင်ဂျီအိုအဖွဲ့များ၊ အရပ်ဖက်ပြည်သူအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် သတင်းစာနယ်ဇင်းတို့ ပူးပေါင်းဆုံစည်းရန်လိုအပ်ပါသည်။ ပထမအဆင့်အနေဖြင့် အထက်ဖော်ပြပါအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ထားသူများပါဝင်သည့် အမျိုးသားလုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းရပါမည်။ ၎င်းအဖွဲ့ဝင်တို့သည် စုပေါင်းတွဲဖက်၍ ပြဿနာအချက်အလက်များကို ဖေါ်ထုတ်၍ သင့်လျော်သော အဖြေများကို ရှာဖွေကြရပါမည်။ လုပ်ငန်းရပ်အဖွဲ့သည် လက်တွေ့ကျသောလုပ်ငန်းရပ်များကိုလုပ်ဆောင်ရန် တာဝန်များသတ်မှတ်ထားရှိပြီး အပေးအယူအလျှော့အတင်းဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကာ ဤအစီရင်ခံစာတွင် တင်ပြထားသော ပြဿနာအချက်အလက်များနှင့် အကြံပြုချက်များကိုကိုင်တွယ်၍ ဦးစားပေးသတ်မှတ်ပေးရန်လိုသည့်အပြင် ၎င်းတို့ကိုယ်တိုင်လည်း ပြဿနာရပ်တို့ကို ဖေါ်ထုတ်ရန်လိုအပ်ပေမည်။ အရပ်ဒေသနှင့် ကျေးရွာအလိုက်တွေ့ဆုံဆွေးနွေးပွဲနေရာများ သတ်မှတ်ပြုလုပ်ပေးကာ အမျိုးသားလုပ်ငန်းရပ်အဖွဲ့ကို အထောက်အကူအချက်အလက်များ ပေးနိုင်ရမည်ဖြစ်ပါသည်။ ဖြတ်သန်းသွားရမည့်ရှိရင်းစွဲ တည်ဆောက်ထားမှုအခြေအနေများကိုလည်း ဖေါ်ထုတ်ထားခြင်းဖြင့် ဘက်ပေါင်းစုံ ပါဝင်ပတ်သက်သူများ၏ ဖိုရမ်ခေါ် ဆွေးနွေးပွဲနေရာများတွင် ထည့်သွင်းစဉ်းစားရန် အချက်အလက်များရစေပါမည်။

### ၁(ခ)။ တောင်ယာစိုက်ပျိုးသူများကိုယ်တိုင် ဒေါ်တိုက်ဆွေးနွေးပွဲများနှင့် ဆက်စပ်ပတ်သက်သူအပေါင်း ၏ နှီးနှောပွဲများ၌ ပါဝင်လာစေပြီး ပေါင်းစပ်လာနိုင်မှုကို တိုးမြှင့်ပေးခြင်း

ကျေးရွာအဆင့်တွင် လယ်သမားစကားဝိုင်းများ၊ ဆွေးနွေးပွဲနေရာများအတွက် မှဘောင်ပေးခြင်း၊ သက်ဝင်လှုပ်ရှားအောင် လှုံ့ဆော်ပေးခြင်း ပြည်နယ်/တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသူများနှင့် ချိတ်ဆက်ပေးခြင်း၊ တောင်သူများ၏ လုပ်ပိုင်ခွင့်ပြဿနာများကို ၎င်းတို့ကိုယ်တိုင် ဆွေးနွေးအဖြေရှာနိုင်စွမ်းရှိလာရန် အဆိုပါ၎င်းတို့၏ စကားဝိုင်းများတွင် ပူးပေါင်းပါဝင်ဆန်းစစ်ခြင်း နည်းလမ်းများ တဖြေးဖြေးစိမ့်ဝင်လာအောင်ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့၏ ပြဿနာများ၊ အခက်အခဲတင်ပြချက်များ၊ အဆိုပြုတင်ပြချက်များကို မြို့နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်လက်တင်ပြပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ ဤစကားဝိုင်းများနှင့် ဒေသခံအစိုးရအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြောဆိုမှုများသည် အမှုအခင်းများဖြစ်လာချိန်တွင် အားကိုးအားထားပြုစရာများ ဖြစ်လာနိုင်ပါသည်။ မြေယာလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ တောင်သူ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကိစ္စရပ်များတို သိမြင်နားလည်မှုတိုးလာရန်နှင့် ထုံးတမ်းစဉ်လာမြေယာကို အစိုးရပေါ်လစီနှင့်အညီ သုံးစွဲပိုင်ခွင့်နှင့် မြေခွန်များပေးဆောင်ရန် တာဝန်ရှိမှုတို့ကို သိလာစေရန်လည်း အထောက်အကူဖြစ်စေပါသည်။

## ၂။ အစိုးရပေါ်လစီနှင့် စပ်လျဉ်း၍

### ၂(က)။ အလုံးစုံကျယ်ပြန့်သော တစ်လုံးတစ်စည်းတည်းရှိသည့် မြေအသုံးချရေးစီမံကိန်းကို အားပေးရေး

အားလုံးကို လွှမ်းခြုံ၍ကျယ်ပြန့်ပြီး တစ်လုံးတစ်စည်းတည်းရှိသော မြေယာပေါ်လစီနှင့် အစီအစဉ်သည် ဂေဟစနစ်အဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ သင့်လျော်ပြီးသာနာညီမျှမှုရှိစေသော အတွေးအမြင် အယူအဆများနှင့် ဥပဒေကြောင်းများပါဝင်ကာ မြေအသုံးချရေးကို ခိုင်မာသေချာစေသော သတ်မှတ်ချက်များလည်း ပါဝင်ရပေမည်။

ယင်းသို့သော အလုံးစုံလွှမ်းခြုံထားသော မြေအသုံးချရေးစီမံကိန်းကို စတင်ကြံဆရာတွင် အောက်ခြေမှ အထက်သို့ တက်သွားသော လုပ်ငန်းစဉ်ဖြင့် ဝန်ကြီးဌာနနှင့် အစိုးရဌာနများအချင်းချင်း ဘေးတိုက်ပူးပေါင်းပါဝင်၍ ဆောင်ရွက်သင့်ပေသည်။ လက်ရှိမြေအမျိုးအစား ခွဲခြား သတ်မှတ်ထားသောစနစ်၏ အကျိုးအပြစ်တို့ကိုလည်း ကျယ်ပြန့်သော မြေအသုံးချရေးပေါ်လစီကြီး ဖြစ်ပေါ်တိုးတက်လာရေး၏ တစ်စိတ်တစ်ပိုင်းလုပ်ငန်းတစ်ခုအဖြစ် သုံးသပ်ရန် လိုပေမည်။

## ၂(ခ)။ လက်ရှိမြေယာလုပ်ကိုင်ခွင့် လုပ်ငန်းစဉ်များသည် အလွယ်တကူ ချဉ်းကပ်လာနိုင်စေ၍ သာနာညီမျှမှုရှိကာ ပိုမိုသွက်လာအောင် တည့်မတ်ထိန်းကျောင်းပေးခြင်း

တောင်ယာသမားများသည် ကြေး/မြေဌာန သို့မဟုတ် သစ်တောဦးစီးဌာနမှတစ်ဆင့် လုပ်ကိုင်ခွင့်ကိုလျှောက်ထားရာတွင် လက်တွေ့ အခက်အခဲများကို ကြုံခဲ့ရပါသည်။ တောင်သူအဖို့ အချိန်နှင့် ရင်းနှီးငွေ ကြီးမားပါသည်။ ရလဒ်မှာ မသေချာမရေရာဖို့ လုပ်ကိုင်ခွင့်လျှောက်ထားပါ စိတ်ပျက်အားလျော့လာကြပါသည်။ အဆိုပါလုပ်ငန်းစဉ်များသည် ပို၍ရိုးရှင်းမြင်း၊ သွက်လက်ခြင်းနှင့် ဌာနရော တောင်သူပါ လက်တွေ့ လုပ်ကိုင်နိုင်ခြင်းတို့ ရှိရပါမည်။ အမျိုးသမီးများနှင့် ဆင်းရဲသားများပါ စွမ်းရည်မြင့်မားလာရန် လုပ်ငန်းစဉ်များသည် သာနာညီမျှမရှိဖို့ လိုပါသည်။ ယင်းလုပ်ငန်းစဉ်တွင် အမျိုးသားများသာမက အမျိုးသမီးများပါ မြေယာပိုင်သ အိမ်ထောင်ဦးစီးအဖြစ် ရှင်းလင်းစွာ ဖော်ကုတ်ပေးထားခြင်းနှင့် ဆင်းရဲသားအိမ်ထောင်စုများလည်း လက်လှမ်းမီစေခြင်းတို့ ပါပင်ရပေမည်။ ပါဝင်ပတ်သက်သူအားလုံးသည် အတူတကွလုပ်ဆောင်ရင်း CFC နှင့် ကြေး/မြေမှတစ်ဆင့် မြေယာမှတ်ပုံတင်ခြင်းကို ပြန်လည်သုံးသပ်ကာ ထိုလုပ်ငန်းစဉ်များ၏ ထိရောက်မှုနှင့် သာနာညီမျှမှ တိုးတက်မှ အကောင်းဆုံးဖြစ်ရန်နှင့် အသေးစားတောင်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းအတွက် ကုန်ကျစရိတ်လျှော့ချ၍ အကျိုးအမြတ်တိုးလာစေရန် မည်သို့လုပ်ဆောင်ရမည်ကို နားလည်အောင်ကြိုးစားပေးရန်လိုပါသည်။

၎င်းလုပ်ငန်းစဉ်များကို မှန်မှန်ကန်ကန်နှင့် သွက်လက်ချောမောစွာလုပ်ဆောင်နိုင်ရန် သစ်တောဦးစီးဌာနနှင့် ကြေး/မြေဌာနဝန်ထမ်းများ၊ ကျေးရွာနှင့် မြို့နယ်အကြီးအမှူးများ၊ အကူအညီပေးနေသော NGO များ အားလုံးကို စွမ်းရည်တည်ဆောက်ပေးမှုလိုပါသည်။ အဆိုပါ လုပ်ငန်းစဉ်များအဆင့်ဆင့်နှင့် လျှောက်ထားရမည့် ကိစ္စများသိလာရန်နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်တတ်သော အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများကို မြှင့်တင်အားပေးရန် ဆောင်ရွက်ရပါမည်။

## ၂(ဂ)။ ထုံးတမ်းစဉ်လာမြေယာစနစ်နှင့် အလှည့်ကျမြေလုပ်ပေးမြင်းကို စိုက်ပျိုးနည်းစနစ်တစ်ခုအဖြစ် ထောက်ခံအတည်ပြုပေးနိုင်ရန်နှင့် အရင်ဒေသနှင့် လျော်ညီစွာ မြန့်ကျက်လုပ်ဆောင်ရသော တောင်ယာစနင်ကို ထောက်ပံ့မှုရနိုင်ရန် မြေယာလုပ်ကိုင်ခွင့်လုပ်ငန်းစဉ်နှင့် မူဘောင်သင်များ ချမှတ်ခြင်း

မြေယာလုပ်ကိုင်ခွင့်လုပ်ငန်းစဉ်နှင့် မူဘောင်သစ်တစ်ခုကို ချမှတ်၍ ကျယ်ပြန့်ပြီး ပြောင်းလွယ်ပြင်လွယ်မရှိနိုင်သော ဒေသအလိုက် မြေယာစီမံခန့်ခွဲမှုစနစ်များကို ဆောင်ရွက်နိုင်စေရပါမည်။ အလားတူပင်ထုံးတမ်းစဉ်လာ မြေယာစည်းကမ်းများကိုလည်း တရားဝင်လက်ခံနိုင်စေသော မူဘောင်များပါဝင်သင့်ပါသည်။ ၎င်းလုပ်ငန်းစဉ်၏သတ်မှတ်ချက်များတွင် မြေယာစီမံခန့်ခွဲမှုအား စိုက်ပျိုးရေးနှင့် သစ်တောအား လိုအပ်သလို အလှည့်ကျပြောင်းလဲ ပေးနိုင်ခွင့်ရှိရပါမည်။ ထို့ပြင်မြေယာအသုံးချမှု ဆုံးဖြတ်ချက်များကိုလည်း အရပ်ဒေသအလိုက် ချမှတ်နိုင်စေရပါမည်။ မူဘောင်သစ်တစ်ရပ်သည် မြေအသုံးချမှုပုံစံသစ်တစ်ခုကို အသိအမှတ်ပြုပေးနိုင်သော ပေါ်လစီလည်းလိုအပ်ကောင်း လိုအပ်ပါမည်။ ဥပမာ အထွေထွေအသုံးပြုရေး၊ စိုက်ပျိုးရေးနှင့် သစ်တောအလှည့်ကျအသုံးချရေး သို့မဟုတ် မြေအမျိုးအစားတစ်ခုခုဖော်ထုတ် သတ်မှတ်ရေး စသည်တို့ ဖြစ်ပါသည်။ (အပိုင်း စ နှင့် အထက်ကို ကြည့်ရှုနိုင်ပါသည်)။

ပေါ်လစီချမှတ်သူများနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်နေသူများသည် အလှည့်ကျမြေလုပ်ထားခြင်းကို ခိုင်မာသော စိုက်နည်းစနစ်တစ်ခုအဖြစ် အသိအမှတ်ပြုပေးသင့်ပါသည်။ ပေါ်လစီဦးကည်ရာကို **"အမြဲထမ်း ရွှေ့ပြောင်း တောင်ယာစနစ် ပြုလုပ်ရေးမှ အလှည့်ကျမြေလုပ်ခြမ်းစနစ်နှင့် တောင်ယာစိုက်ပျိုးနည်းစနစ်တို့ကို ထုတ်လုပ်မှု တည်ငြိမ်သမျှတည်ငြိမ်ရေးအတွက် ပံ့ပိုးရေး"** ဆီသို့ ပြောင်းရွှေ့ပေးသင့်ပါသည်။ တောင်ယာစီမံခန့်ခွဲမှုသည် မြေလုပ်ခြင်းနှင့် မီးရှို့မြင်းပါသည်ဖြစ်စေ၊ မပါလျှင်ဖြစ်စေ၊ **"ဘက်စုံသီးနှံနှင့် ထင်းတောစနစ်"** ပေါ်လစီနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ချဉ်းကပ်မှုများသည် တောင်ယာခုတ်လုပ်ကိုင်သူများ၏ ရိုးရာဇဟုသုတ၏တန်ဖိုးကို အသိအမှတ်ပြုသင့်ပါသည်။ တောင်ပေါ်ဒေသစိုက်ပျိုးနည်းပညာများကို အရှိန်တိုးမြင့်ဆောင်ရွက်မြင်းကို စနစ်ကားပြောင်းလာသောကာလနှင့် မြေယာများခက်ခဲရှားပါးလာသော တိုက်ဆိုင်မှုအခြေအနေ၌ ဆောင်ရွက်နေ ကြပါသည်။ တောင်ယာစနစ်သည် တိုးတက်သောထုတ်လုပ်မှုကို အစဉ်ထိန်းထားနိုင်ရန် တောင်သူကကိုယ်ပိုင် တီထွင်ကြံဆ လုပ်ကိုင်နေပေရာ ယင်းကို၏လုပ်ဆောင်ချက်များသည် နည်းပညာနှင့် လုပ်ကိုင်ခွင့်အထောက်အပံ့ များရနိုင်သော လမ်းစများ ဖြစ်သင့်ပေသည်။

## ၂(ဃ)။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့်ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်အသုံးချ လာစေခြင်းနှင့် အခိုင်အမာပြုပေးခြင်း

၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေ၏ ဖွင့်ဆိုပြဋ္ဌာန်းချက်မှာ လယ်ယာစိုက်ပျိုးနေသော တောင်သူအား ထိုလယ်မြေမှ ဖယ်ရှားခြင်းမပြုနိုင်သလို ၎င်း၏လယ်လုပ်ကိရိယာပစ္စည်းများကိုလည်း သိမ်းဆည်းပိုင်ခွင့် မရှိပေ။ ၎င်းဥပဒေကို ခိုင်မာစေ၍ လယ်စပါးစိုက်ပျိုးရေးတွင်သာမက တောင်ယာစနစ်နှင့် လုပ်မြေအပါအဝင် တောင်ယာလုပ်ငန်းတွင်လည်း ကျင့်သုံးစေသင့်ပါသည်။ ၎င်းကို စိုက်ပျိုးမြေအဖြစ် သတ်မှတ်သော မြေယာတွင် ကျင့်သုံးသော်လည်း စိုက်ပျိုးမြေ သို့မဟုတ် သစ်တောမြေအဖြစ် သတ်မှတ်ချက်များရှိစေကာမူ

မြေလုပ်ထားသော ကောင်ယာလုပ်ငန်းပါ ပါပင်အောင်တိုးချဲ့ကျင့်သုံးသင့်ပါသည်။ ထိုမှသာ စိုက်ပျိုးနိုင်သော မြေရိုင်းအယာန်းအစားမှ တောင်ယာလုပ်မြေတို ဖယ်ထုတ်ထားနိုင်သော အကျိုးသက်ရောက်မှုရှိစေတော လုပ်ငန်းရှင်များအား မြေယာချထားပေးခြင်းမှ လွတ်တင်းသွားစေနိုင်ပါသည်။

## ၂(ဂ)။ မြေပွက် မြေလင် မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များဆိုင်ရာ ညွှန်ကြားချက်များ၏ အကျိုးသက်ရောက်မှုများနှင့် ရိုက်ခတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း

၁၉၉၀ ခုနှစ် မြေရိုင်းညွှန်ကြားချက်များသည် ဆယ်စုနှစ်နှစ်ခုစာမျှ အကျိုးသက်ရောက်မှုရှိခဲ့ပေရာ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကနှင့် ချိတ်ဆက်၍ မြေယာမြောက်မြားစွာတို စီးပွားရေးအကျိုးအမြတ်အလို့ငှာ ချထားပေးခဲ့ပါသည်။ ယနေ့ထိ ဤညွှန်ကြားချက်များ၏ အဓိကအကြောင်းကို ပြန်လည်မသုံးသပ်ရသေးပေ။ ညွှန်ကြားချက်၏ ရည်ရွယ်ချက်မှာ ပုဂ္ဂလိကကဏ္ဍကိုစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရေး၌ ပါဝင်လာစေခြင်းဖြင့် မြေတစ်ယူနစ်ပေါ်မှ ထုတ်လုပ်မှုတိုးတက်လာစေရန် ဖြစ်ပါသည်။

အချို့တစ်ခုများတွင် စီးပွားရေးလုပ်ငန်းကြီးများသို့ ချပေးထားသောမြေကို အသုံးချစိုက်ပျိုးခြင်း မရှိသေးကြောင်း အရိပ်လက္ခဏာများ တွေ့နေရပေရာ စိုက်ပျိုးမှုဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းများ၊ အသုံးမချရာရောက်ပါသည်။ ထို့အပြင် မြေယာချထားမှုသည် အသေးစားတောင်သူများအဖို့ မြေယာဆုံးရှုံးစေသောအကြောင်း တစ်ရပ်ဖြစ်ပေရာ စစပေါင်းစိုက်ပျိုးထုတ်လုပ်မှုသည် တုံ့ဆိုင်းစေပေသည်။ မြေရိုင်းညွှန်ကြားချက်၏ လူမှုရေးနှင့် ပတ်ဝန်းကျင်အပေါ် ရိုက်ခတ်မှုတို့စီစစ်အကဲဖြတ်၍ ဤနည်းဗျူဟာတို စီးပွားဖြစ်ထုတ်လုပ်မှုစပ်းရည်၊ ပတ်ဝန်းကျင်နှင့် အသေးစားတောင်သူများအပေါ် ရိုက်ခတ်နိုင်မှုကိုကို သုံးသပ်ကြည့်သင့်ပေသည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်သို့ ရောက်ရှိရန် ဤညွှန်ကြားချက်များက အကျိုးသက်ရောက်စေခဲ့သော အတိုင်းအတာများနှင့် ပန်းတိုင်ဘို့ မရောက်သေးသဲရှိနေလျှင်လည်း လက်လျှော့ပျက်ပျယ်စေသည့် အတိုင်းအတာများကို အဆိုပါသုံးသပ်ချက်က ဆန်းစစ်ပေးနိုင်ပေလိမ့်မည်။

ဤညွှန်ကြားချက်သည် စတေးကြီးသော စီးပွားရေးတခွဏီများတို ဦးတည်မြင်းဖြစ်၍ ၎င်းလုပ်ငန်းရှင်တို့တို မြေယာအများအပြားချထားပေးခဲ့သည်။ ၎င်းသည် အသေးစားတောင်သူတို့၏ တုတ်လုပ်မှုစွမ်းအားနှင့် အပြည့်အပမဆက်စပ်မိသေးပေ။ မြေရိုင်းညွှန်းကြားချက်များအရ မြေယာမဲ့သူနှင့် မြေယာနည်းသူတို့တို မြေယာများဝေမြမ်းရေးတို အားပေးသျှင်ဝင် အဖြူသဘောဆောင်နေပြီး ဖြစ်ပါသည်။

## ၃။ NGO/UN လုပ်ဆောင်ချက်များနှင့် ပတ်သက်၍

## ၃(က)။ တောင်တန်းဒေသရှိ စားဝတ်နေမှု ဖူဝုံရေးစီမံကိန်းများထဲသို့ မြေယာလုပ်ကိုင်ခွင့် အခွင့်အရေးကိစ္စကို ထည့်သွင်းဆောင်ရွက်ခြင်း

စိတ်ပျိုးမှုအသက်မွေးဝမ်းကျောင်း တိုးတက်ကောင်းမွန်ရေးအတွက် မြေယာလုပ်ကိုင်ခွင့်သည် အသည်းအသန်အရေးကြီးသော အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ထို့ကြောင့် တောင်ပေါ်ဒေသစီမံကိန်းများ ချမှတ်ရာတွင် မြေယာလုပ်ကိုင်ခွင့်အပေါ် ရိုက်ခတ်ပတ်သက်လာနိုင်မှုကို ထည့်သွင်းစဉ်းစားထားရန်လိုပါသည်။ မြေယာလုပ်ကိုင်ခွင့်ခိုင်မာရေးကိုအားပေးသော လုပ်ဆောင်ချက်များကိုသာ ရှင်းရှင်းလင်းလင်းထည့်သွင်းထားဖို့လိုသည်။ မြေယာလုပ်ကိုင်ခွင့်အတွက် NGO တ လုံ့ဆော်ပေးသော မဟာဗျူဟာများကို စံတိုင်ကျင့်သုံးရာတွင် အခြေခံထားရမည့်အချက်များကို ရှင်းလင်းပြတ်စွာ နားလည်ထားရန်လိုပါမည်။ ၎င်းတို့မှာဒေသအခြေအနေနှင့် နောက်ခံအကြောင်းရင်းများ၊ စွန့်စားရမှုနှင့် အခွင့်အလမ်းများ၊ အမျိုးသမီးများနှင့် ဆင်းရဲသားများအတွက် သာနာညီမျှသော ရလဒ်များအပေါ် အကျိုးယုတ်စေမည့် အလားအလာများစသည်တို့ဖြစ်ပါသည်။ မြေယာလုပ်ကိုင်ခွင့်အာမခံချက်သည် သာနာညီမျှမှုရှိရေး၊ ဒေသအခြေအနေနှင့် ကိုက်ညီရေးနှင့် သဘာဝပတ်ပန်းကျင် ရေရှည်ဘည်တန်ရေး စသောအချက်များ သေချာပေါက်ပါဝင်စေရပါမည်။ ရှင်းရှင်းလင်းလင်းလေ့လာမှုနှင့် လုပ်ဆောင်မှုများမြင့် မြေယာလုပ်ကိုင်ခွင့်ရရှိရန် ချဉ်းကပ်မှုများကို လိုက်လျောညီထွေစွာဖြင့် စီမံကိန်းများချမှတ်ရပေမည်။

## ၃(ခ)။ မြေယာလုပ်ပိုင်ခွင့်လေ့စည်းမျဉ်းများသည် သာနာညီမျှမှုရှိ၍ ရေရှည်တည်တန့်မှုရှိရန် အခိုင်အမာပြုပေးခြင်း

ရေရှည်တည်တန့်နိုင်သော မြေယာအာမခံချက်များရရေး၊ ဒေသနှင့် လျော်တန်သင့်မြတ်ရေး၊ သာနာညီမျှမှုရရှိရေးစသော ရည်ရွယ်ချက်များနှင့်အညီ မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာ ချဉ်းကပ်မှုများကို သင့်မြတ်အောင် စီမံခန့်ခွဲရာထွင် ချမှတ်ယာသော စီမံကိန်းများသည် ရှင်းလင်းလွယ်ကူစွာမြင့် အတောင်အထည်ဖော်နိုင်သော လုပ်ငန်းစဉ်များတို့ ချမှတ်ရန်လိုအပ်ပါသည်။

## ၄။ ပုဂ္ဂလိက ကဏ္ဍနှင့်စပ်လျဉ်း၍

## ၄(က) အသေးစားတောင်သူလယ်သမားများကို အလေးပေးထည့်သွင်းစဉ်းစားထားသော နည်းလမ်းဖြင့် ပုဂ္ဂလိကကဏ္ဍက ငှားရင်းလုပ်ကိုင်မှု

ယခုအခါ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍသည် ခနအင်အားကို မြှုပ်နှံ၍မြေယာများတိုးပွားလာခြင်းမြင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုကဏ္ဍတွင် ဦးဆောင်အင်အားစုကြီးတစ်စု ဖြစ်လာပါသည်။ ပုဂ္ဂလိကကဏ္ဍသည် အသေးစားတောင်သူများနှင့် ငှားရမ်းလုပ်ကိုင်ရာတွင် တောင်သူအတွက် စွန့်စားရမှုအနည်းဆုံးနှင့် အကျိုးအမြတ်အများဆုံး ရစေသောနည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါသည်။ လယ်သမားရော စက်ရုံလုပ်ငန်းပါ အကျိုးအမြတ် အများဆုံးရစေပြီး ပုဂ္ဂလိကကဏ္ဍတွင် အသေးစားတောင်သူများ အတိုးရိုရိုပါဝင်လာစေသော အကောင်းဆုံးကန်ထရိုက်

စိုက်ပျိုးရေးစနစ်ကိုရေးဆွဲ၍ တိုးတက်အောင်ပြုပြင်သွားက ပျံ့နှံ့အောင် ဆောင်ရွက်သွားသင့်ဝါသည်။ ကန်ထရိုက်စိုက်ပျိုးရေးဖြင့် အကျိုးပြုနိုင်သော အခြေအနေနှင့် ဤအခြေအနေကို အစိုးရနှင့် ပုဂ္ဂလိကတို့က ပူးပေါင်းတည်ဆောက်ပေးနိုင်ရေးကိုလည်း ရှင်းရှင်းလင်းလင်းသဘောပေါက် နားလည်ထားဖို့လိုပါသည်။

## ၄(ခ)။ ပုဂ္ဂလိကကဏ္ဍနှင့်ပတ်သက်သော ထိန်းကျောင်းခြင်း အစီအမံများကို ခိုင်ခံ့စေခြင်း

စွမ်းဆောင်ရည်ကောင်းသော ဈေးကွက်စီးပွားရေးစနစ်အောက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကိုရောက်ရန် ပုဂ္ဂလိကကဏ္ဍကို ထိန်းကျောင်းတည့်မတ်ပေးဖို့လိုပါသည်။ အကြီးစားစိုက်ပျိုးရေးလုပ်ငန်းကို အလုံးစုံလွှမ်းခြုံထားသော မြေအသုံးချရေးစီမံကိန်းနှင့် အညီဆောင်ရွက်စေ၍ တာဝန်ခံနိုင်မှု၊ သာနာညီမျှမှုနှင့် ပွင့်လင်းရိုးသားမှုတို့ဖြစ်လာအောင် အားပေးရပါမည်။ မြေယာချထားခြင်းနှင့် အသုံးချခြင်းတို့တွင် ပုဂ္ဂလိကကဏ္ဍဝင်ရောက်လုပ်ကိုင်လာမှု၊ တောင်သူများအား ၎င်းတို့ဒေသရိုးရာလုပ်ကိုင်မှုနှင့် လုပ်နည်းလုပ်ဟန်လိုကြောင်း အကြံပြုအပ်ပါသည်။ ဤစနစ်များတွင် ပုဂ္ဂလိကကဏ္ဍ၊ အသေးစားတောင်သူနှင့် အစိုးရတို့အကြား အပြန်အလှန် အကျိုးပြုနိုင်သော နည်းလမ်းများကို လေ့လာစိစစ်ပြီး ချမှတ်ပေးရန်သင့်ပါသည်။ ပုဂ္ဂလိကကဏ္ဍအနေနှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများဖြစ်သော တာဝန်ခံနိုင်မှုနှင့် သာနာညီမျှမှုများနှင့် အညီ မိမိကိုယ်ကိုထိန်းကျောင်းသော နည်းလမ်းများဖြင့် ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ဝေးသင့်ဝေသည်။ ကမ္ဘာ့ဈေးကွက်တွင် မိမိတို့၏ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်လာအောင် ဆောင်ရွက်သင့်ပေသည်။

## ၅။ စဉ်ဆက်မပြတ်သင်ယူခြင်း။

### ၅(က)။ တောင်ယာစိုက်ပျိုးသူများ၏ အခြေအနေ၊ တီထွင်ကြံဆမှုစိုက်ပျိုးများနှင့် ၎င်းတို့အား တိုးတက်လာအောင် မည်သို့ကူညီပေးသင့်သည်ဆိုသော ကိစ္စရပ်များတွင် အတူတွဲဖက်လုပ်ကိုင်ရင်း အောက်ခြေထိနားလည်အောင် ကြိုးပမ်းခြင်း။

ရေရှည်တည်တန့်သော အလှည့်ကျလုပ်မြေစနစ်နှင့် အထွက်တိုးသောတောင်ယာစိုက်ပျိုးနည်းစနစ်တို့ကို ဖွံ့ဖြိုးအောင်နည်းပညာနှင့် ခေါ် လစီအထောက်အပံ့များပေးရာတွင် တောင်သူများ ကျင့်သုံးနေသည့် နည်းလမ်းများ၊ အဘယ်ကြောင့် ၎င်းတို့ကို ရွေးချယ်နေရသည်နှင့် မည်သည့်အခြေအနေမျိုးကို ရင်ဆိုင်နေရသည်ဆိုသော အကြောင်းအရာတို့ကို ဦးစွာနားလည် သဘောပေါက်ထားဖို့ လိုပါသည်။ တောင်သူများ၊ အစိုးရဌာနများနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းတို့ အတူတွဲဖက် လုပ်ဆောင်လာပါမှ အပြောင်းအလဲဖြစ်နေသော တောင်ယာစနစ်ကို နားလည်ပြီး မည်သို့ထောက်ပံ့ကူညီရမည်ကို သိရှိလာနိုင်မါသည်။ ထို့ကြောင့် မြန်မာ့တောင်တန်းဒေသ၌ ကျင့်သုံးနေသော စနစ်များနှင့် အခြေအနေတို့ကို ကွဲပြားသော လူမျိုးစုအဖွဲ့ ဂေဟစနစ်အမျိုးမျိုးနှင့် နောက်ခံသမိုင်းကြောင်းများအရ ထိုးဖောက်လေ့လာသော သုတေသနလုပ်ငန်းများကို ပူပေါင်းဆောင်ရွက်သင့်ပါသည်။ အဓိပ္ပာယ်ရှိ၍ လက်တွေ့အသုံးချနိုင်သော ရလဒ်များရရှိစေရန် သုတေသနလုပ်ငန်းသည် အတူပူးပေါင်းရုံမက ကာယကံရှင်တောင်သူများပါ ပါဝင်လာစေ၍ တွဲဖက်ပါဝင်သူအားလုံးကို လေးစားမှုနှင့် တန်ဖိုးထားသော စုံစမ်းလေ့လာမှုများဖြစ်သင့်ပါသည်။ ဤကဲ့သို့သော သုတေသနမျိုးကို အကြံပြုချက် ၁(က)၌ ဖော်ပြပါ နိုင်ငံလုံးဆိုင်ရာ လုပ်ငန်းအဖွဲ့ (သို့မဟုတ်) ဒေသအလိုက် ပြည်သူ့အမြင်များ စစည်းရာဌာနတို့က လမ်းညွှန်မပြု၍ဖြစ်စေ (သို့မဟုတ်) အပြန်အလှန်အသိပေး၍ဖြစ်စေ ဆောင်ရွက်သင့်ပါသည်။

ရှေ့ဆက်ပြီး ပူးပေါင်းလေ့လာသင့်သောလုပ်ငန်းခေါင်းစဉ်များမှာ အောက်ပါတို့လည်း ပါပင်ပါသည်။

- လူမျိုးစုအဖွဲ့အမျိုးမျိုးနှင့် စိုက်ပျိုးရေးဂေဟစနစ်အလိုက် ရိုးရာစဉ်လာမြေယာအသုံးချမှုနှင့် မြေယာလုပ်ကိုင်မှုစနစ်များ၊ ၎င်းတို့ပြောင်းလဲလာပုံများ၊ အခြေအနေသစ်တွင် လိုက်လျောညီထွေမှုပြုမှုများ
- တောင်ယာစီမံခန့်ခွဲမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် တောင်သူ၏ ထိုးထွင်းကြံဆမှုများ
- ယဉ်ကျေးမှုစနစ်အမျိုးမျိုးတွင် အမျိုးသမီးနှင့်မြေယာအခြေအနေ၊ နေရာဒေသအလိုက် အဟန့်အတား များကြားတွင် အမျိုးသမီးများ မြေယာရယူနိုင်မှုရှိမရှိ
- တောင်ပေါ်ဒေသတွင် ကန်ထရိုက်စိုက်ပျိုးရေးကို မည်သို့လုပ်ဆောင်သင့်သည့် အခြေအနေအမျိုးမျိုးနှင့် အစီအမံအမျိုးမျိုးတွင် မည်သည့်လုပ်နည်းလုပ်ဟန်က အကောင်းဆုံးဖြစ်မည်ဆိုသော စူးစမ်းလေ့လာမှုများ

ဖြစ်ရပ်မှန်လေ့လာမှု သုတေသနသည် ရိုးရာအစဉ်အလာစနစ်ကို ထိုးဖောက်စူးစမ်းကြည့်နိုင်ရုံမက ပြုပြင် ပြောင်းလဲမှုများ ဝင်လုပ်၍ အကျိုးရှိမရှိနှင့် လက်ရှိစီးပွားရေးဖွံ့ဖြိုးမှုဆောင်ရွက်ချက်များ၏ ရိုက်ခတ်မှုအခြေအနေ မည်သို့ရှိနိုင်သည်တို့ကိုပါ ဖော်ထုတ်ပေးနိုင်ပါသည်။ ရှေ့ပြေးစီမံကိန်းများ (အပိုင်း ၅(ခ) ကို ကြည့်ပါ) နှင့် ဒွန်တွဲ၍ အကောင်အထည့်ဖော်ကြည့်မှုကို ဦးတည်သော ဖြစ်ရပ်မှန်လေ့လာမှုသည် အထွက်တိုးအောင်အားထည့်ဆောင်ရွက်သော စိုက်ပျိုးနည်းစနစ်၏နည်းပညာနှင့် လူမှုရေးဆိုင်ရာကဏ္ဍကိုပါ သုံးသပ်ပြီး မြေယာလုပ်ကိုင်ခွင့်လုပ်ငန်းစဉ်များသည် ၎င်းတို့ကိုအထောက်အကူဖြစ်မဖြစ် ဆန်းစစ်ကြည့်လျှင် နောင်တွင် ပါဝင်လုပ်ကိုင်မည့်သူများကို သင်ခန်းစာများဝေးနိုင်ဝါလိမ့်မည်။

နိုင်ငံအလိုက်ဒေသတွင်း နှိုင်းယှဉ်လေ့လာမှုများသည် အကျိုးများပါမည်။ မြန်မာနိုင်ငံ၏တောင်ပေါ်ဒေသ ပြဿနာများကို အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီယားစသော အိမ်နီးချင်းနိုင်ငံများနှင့် တူညီမှုများ ကွဲလွဲမှုများအလိုက် သုံးသပ်ကြည့်နိုင်သည်။ မြေယာလုပ်ကိုင်မှုစနစ်နှင့် တောင်ပေါ်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံအလိုက်ဆောင်ရွက်နေခြင်းမှ ထွက်ပေါ်လာသော အကျိုးနှင့် အပြစ်များကို လေ့လာကြည့်ဖို့သင့်ပါသည်။ သင်ခန်းစာကောင်းများ ထုတ်နုတ်နိုင်ပါသည်။

## ၅ (ခ)။ အလုပ်လုပ်ရင်း သင်ယူမှုအတွက် ရွှေ့ပြောင်းစီမံကိန်းများ အကောင်အထည်ဖော်ခြင်း

ဖြစ်ရပ်မှန်လေ့လာမှုနှင့် ဒွန်တွဲ၍ ရွှေ့ပြောင်းစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ပါသည်။ နည်းစနစ်အမျိုးမျိုးနှင့် မြေယာလုပ်ကိုင်ခွင့်ပုံစံများကို စမ်းသပ်လုပ်ကိုင်ကြည့်နိုင်ပါသည်။ ရလဒ်များကို ခွဲခြားစိတ်ဖြာကြည့်၍ သင်ခန်းစာများကို ထုတ်နုတ်ခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်အကောင်အထည်ဖော်ခြင်းတို့ကို စီမံကိန်း၏ အစိတ်အပိုင်းအလိုက်ဆောင်ရွက်သွားနိုင်ပါသည်။ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းစနစ်နှင့် အဆိုပါ ရွှေ့ပြောင်းစီမံကိန်းသည် စံပြမြေယာလုပ်ကိုင်ခွင့်စနစ်၏ တစ်စုတစ်စည်းသော အတွဲလိုက်နည်းထမ်းများကို စိတ်ကြိုက်ရှာဖွေ ဖော်ထုတ်နိုင်ပါသည်။ ဤရွှေ့ပြောင်းစီမံကိန်းသည် ရွှေ့ပြောင်းတောင်ယာစနစ်၏ အားသွန်ခွန်စိုက်လုပ်ကိုင်သော နည်းပညာများနှင့် တစ်ဦးချင်းတစ်ယောက်ချင်းနှင့် စနစ်များ၏ အကျိုးသက်ရောက်မှုနှင့် လက်တွေ့ဆောင်ရွက်နိုင်မှုတို့ကို ရှာဖွေပေးရမည် ဖြစ်ပါသည်။ သို့မှသာ မြန်မာ့တောင်တန်းဒေသ၌ ရေရှည်တည်တန့်သော ဘက်စုံသီးနှံသစ်တော အခြေပြုဒေသခံလူအစုအဖွဲ့စည်းများကို ထူထောင်ပေးနိုင်ရေးသို့ ရွှေ့ရှုစေပါမည်။

## ၆ ။ ပါရာဒိုင်း အရွှေ့အပြောင်း

အသေးစားတောင်ယာလုပ်ကိုင်သူများနှင့် ၎င်းတို့၏ခေတ်မီ စိုက်ပျိုးရေးဖွံ့ဖြိုးမှုသို့ တက်လှမ်းနိုင်သော လမ်းကြောင်းသစ်များကို နားလည်၍ပြုပြင်လာခြင်းဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးသောပန်းတိုင်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ပြီး ရလာသော အကျိုးကျေးဇူးများကို ပါဝင်ပတ်သက်သူအားလုံး ခံစားကြရပါမည်။

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အသေးစားတောင်သူများနှင့် အားကြိုးမာန်တက် ဝိုင်းဝန်းလုပ်ဆောင်ရေးကို တောင်ပေါ်ဒေသတွင်သာမက နိုင်ငံတွင်းဒေသအားလုံးပါမကျန် အလေးထားပေးဖို့လိုအပ်ပါသည်။ ဤနည်းသည်သာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရေးအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်ပြီး နိုင်ငံသားအားလုံးသည် ၎င်းတို့၏ စားဝတ်နေရေးအတွက် တူညီသောအခွင့်အရေးများ ရရှိလာနိုင်ကာ အေးချမ်းသာယာ၍ စည်ကမ်းရှိသော ဒီမိုကရေစီဖြင့် စည်ပင်ဖွံ့ဖြိုးသော နိုင်ငံတည်ဆောက်လာရေးကို စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်လာကြနိုင်မည် ဖြစ်ပါသည်။

### မြန်မာပြန်ဆိုသူ၏ ဖြည့်စွက်ချက်

၁။ အခန်း ၆ (၃) ထတိထမြောက်စာပိုဒ်အတွထ် ကိုးကားချက်၊ စိုက်ပျိုးရေးပဟာစီမံကိန်း (၂၀၀၀ - ၂၀၀၁ ခုနှစ်မှ ၂၀၃၀ - ၂၀၃၀ ခုနှစ်အထိ)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ (၁၂) ရက်၊

၂။ အခန်း ၆(၂) ပဉ္စမမြောက်စာပိုဒ်အတွက် ကိုးကားချက်၊ သစ်တောရေးရာဝန်ကြီးဌာန၊ အမျိုးသားသစ်တောကဏ္ဍာပင်မစီမံကိန်း (၂၀၀၁ - ၂၀၀၂ ခုနှစ်မှ ၂၀၃၀ - ၂၀၃၀ ခုနှစ်အထိ)၊ အတွဲ (၀)၊ ၂၀၀၀ ခုနှစ်၊ ဇွန်လ

# ကျမ်းကိုးစာရင်း


Aryal, K.P. and E.E. Kerkhoff. 2008. *The right to practice shifting cultivation as a traditional occupation in Nepal*. Kathmandu: International Labor Office.

Aung Tun, Sai. 2009. *History of the Shan State: From its origins to 1962.* Chiang Mai: Silkworm Books.

Bryant, Raymond. 1997. *The Political Ecology of Forestry in Burma*. London: C. Hurst and Co.

Cairns, M. and D.P. Garrity. 1999. "Improving shifting cultivation in Southeast Asia by building on indigenous fallow management strategies," in *Agroforestry Systems* 47, pp. 37-48.

Central Statistical Organization (CSO), Ministry of National Planning and Economic Development, Government of the Union of Myanmar. 2009. "5.01: Area classified by type of land," in *Statistical Yearbook 2008,* p 84.

Cotula, Lorenzo, ed. March 2007. "Changes in 'customary' land tenure systems in Africa." International Institute for Environment and Development and the Food and Agriculture Organization.

Department of Agricultural Planning (DAP), Ministry of Agriculture and Irrigation, Government of the Union of Myanmar. 2008. *Myanmar Agriculture in Brief.*

_____. 2010. *Myanmar Agriculture in Brief.*

EcoDev. April 2008. *The Result of Impact Monitoring and Assessment 2008 (Final Report)*. Yangon: the Human Development Initiative of the United Nations Development Program in Myanmar.

European Union. 2004. "EU Land Policy Guidelines: Polices for support to land policy design and land policy reform processes in developing countries." http://ec.europa.eu/development/icenter/ repository/ EU_Land_Guidelines_Final_12_2004_en (accessed October 2010).

Food and Agriculture Organization (FAO). 2002. *FAO Land Tenure Studies 3: Land Tenure and Rural Development.* Rome: Food and Agriculture Organization.

____. Jan 2007. *Identification and Assessment of the Poor, Food Insecure and Vulnerable in the Union of Myanmar.* GCP/INT/952/EC-MYA (8). European Community and Food and Agriculture Organization Cooperative Program.

FAO and United Nations Development Programme (UNDP). 2004. *Myanmar Agricultural Sector Review and Investment Strategy.* Volume 1. Yangon: FAO and UNDP.

Food and Agriculture Organization, Food Security Working Group, and UN Development Programme. 11-12 February 2009. "Stakeholder workshop for community forestry: its experiences and future in Myanmar" (Proceedings of workshop held in Yangon, Myanmar).

Fujisaka, S., L. Hurtado, R. Uribe, 1996. "A Working Classification of Slash-and-Burn Agricultural Systems," in *Agroforestry Systems,* 34: 151-169.

Government of the Union of Burma. 1960. *The Kachin Hills Manual* (as corrected up to 3rd January 1948). Rangoon: Government of the Union of Burma.

Government of the Union of Myanmar. 1993. *Duties and Rights of the Central Committee for the Management of Culturable Land, Fallow Land and Waste Land AND Procedures Conferring the Right to Cultivate Land/Right to Utilize Land.* Notification no. 44/91.

____. May 2008. *Constitution of the Republic of the Union of Myanmar*. Yangon: Ministry of Information, Printing and Publishing Enterprise.

Kerkhoff, E.E. No date. *Debating Shifting Cultivation in the Eastern Himalayas: Farmer Innovations as Lessons for Policy* (Presentation at Sustainable Sloping Lands and Watershed Management Conference). www.nafri.org.la/document/SSLWM/ch1_03_kerkhoff.pdf, (accessed October 2010).

Kerkhoff, E.E. and Sharma, E. eds. 2006. *Debating Shifting Cultivation in the Eastern Himalayas: Farmer Innovations as Lessons for Policy.* Kathmandu: International Center for International Mountain Development.

Kramer, Tom. 2009. *Drug Policy Briefing No 29: From Golden Triangle to Rubber Belt.* Amsterdam: Transnational Institute.

Kyaw Htun, Deputy Director-General, Planning and Statistics Department, Ministry of Forestry. 11-12 February 2009. "Stakeholder Workshop for Community Forestry: Its experiences and future in Myanmar (Opening remarks)." Workshop Proceedings. Yangon: Food and Agriculture Organization, Food Security Working Group, and UN Development Programme.

National Commission for Environmental Affairs Myanmar (NCEA) and Project Secretariat UN Environmental Programme Regional Resource Center for Asia and the Pacific. March 2006. *Myanmar National Environmental Performance Assessment (EPA) Report*. Yangon: Asian Development Bank, Global Environment Facility, and UN Development Programme.

Dr. Nyi Nyi Kyaw, Deputy Director General, Dept. of Forestry, April 7, 2010. Presentation at REOO workshop, Dept. of Forestry and UNDP. Naypyitaw.

Maxwell. D. and K. Weibe. 1999. "Land tenure and food security: Exploring dynamic linkage," in *Development and Change* 30: pp. 825-849.

Raintree, J.B. 1986. "Agroforesty pathways: land tenure, shifting cultivation and sustainable agriculture," in *Unasylva Journal* no 154 http://www.fao.org/DOCREP/50630E/ 50630e02.htm (accessed August 2010).

San Thein, 2008. "Compilation and Synthesis of Legal Framework on Land Tenure in Myanmar: Capacity Building for Food Security Project (DRAFT)."

Schelhaus, B. 1998. *FAO Farm Systems Management Series No. 14: Farming systems approach and post-conflict reconstruction.* Rome: Food and Agriculture Organization.

Settlement and Land Records Department (SLRD), Ministry of Agriculture and Irrigation (MoAI), Government of the Union of Myanmar (GoUM). March 2007. *Report on Myanmar Census of Agriculture 2003 (Union).* Yangon: MoAI.

Steinberg, David. 2001. *Myanmar: The State of Burma*. Georgetown University Press.

Thein Tun, U, director, Project Appraisal and Progress Reporting Department (PAPRD. *Experiences of Myanmar Privatization Program. Presentation of Country Reports.* Naypyidaw: Ministry of National Planning and Economic Development. http://www.csstc.org/reports/egm/P4/Presentation_myanmar.htm (accessed August 2010).

United Nations Development Programme (UNDP). 2007. *Integrated Household Living Conditions Survey*. Yangon: UNDP.

UN-Habitat, UNHCR. 2010. *Guidance Note on Land Issues, Myanmar.* Yangon: UN-Habitat and UN-HCR.

United Nations Interagency Project on Human Trafficiking (UNIAP). March 2009. *Siren human trafficking data sheet, Myanmar.* Yangon: UNIAP.
http://www.no-trafficking.org/reports_docs/myanmar/myanmar_siren_ds_march09.pdf (accessed August 2010)

UN News Centre. 13 September 2007. United Nations adopts Declaration on Rights of Indigenous Peoples. UN News Service.
http://www.un.org/apps/news/story.asp?NewsID=23794&Cr=indigenous&Cr1= (accessed 22 November 2010)

United Nations Office on Drug and Crime (UNODC). October 2006. *Opium Poppy Cultivation in the Golden Triangle: Lao PDR, Myanmar, Thailand.* Bangkok.

Warner, Katherine. 1991. *Community Forestry Note No 8: Shifting Cultivators: Local technical knowledge and natural resource managementi n the humid tropics.* Rome: Food and Agriculture Organization.

World Food Program. May 2010. *An Analysis of the Food Security Situation in Selected Areas Across Kokang.* Yangon: Vulnerability Analysis and Mapping Unit (VAM).

World Food Program and National Nutrition Center. 2005. *Nutrition Survey in WFP Project Areas in Magway, Lashio, Kokang and Wa, April to June 2005.* Yangon: World Food Program Myanmar with technical support from National Nutrition Centre, Ministry of Health.

စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ *(FSWG)* သည် ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသားအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း (၄၇) ဖွဲ့၏ ကွန်ယက်အဖွဲ့ တစ်ခုဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် တိုးတက်ကောင်းမွန်သော နည်းစနစ်များကို လုပ်ကိုင်ဆောင်ရွက်နေပါသည်။ *FSWG* သည် ၎င်း၏အဖွဲ့ဝင်များအား နည်းပညာနှီးနှောဖလှယ်ပွဲနှင့် သင်တန်းများ၊ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ အရင်းအမြစ်များ လက်လှမ်းမီရယူစေခြင်း၊ သင်ယူလေ့ကျင့်မှုနှင့် အမြင်ဖလှယ်မှု ဆက်သွယ်ရေးကိစ္စများ၊ အထောက်အထားကိုအခြေခံသော သုတေသနလုပ်ငန်းနှင့် ထောက်ခံအကြံပြုတင်ပြခြင်းများတွင် အခွင့်အရေးရရှိနိုင်သမျှ ပူးပေါင်းဆောင်ရွက်ခြင်း၊ တာဝန်ခံကိုယ်စားပြုပေးခြင်း စသည့် ပန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းပေးနေပါသည်။

အခန်း ၂၀၅ (ဒုတိယထပ်)၊ တာဝါ "ဘီ"၊ ရိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၅)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ၁၁၀၄၁၊
ဖုန်း - ၀၁ - ၅၂၃ ၉၃၁၀   ၃၄ (လိုင်း၅) ၃၂၀၅
fswg.coordinator@gmail.com
www.myanmarfswg.net